# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၁၀ ရက်၊ စနေနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၁၀]


အရိယ သစ္စာန ဒဿနံ
တေံမင်္ဂလ မုတ္တမံ
သစ္စာလေးပါးကိုသိခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

## ရန်ကုန်တိုင်းဒေသကြီးအတွင်း လူဦးရေသုံးသိန်းကျော်နေထိုင်နိုင်သည့် မြို့ပြနေရာသစ်တစ်ခု ပေါ်ပေါက်လာတော့မည်

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရောဝဏ်-ရတနာအိမ်ရာစီမံကိန်းနှင့် သီလဝါအထူးစီးပွားရေးဇုန်တို့ ကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၈ နာရီ တွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာရာ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ရောဝဏ်-ရတနာ အထပ်မြင့်အိမ်ရာစီမံကိန်း ရှင်းလင်းဆောင်ခန်းမ၌ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးစိုးသိန်း၊ ဦးအုန်းမြင့်၊ ဦးခင်မောင်စိုး၊ ဦးကျော်လွင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ မြို့တော်ဝန် ဦးလှမြင့်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးခင်မောင်စိုး၊ ဦးကျော်လွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မြို့တော်ဝန်တို့က စီမံကိန်းဧရိယာအတွင်း သန့်ရှင်းသည့် သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးနှင့် ပုဂ္ဂလိကကုမ္ပဏီများနှင့် အကျိုးတူလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရောဝဏ်-ရတနာ တန်ဖိုးသင့်အိမ်ရာစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)






## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ရွေးကောက်ပွဲဥပဒေများ လေးစားလိုက်နာ

ကျွန်ုပ်တို့မြန်မာနိုင်ငံ၏ အလှည့်အပြောင်းတစ်ခုဖြစ်လာမည့် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးသည်ကား တဖြည်းဖြည်းနီးကပ်လာပြီ။ ရွေးကောက်ပွဲကြီးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လာမည့်နိုဝင်ဘာ ၈ ရက်တွင် ကျင်းပသွားရန် စီစဉ်ဆောင်ရွက်ထားသည်။ ယခုအခါ မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် မဲဆွယ်စည်းရုံးမှုများ ပြုလုပ်နေကြပြီဖြစ်ပါသည်။ ဤ ၂၀၁၅ အထွေထွေရွေးကောက်ပွဲကြီးအတွက် နိုင်ငံရေးပါတီ ၉၂ ပါတီနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ၁၀၀ ကျော်တို့အပါအဝင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ၁၇၇၂ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၉၁၃ ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်း ၃၅၀၄ ဦး စုစုပေါင်းကိုယ်စားလှယ်လောင်း ၆၁၈၉ ဦးတို့ ပါဝင်ယှဉ်ပြိုင်အရွေးခံရန် မဲဆွယ်စည်းရုံးမှုများ ပြုလုပ်လျက်ရှိပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆွယ်စည်းရုံးရေးကာလကို ရက်ပေါင်း ၆၀ (၈-၉-၂၀၁၅)ရက်နေ့ နံနက် ၆ နာရီမှ ၆-၁၁-၂၀၁၅ ရက်နေ့ ည ၁၂ နာရီအထိခွင့်ပြုထားပါသည်။ ထို့ကြောင့် မဲဆွယ်စည်းရုံးရေးကာလသည် အတော်အတန်ခရီးရောက်ခဲ့ပြီဟု ဆိုနိုင်ပါသည်။ မဲဆွယ်စည်းရုံးရာတွင် ပါတီတစ်ခုနှင့်တစ်ခု ထိခိုက်ပြောဆိုမှုများ မပြုလုပ်မိစေရန် အထူးအရေးကြီးသော ကိစ္စတစ်ရပ်ပင်ဖြစ်ပါသည်။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေ အခန်း(၁၃)၊ ပုဒ်မ ၅၈ တွင် မည်သူမဆို(က) ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးကို မတရားသဖြင့် ရရှိစေရန်သော်လည်းကောင်း၊ ယင်းအခွင့်အရေးကို ရရှိခြင်းအတွက် ကျေးဇူးတုံ့ပြန်သည့်အနေဖြင့်သော်လည်းကောင်း၊ ငွေ၊ ပစ္စည်း၊ အစားအသောက်၊ ရာထူး၊ အလုပ်အကိုင် နေရာပြောင်းရွှေ့မှု သို့မဟုတ် အခြားအခွင့်အရေး တစ်ခုခုကို အသုံးပြုလျက် လာဘ်ပေးခြင်း သို့မဟုတ် လာဘ်ယူခြင်း၊ (ခ) ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးကို လွတ်လပ်စွာ မကျင့်သုံးနိုင်စေရန် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဦးကိုလည်းကောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးဦးကိုသော်လည်းကောင်း ခြိမ်းခြောက်ခြင်း၊ (ဂ)လူမျိုးရေးကိုဖြစ်စေ၊ ဘာသာရေးကိုဖြစ်စေအကြောင်းပြု၍ ဆန္ဒမဲပေးရန်သော်လည်းကောင်း၊ ဆန္ဒမဲမပေးရန်သော်လည်းကောင်း ပြောဆိုခြင်း၊ ဟောပြောခြင်း၊ ကြေညာချက်ထုတ်ပြန်ခြင်း သို့မဟုတ် ယင်းသို့ပြုလုပ်ရန်အားပေးလှုံ့ဆော်ခြင်း၊ (ဃ)ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန် ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာအသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ခြင်း၊ ကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ရန်အားပေးကူညီကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးကို ချမှတ်ရမည်ဟု ဖော်ပြထားပါသည်။

သို့ဖြစ်၍ လွှတ်တော်ကိုယ်စားလှယ်လောင်းများရော မဲဆန္ဒရှင်ပြည်သူများပါ ဥပဒေကို လေးစားလိုက်နာကြရန် အထင်အရှား တွေ့ရမည်ဖြစ်ပါသည်။ မိမိပါတီအနိုင်ရရှိစေရန် မဲဆွယ်စည်းရုံးရာတွင် အခြားပါတီနှင့် လူပုဂ္ဂိုလ်များ ထိခိုက်ပြောဆိုမှုများ မပြုလုပ်မိစေရန် သတိပြုသင့်ပေသည်။ ယခုရွေးကောက်ပွဲကြီးကို လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကြီးဖြစ်ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်၍ အားလုံးက ဥပဒေဘောင်အတွင်းမှ လေးစားလိုက်နာဆောင်ရွက်သင့်ပါကြောင်း ။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# ဒေသန္တရအဆင့် လူမှုကျွမ်းဝင်ရင်းနှီးပေါင်းစပ်မှုစွမ်းရည်များ မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၉**

နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် Search for Common Ground တို့ ပူးပေါင်း၍ ဒေသန္တရအဆင့် လူမှုကျွမ်းဝင်ရင်းနှီးပေါင်းစပ်မှု စွမ်းရည်များမြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲသင်တန်းကို အောက်တိုဘာ ၈ ရက်က နေပြည်တော်ရှိ ဟိုတယ်အမရ၌ ကျင်းပရာ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဇော်ဦးက အဖွင့်အမှာစကားပြောကြားသည်။



ဆွေးနွေးပွဲတွင် တက်ရောက်လာသည့် အဖွဲ့အစည်းများက မြန်မာနိုင်ငံလူမှုကျွမ်းဝင် ရင်းနှီးပေါင်းစပ်မှု မူဘောင်သဘောတရား၊ ရင်းနှီးပေါင်းစပ်မှု၏ အဓိပ္ပာယ်၊ အညွှန်းကိန်းများ၊ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကိုလည်းကောင်း၊ ပဋိပက္ခတားဆီး ကာကွယ်ရေး၊ ပဋိပက္ခဖြစ်လွယ်မှုကို နားလည်သိရှိဆောင်ရွက်ခြင်းနှင့် လူမှုကျွမ်းဝင်ရင်းနှီးပေါင်းစပ်မှုအကြောင်းအရာများအား ရှင်းလင်းဆွေးနွေးပြီး ရှေ့ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

လူမှုကျွမ်းဝင် ရင်းနှီးပေါင်းစပ်မှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းမြှင့်တင်ခြင်း လုပ်ငန်းများကို အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၅ သန်းဖြင့် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်အတွင်း မြို့နယ် ၂၅ မြို့နယ်ရှိ ကျေးရွာပေါင်း ၃၁၃ ရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# နောင်ချိုမြို့ပေါ်ရပ်ကွက်များ မီးထိန်ထိန်လင်းတော့မည်

**နောင်ချို အောက်တိုဘာ ၉**

နောင်ချိုမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်မှူးဦးရဲလင်းကျော် ကြီးကြပ်ကာ ဝန်ထမ်းများက မြို့ပေါ်ခြောက်ရပ်ကွက်လမ်းဘေးရှိ သစ်သားလျှပ်စစ်တိုင်အစား ကွန်ကရစ်ဓာတ်တိုင်များစတင်လဲလှယ်ပေးကြသည်။

ယခုအခါ နောင်ချိုမြို့နယ်၌ လျှပ်စစ်ဓာတ်အားအစဉ်မပြတ်ပုံမှန် ဖြန့်ဖြူးပေးလျက်ရှိပြီး ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ အသုံးပြုကာ လျှပ်စစ်စွမ်းအားဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် လျှပ်စစ်ဓာတ်တိုင်၊ လျှပ်စစ်မီးကြိုးများနှင့် မလွတ်ကင်းသော သစ်ပင်၊ ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းခြင်းများကိုလည်း ဝန်ထမ်းများက ဆောင်ရွက်ကြသည်။

ယခုအခါ နောင်ချိုမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ စီစဉ်ဆောင်ရွက်မှုကြောင့် မြို့ပေါ် ခြောက်ရပ်ကွက်တို့၌ ယခု မီးထိန်ထိန်လင်းနေပြီဖြစ်ကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

▲ *ကျောဖုံးမှ*

ကုန်းလမ်းဆိုလျှင်လည်း ထန်းတပင်မြို့မှ ရွှေပြည်သာမြို့ကိုဖြတ်ကာ မှော်ဘီမြို့ကိုထပ်မံဖြတ်သန်းပြီး မြို့ချောင်းတံတားမှ လှည့်ပတ်၍ သွားလာရသည်။ ထို့ကြောင့် ခရီးသွားလာရေးတွင် အခက်အခဲများစွာဖြင့် အချိန်ကုန်ခဲ့ရသည်။ ထိုအခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် လွှတ်တော်၌ တင်ပြရာ အတည်ပြုပေးခဲ့ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂)က တာဝန်ယူဆောက်လုပ်ခဲ့သည်။

ကုက္ကိုဝတံတား တည်ဆောက်ရေးစီမံကိန်းသည် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်ရှိ လှိုင်မြစ်ကိုဖြတ်သန်း တည်ဆောက်မည့် တံတားတစ်စင်းဖြစ်သည်။ တံတားစီမံကိန်းကို ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်က စတင်တည်ဆောက်ခဲ့သည်။ တံတား၏ အရှည်မှာ ၆၉၄ မီတာရှိသည်။ တံတားအမျိုးအစားမှာ အုတ်မြစ်ဖြစ်ပြီး အပေါ်ထည်မှာ သံမဏိရက်မ၊ သံမဏိသံပေါင်နှင့် သံကူကွန်ကရစ်ကြမ်းခင်းတို့ဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ ယာဉ်သွားလမ်းအကျယ်မှာ ၂၈ ပေဖြစ်ပြီး လူသွားလမ်း အကျယ်မှာ တစ်ဖက်လျှင် သုံးပေပါရှိသည်။

ယာဉ်တစ်စီးခွင့်ပြုသော အလေးချိန်မှာ ၇၅ တန်ဖြစ်၍ တံတားမှာ လှည်းဆိပ်-လမုတန်း-ထန်းတပင် လမ်းပေါ်တွင် တည်ရှိသောကြောင့် ဧရာဝတီတိုင်းဒေသကြီးမှလာသော ခရီးသွားပြည်သူများအနေဖြင့် ရန်ကုန်မြို့၏ ယာဉ်ကြောထူထပ်မှုကို ရှောင်ကြဉ်ကာ ပုသိမ်-ရန်ကုန်လမ်းမှသည် ရန်ကုန်-ထန်းတပင်လမ်းမှ ကုက္ကိုဝတံတားကိုဖြတ်၍ ရန်ကုန်-ပြည် လမ်းမကြီးမှတစ်ဆင့် မှော်ဘီမြို့သို့ မြန်ဆန်စွာသွားလာနိုင်မည်ဖြစ်သည်။ ထို့အပြင် ကုက္ကိုဝတံတားကိုဖြတ်ကာ လှည်းဆိပ်-လမုတန်း-ထန်းတပင်လမ်းမှသည် ဥတို-တော်လတီ-အဖျောက်လမ်းမှတစ်ဆင့် တိုက်ကြီးမြို့သို့ လွယ်ကူစွာ သွားလာနိုင်မည်ဖြစ်သည်။

တံတားကြီးကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ပြီး လက်ရှိတံတားကြီးပြီးစီးမှုအနေအထားမှာ ၆၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း တည်ဆောက်ရေးအဖွဲ့(၂) တံတားဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်လင်းက ပြောကြားသည်။

**မောင်သာဖြန်း(ထန်းတပင်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၉-၁၀-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၈၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၃၈၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၇၉၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၉၀/၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၆၉၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၇ |
| ဥရောပ | တစ်ယူရို | ၁၄၄၇.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၈.၂၄ |
| ထိုင်း | တစ်ဘတ် | ၃၅.၂၆၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၆၀၁ |
| တရုတ် | တစ်ယွမ် | ၂၀၂.၃၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၀.၄၉ |

ခင်ရတနာ-စုစည်းသည်။

❐ ရှေ့ဖုံးမှ

ယင်းနောက် နိုင်ငံတော်သမ္မတက မြို့ပြဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အလုပ်အကိုင်သစ်များ ပေါ်ပေါက်လာပြီး လူဦးရေလည်း တိုးပွားလာပါကြောင်း၊ မြေဧရိယာ ထပ်မံတိုးချဲ့ရန် အခက်အခဲရှိလာသဖြင့် နိုင်ငံတကာကဲ့သို့အထပ်မြင့် အိမ်ရာအဆောက်အအုံများ ဆောက်လုပ်ရန် စဉ်းစားလာရကြောင်း၊ ယနေ့ ရန်ကုန်မြို့၏ လူဦးရေသည် ခုနစ်သန်းကျော် ရှစ်သန်းနီးပါးရှိလာပြီဖြစ်ရာ လူထု၏ စားဝတ်နေရေးတွင် အဓိကလိုအပ်ချက်ဖြစ်သည့် နေရာထိုင်ခင်းအတွက် အထပ်မြင့်အိမ်ရာ စီမံကိန်းများကို အမြန်ဆုံးအကောင်အထည်ဖော်ရန် လိုအပ်လာကြောင်း၊ အဆောက်အအုံများ အချိန်မီဆောက်လုပ်ပြီးစီးရေးနှင့်အတူ လျှပ်စစ်မီးနှင့် သောက်သုံးရေစနစ်များ တစ်ပါတည်း ပြီးစီးရန်မှာ အလွန်အရေးကြီးပါကြောင်း။

ယခု အိမ်ရာစီမံကိန်းအတွက် လျှပ်စစ်မီးရရှိရေး အဆင်ပြေစွာ ဆောင်ရွက်နိုင်မည် ဖြစ်သကဲ့သို့ သန့်ရှင်းသော သောက်သုံးရေရရှိရေးကိုလည်း ကြံဆဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရေစနစ်နှင့် ပတ်သက်ပြီး မြေအောက်ရေ တူးဖော်ရရှိနိုင်ခြင်း၊ ရေအရင်းအမြစ်တစ်နေရာမှ ပိုက်သွယ်တန်းရယူနိုင်ခြင်းနှင့် စီမံကိန်းဧရိယာအနီးရှိ ပဲခူးမြစ်ကဲ့သို့သော ရေအရင်းအမြစ်မှ ရေရရှိနိုင်ရေးနည်းလမ်းများကိုလည်း စဉ်းစားသင့်ပါကြောင်း၊ ယင်းအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပညာရှင်များထံမှ နည်းပညာနှင့် အကြံဉာဏ်များရယူဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ယခုအထပ်မြင့်အိမ်ရာစီမံကိန်းများပြီးစီးခဲ့ပါက ယခင်ယုဇနအိမ်ရာအပါအဝင် ဆက်စပ်စီမံကိန်းများ ပေါင်းစပ်ပြီး လူဦးရေသုံးသိန်းကျော် နေထိုင်နိုင်သော မြို့ပြနေရာတစ်ခုဖြစ်ပေါ်လာမည်ဖြစ်ရာ မြို့ပြတစ်ခု၏ အင်္ဂါရပ်နှင့် ညီညွတ်သည့် အခြေခံအဆောက်အအုံများ ပြည့်စုံစွာ ပါဝင်လျာထား ဆောက်လုပ်နိုင်ရေးကိုလည်း စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ယခုစီမံကိန်းသည် Bored Pile နှင့် Precast အစရှိသော ဆောက်လုပ်ရေးနည်းစနစ်များအရ တန်ဖိုးသင့်အိမ်ရာများဖြစ်လာမည် ဖြစ်သော်လည်း အတတ်နိုင်ဆုံး ပြည်သူလူထု သက်သာမှုရှိအောင် တွက်ချက်ဆောင်ရွက်ပေးစေလိုကြောင်း။

အစိုးရက ဖော်ဆောင်နေသည့် ယခုအထပ်မြင့်အိမ်ရာစီမံကိန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြသည့် ပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းရှင်များကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် အမြတ်အစွန်းထက် ပြည်သူလူထုအတွက် စေတနာထား ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဧရာဝဏ်-ရတနာအထပ်မြင့် အိမ်ရာအခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းဧရိယာအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စီမံကိန်းကို နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ၂၀၁၃ ခုနှစ် ဧပြီ ၁၀ ရက်က မြေဧက ၂၂၀ ၌ စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ဧရာဝဏ်-ရတနာ တန်ဖိုးသင့် အိမ်ရာစီမံကိန်း၌ ၂၄ ခန်းတွဲ ၁၈ ထပ်အဆောက်အအုံ ၄၉လုံးပါဝင်ပြီး အခန်းပေါင်း ၁၆၉၉၆ ခန်းပါရှိသည်။ မြို့ပြစီမံချက်နှင့်ညီညွတ်ပြီး လူဦးရေ ရှစ်သောင်းကျော်ခန့်နေထိုင်နိုင်မည် ဖြစ်ပြီး ယင်းစီမံကိန်းနှင့် အနီးပတ်ဝန်းကျင်ရှိ ယုဇနဥယျာဉ်မြို့တော် အပါအဝင် ဆက်စပ်စီမံကိန်းများအားလုံး ပြီးစီးပါက လူဦးရေ သုံးသိန်းကျော်၏ လူနေမှုအဆင့်အတန်း မြင့်မား တိုးတက်လာမည်ဖြစ်သည်။

ဒီမိုကရေစီအစိုးရ တာဝန်ယူစဉ် ၂၀၁၅ - ၂၀၁၆ ခုနှစ်တွင်ပြည်သူ့ အငှားအိမ်ရာ ၅၁၅၆ ခန်း၊ ဝန်ထမ်းအိမ်ရာ အခန်း ၁၈၃၀၊ တန်ဖိုးနည်းအိမ်ရာ အခန်း ၁၁၁၆၀၊ တန်ဖိုးသင့်အိမ်ရာ ၆၈၂၉ ခန်းနှင့် တန်ဖိုးမြင့် အိမ်ရာကဏ္ဍ၌ နှစ် ၂၀ နှစ်ရှည်ဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၃၀ - ၂၀၃၁ ဘဏ္ဍာရေးနှစ်အထိ အိမ်ရာယူနစ် တစ်သန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ မြို့တော်များနှင့်ဖွံ့ဖြိုးမှုအလားအလာရှိသည့် မြို့ကြီး ၈၁ မြို့ ၌ တည်ဆောက်ရန် ရည်မှန်းထားသည်။

၂၀၁၁ မှ ၂၀၁၅ ခုနှစ်အတွင်း တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ဝန်ထမ်းအိမ်ရာ ၂၅၉၆ ခန်း၊ တန်ဖိုးနည်းအိမ်ရာ ၂၀၂၉၈ ခန်း၊ တန်ဖိုးသင့်အိမ်ရာ ၇၁၃၆ ခန်းနှင့် အကျိုးတူအိမ်ရာ ၆၀၂၉ ခန်းတို့ကို တည်ဆောက်ပေးခဲ့သည်။ အကျိုးတူအိမ်ရာ ၄၃၈၂ ခန်းကို ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် သီလဝါအထူးစီးပွားရေးဇုန်သို့ ဆက်လက်ထွက်ခွာပြီး မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အထူးစီးပွားရေးဇုန်အတွင်းရှိ လူထိုင်း-မြန်မာ ကုမ္ပဏီလီမိတက်က ဖွင့်လှစ်သင်ကြားလျက်ရှိသည့် အထည်ချုပ်သင်တန်းနှင့် ကိုယိုရုပ်ဒ် မြန်မာကော်ပိုရေးရှင်း၏ မော်တော်ကားရေတိုင်ကီအမျိုးမျိုး ထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးသည်။

*စာမျက်နှာ ၅ ကော်လံ ၁ သို့*



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သီလဝါအထူးစီးပွားရေးဇုန်အတွင်း လူထိုင်း-မြန်မာ အထည်ချုပ်စက်ရုံတွင် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

**ဧရာဝဏ်-ရတနာ တန်ဖိုးသင့်အိမ်ရာစီမံကိန်း၌ ၂၄ ခန်းတွဲ ၁၈ ထပ်အဆောက်အအုံ ၄၉ လုံးပါဝင်ပြီး အခန်းပေါင်း ၁၆၉၉၆ ခန်းပါရှိ။**

**မြို့ပြစီမံချက်နှင့်ညီညွတ်ပြီး လူဦးရေရှစ်သောင်းကျော်ခန့် နေထိုင်နိုင်မည်။**

**စီမံကိန်းနှင့် အနီးပတ်ဝန်းကျင်ရှိ ယုဇနဥယျာဉ်မြို့တော်အပါအဝင် ဆက်စပ်စီမံကိန်းများ အားလုံးပြီးစီးပါက လူဦးရေသုံးသိန်းကျော်၏ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်လာမည်။**



ဧရာဝဏ်-ရတနာ တန်ဖိုးသင့်အိမ်ရာစီမံကိန်းပုံ။ (သတင်းစဉ်)



ဧရာဝဏ်-ရတနာ တန်ဖိုးသင့်အိမ်ရာစီမံကိန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

# နိုင်ငံအနောက်ပိုင်းဒေသများကို ပြန်သိမ်းပိုက်ရန် ဆီးရီးယားတပ်များ အဓိကထိုးစစ်ဆင်တိုက်ခိုက်

**ဘေရွတ် အောက်တိုဘာ ၉**

ဆီးရီးယားအစိုးရက နိုင်ငံအနောက်ပိုင်းပိုင်နက်နယ်မြေများ ပြန်လည်သိမ်းပိုက်ရန် ထိုးစစ်ဆင်တိုက်ခိုက်မှုများတိုးချဲ့ပြုလုပ်လာသကဲ့သို့ ရုရှားလေကြောင်းနှင့် စစ်သင်္ဘောများမှ ဒုံးကျည်များပစ်လွှတ်မှုကို အကာအကွယ်ယူပြီး ဆီးရီးယားတပ်များနှင့် မဟာမိတ်ပြည်သူ့စစ်များက ကြာသပတေးနေ့တွင် သူပုန်စခန်းများကို အဓိကထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိသည်။

ယင်းတို့သည် သမ္မတအာဆတ်၏ အခြေစိုက်စခန်းကမ်းရိုးတန်းဒေသကို ခြိမ်းခြောက်နေသော ယခုနှစ်အစောပိုင်းက အင်အားကြီးထွားလာနေသည့် သူပုန်များတည်ရှိရာ အနောက်ပိုင်းဒေသများကို ပစ်မှတ်ထားတိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည်။

ကက်စပီယံပင်လယ်တွင်းရှိစစ်သင်္ဘောများမှ ဒုတိယနေ့ ပစ်လွှတ်လိုက်သော ဒုံးကျည်များသည် လက်နက်စက်ရုံများ၊ လက်နက်သိုလှောင်ရုံများ၊ စစ်ဌာနချုပ်များနှင့် လေ့ကျင့်ရေးစခန်းများကို ထိမှန်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။

ဆီးရီးယားသို့ပစ်လွှတ်လိုက်သော ခရုစ်ဇ်ဒုံးကျည်လေးစင်းသည် အီရန်လမ်းကြောင်းအတွင်း ကျရောက်သည်ဟု ယုံကြည်ရကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောသည်။ သို့သော်လည်း အဆိုပါဒုံးကျည်များသည် ဆီးရီးယားပစ်မှတ်များကိုထိမှန်ခဲ့ကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာနက အခိုင်အမာပြောသည်။

အိမ်ဖြူတော်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂျွန်ကာဘိုင်က အဆိုပါဒုံးကျည်များသည် ပျက်ကျသည်ဟု အတည်မပြုနိုင်ကြောင်း၊ ဆီးရီးယားတွင် အိုင်အက်စ်တို့အား ပစ်မှတ်ထားတိုက်ခိုက်နေသော အမေရိကန်စစ်လေယာဉ်များနှင့် ပြဿနာမဖြစ်အောင် တားဆီးရန်လိုအပ်ကြောင်း ပြောကြားသည်။ **(ရိုက်တာ)**





# အီးယူ၏ ပြန်လည်နေရာချထားရေးအစီအစဉ်အရ အီရစ်ထရီးယားဒုက္ခသည်များ ဆွီဒင်သို့ရောက်ရှိလာ

**ရောမ အောက်တိုဘာ ၉**

အီးယူ၏ ခွဲဝေနေရာချထားရေးအစီအစဉ်အရ အီရစ်ထရီးယားနိုင်ငံသား ၂၀ ခန့်သည် ပထမဆုံးသော ရွှေ့ပြောင်း ဒုက္ခသည်များအဖြစ် အီတလီနိုင်ငံမှ ဆွီဒင်နိုင်ငံသို့ ဘဝသစ်စတင်ရန် ရောက်ရှိလာကြသည်။

သောကြာနေ့တွင် အဆိုပါထွက်ခွာလာသောအုပ်စုကို ဆွီဒင်နိုင်ငံတွင် နေရာချထားမည်ဟု ဆိုသည်။ အီးယူ၏ အဆိုပါအစီအစဉ်အရ ဒုက္ခသည် ၁၂၀၀၀၀ခန့်ကို အီတလီနှင့်ဂရိနိုင်ငံတို့မှ အခြားသောဥရောပနိုင်ငံများသို့ နေရာချထားပေးမည်ဖြစ်သည်။

ယခုသီတင်းပတ် တစ်နေ့တည်း၌ပင် ရွှေ့ပြောင်းနေထိုင်သူ ၂၀၀၀ နီးပါး မြေထဲပင်လယ်ဒေသတစ်ဝန်းမှ အီတလီကမ်းခြေများသို့ ဆိုက်ရောက်လာကြသည်။ အီးယူပြည်ထဲရေးဝန်ကြီးများသည် ခိုလှုံသူများ လျော့နည်းလာစေရန်အလို့ငှာ ၎င်းတို့၏ နယ်စပ်တပ်များ အရှိန်မြှင့်ချထားရန် ကြာသပတေးနေ့တွင် သဘောတူလိုက်သည်။

ဒုက္ခသည်များနှင့် ဝန်ထုပ်ဝန်ပိုးဖြစ်နေသော ဂရိနှင့်အီတလီနိုင်ငံတို့မှ ဒုက္ခသည် ၁၂၀၀၀၀ကို အခြားသော အီးယူနိုင်ငံများကို နေရာချထားရန် စက်တင်ဘာလက သဘောတူခဲ့သည်။ **(ရိုက်တာ)**

## နာဆာက ပလူတိုဂြိုဟ်တွင် အပြာရောင်မိုးကောင်းကင်ရှိပြီး မျက်နှာပြင်မှာအေးခဲနေကြောင်း ရှာဖွေတွေ့ရှိခဲ့

**နာဆာ အောက်တိုဘာ ၉**

နာဆာ၏ မိုးကုပ်စက်ဝိုင်းသစ်များဟု အမည်ပေးထားသော အာကာသယာဉ်က ရေခဲများတွဲလွဲခိုနေသော ဂြိုဟ်တစ်ခုဖြစ်ကာ အေးခဲနေသော ပလူတိုဂြိုဟ်တွင် ကမ္ဘာနှင့်ဆင်တူသော အပြာရောင်မိုးကောင်းကင်ရှိပြီး ၎င်း၏မျက်နှာပြင်သည် အေးခဲနေကြောင်း လေ့လာစူးစမ်းနိုင်ခဲ့သည်။

ပလူတိုဂြိုဟ်တွင် အပြာရောင်မိုးကောင်းကင်ရှိမည်ကို မည်သူက ခန့်မှန်းနိုင်မည်နည်း။ ၎င်းသည် အလွန်တရာမှ စိတ်ဝင်စားစရာကောင်းကြောင်း ကော်လိုရာဒို၌ရှိသော မိုးကုပ်စက်ဝိုင်းသစ်များ အာကာသလေ့လာရေးအစီအစဉ်၏ ဥက္ကဋ္ဌ အလန်စတန်းက ပြောခဲ့သည်။

အပြာရောင်မိုးကောင်းကင်အဖြစ် ဖြစ်ပေါ်နေသော အမှုန်များသည် မီးခိုးရောင် သို့မဟုတ် အနီရောင်ရှိကြောင်း၊ သို့သော်လည်းပဲ ၎င်းအမှုန်များမှ အပြာရောင်အလင်းတန်းများ ဖြာထွက်နေကြောင်း မိုးကုပ်စက်ဝိုင်းသစ်များ အာကာသသိပ္ပံလေ့လာရေးအဖွဲ့က ပြောကြားခဲ့သည်။ **(ဗီတီအိုင်)**

## ညီညွတ်သောအစိုးရတစ်ရပ်ဖွဲ့စည်းရန် လစ်ဗျားပါတီများ သဘောတူညီမှုရရှိ

**ရာဘတ် အောက်တိုဘာ ၉**

ဖိုင်အယ်ဆာရိုင်းက ဝန်ကြီးချုပ်အဖြစ်တာဝန်ယူကာ လစ်ဗျားနိုင်ငံတွင် ညီညွတ်သောအစိုးရတစ်ရပ်ကို ဖွဲ့စည်းထူထောင်သွားဖွယ်ရှိကြောင်း လစ်ဗျားဆိုင်ရာ ကုလသမဂ္ဂထောက်ပံ့ရေးမစ်ရှင်က ကြာသပတေးနေ့နှောင်းပိုင်းတွင် ကြေညာလိုက်သည်။

ဆာရိုင်းသည် အောက်လွှတ်တော်ကိုယ်စားလှယ် နိုင်ငံတကာအသိအမှတ်ပြု လွှတ်တော်အမတ်တစ်ဦးဖြစ်ပြီး သမ္မတကောင်စီတွင် ဒုတိယဝန်ကြီးချုပ်သုံးဦးနှင့် အလုပ်လုပ်မည်ဖြစ်ကြောင်း လစ်ဗျားဆိုင်ရာ ကုလသမဂ္ဂထောက်ပံ့ရေးမစ်ရှင်အကြီးအကဲ ဘာနာဒင်နိုလီနွန်က မော်ရိုကိုနိုင်ငံ ခီရပ်မြို့၌ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

အထွေထွေအမျိုးသားကွန်ဂရက်မှ အဖွဲ့ဝင်တစ်ဦးအပါအဝင် သမ္မတဆိုင်ရာကောင်စီထိပ်တန်းအဖွဲ့ဝင်နှစ်ဦးသည် ဗုဒ္ဓဟူးနေ့က မျှော်လင့်ထားသည့် ညီညွတ်သောအစိုးရဖွဲ့ရန် အမည်စာရင်း၌ မပါဝင်ခဲ့ပေ။

လစ်ဗျားနိုင်ငံရေးဆွေးနွေးပွဲတွင် အဓိကပါတီကြီးနှစ်ခုဖြစ်သည့် အထွေထွေအမျိုးသားကွန်ဂရက်(ဂျီအင်န်စီ)နှင့် အိတ်ချ်အိုအာတို့သည် ယခုသီတင်းပတ်ကုန်ပိုင်းတွင် သမ္မတကောင်စီအတွက် အမည်များအပေါ် သဘောတူနိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။

လစ်ဗျားနိုင်ငံသည် မြောက်အာဖရိကတွင် ရေနံအဓိကထုတ်လုပ်သည့် နိုင်ငံဖြစ်ပြီး ၂၀၁၁ ခုနှစ်က နိုင်ငံရေးမတည်မငြိမ်မှုကြောင့် ခေါင်းဆောင်ဟောင်း ကဒါဖီဖြုတ်ချခံရပြီးနောက် နိုင်ငံရေးမတည်မငြိမ်မှုများ ဆက်လက်ဖြစ်ပွားကာ ပြိုင်ဘက်ပါတီနှစ်ခုနှင့် အုပ်စုအချို့က ကြွယ်ဝသောအမျိုးသားအရင်းအမြစ်များပေါ်တွင် တိုက်ခိုက်မှုများပြုလုပ်နေကြသည်။ **(ဆင်ဟွာ)**

# ၂၀၁၅ ငြိမ်းချမ်းရေးနိုဘယ်ဆု တူနီးရှားအမျိုးသားရေးဆိုင်ရာ လေးဦးအဖွဲ့ ရရှိ

**အော်စလို အောက်တိုဘာ ၉**

တူနီးရှား အမျိုးသားရေးဆိုင်ရာ လေးဦးပါဆွေးနွေးအဖွဲ့သည် ၂၀၁၅ ခုနှစ်တွင် နိုဘယ်ငြိမ်းချမ်းရေးဆု ခန့်မှန်းထားသူများကို ကျော်လွန်ပြီး ရရှိခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် စက်တင်ဘာ ၉ ရက်တွင် ဖော်ပြခဲ့သည်။ ၎င်းတို့သည် အာရပ်နွေဦးအခြေပြုပေါက်ဖွားလာသောမွေးရပ်မြေနေရာ၌ ဒီမိုကရေစီထူထောင်ရာတွင် အကူအညီပေးခဲ့သည့်အတွက် ထိုသို့ ငြိမ်းချမ်းရေး နိုဘယ်ဆုကို ချီးမြှင့်ခံရခြင်းဖြစ်ကြောင်း သိရသည်။ အကယ်၍ ယင်းနေရာ၌ ဒေသတွင်း တည်ငြိမ်အေးချမ်းစွာပြောင်းလဲမှုမဖြစ်ပေါ်လာပါက အကြမ်းဖက်ဆူပူမှုများဖြင့် ရင်ဆိုင်ရနိုင်သည့် အနေအထားဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

တူနီးရှားအမျိုးသားရေးဆိုင်ရာ လေးဦးပါဆွေးနွေးအဖွဲ့ကို ၂၀၁၃ ခုနှစ် နွေရာသီ၌ ဖွဲ့စည်းခဲ့ပြီး ၎င်းအဖွဲ့တွင် တူနီးရှားအထွေထွေအလုပ်သမားသမဂ္ဂ (ယူဂျီတီတီ)၊ တူနီးရှား စက်မှုလုပ်ငန်းကုန်သွယ်ရေးနှင့် လက်မှုပညာအဖွဲ့အစည်း (ယူတီအိုင်စီအေ)၊ တူနီးရှားလူ့အခွင့်အရေးအဖွဲ့ (အယ်လ်တီဒီအိတ်ချ်) နှင့် တူနီးရှားတရားဥပဒေစိုးမိုးရေးအဖွဲ့များ ပါဝင်ကြောင်း သိရသည်။

၎င်းအဖွဲ့သည် ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ကူညီထောက်ပံ့ပေးကြောင်း နော်ဝေဆိုင်ရာ နိုဘယ်ဆုကော်မတီက ၎င်း၏ ကြေညာချက်တွင် ဖော်ပြခဲ့သည်။

ထိုသို့ ၂၀၁၅ နိုဘယ်ဆုချီးမြှင့်ခံရသည့်အတွက် တူနီးရှားနိုင်ငံအတွက် ဂုဏ်ယူဖွယ်ရာဖြစ်ပြီး အာရပ်ကမ္ဘာအတွက် မျှော်လင့်ချက်ရောင်ခြည်တစ်ခုပင်ဖြစ်ကြောင်း ၎င်းအဖွဲ့၏ ယူဂျီတီတီ၏ ဥက္ကဋ္ဌ ဟူစိန်အာဘာစီက ပြောခဲ့သည်။ **(ရိုက်တာ)**



# အိုးပိုင်အိမ်ပိုင်အိပ်မက်နှင့် မြန်မာနိုင်ငံ၏ ပထမဆုံးနိုင်ငံတကာအဆင့်မီ အထပ်မြင့်အိမ်ရာ

သတင်း - ဇော်ကြီး(ပဏီတ)၊ သီဟသူ
ဓာတ်ပုံ-ဖေဇော်

ရန်ကုန် အောက်တိုဘာ ၉

**ရန်ကုန်မြို့နေပြည်သူအများစု၏ အမြဲမက်ခဲ့သည့် အိမ်မက်တစ်ခု ရုပ်လုံးပေါ်လာသည်။ မြို့ပြ၏လူနေမှုအသွင်သဏ္ဌာန် တန်ဖိုးတစ်ခုဖြစ်သည့်အိုးပိုင်၊ အိမ်ပိုင်ဆိုသောဘဝမျိုးဖြင့် နေရဖို့ဆိုသည်မှာ ရုန်းကန်နေရသည့် ဘဝများအတွက်တော့ တစ်ချိန်က အိမ်မက်တစ်ခုမျှသာဖြစ်ခဲ့သည်။**

ယခုအခါ နိုင်ငံတော်ကပုဂ္ဂလိကနှင့် ပူးပေါင်းအကောင်အထည်ဖော်နေသည့် တန်ဖိုးသင့် အိမ်ရာများကြောင့် အိပ်မက်ပိုင်ရှင်များ၏ မျှော်လင့်ချက်ရောင်ခြည်များ ပေါ်ထွက်လာခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး ဂုံဆိပ်ကမ်းမြို့နယ်တွင် တည်ဆောက်လျက်ရှိသည့် လူဦးရေ ရှစ်သောင်းကျော် နေထိုင်နိုင်မည့် ဧရာဝဏ် ရတနာအထပ်မြင့် အိမ်ရာ စီမံကိန်းက မြို့ပြတွင်နေထိုင် လိုသူများ၏ အိုးပိုင်အိမ်ပိုင်အိပ်မက်ကို အသက်ဝင်လာစေခဲ့သည်။

ရန်ကုန်မြို့ရှိ အိမ်ရာစီမံကိန်းများတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ပထမဆုံးအဆင့်မြင့် နည်းပညာသုံး အထပ်မြင့်အိမ်ရာစီမံကိန်းအဖြစ် ဖော်ဆောင်နေသည့် ဧရာဝဏ် ရတနာအထပ်မြင့် အိမ်ရာ စီမံကိန်းသည် အထပ် ၁၈ ထပ်ရှိသော အဆောက်အအုံ ၄၉ လုံး ပါဝင်သည့် ရန်ကုန်မြို့တွင် ပထမဆုံး နိုင်ငံတကာအဆင့်မီသည့် အထပ်မြင့် အိမ်ရာတစ်ခုဖြစ်လာတော့မည်။

ယင်းစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပုဂ္ဂလိကကုမ္ပဏီ ၃၂ ခုတို့ပူးပေါင်း ဆောက်လုပ်လျက်ရှိရာ အဆိုပါ အိမ်ရာစီမံကိန်းနှင့် စပ်လျဉ်း၍ မြန်မာ့သတင်းစဉ်က တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**ဦးကျော်ဇေယျ**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ဆောက်လုပ်ရေးဝန်ကြီးဌာန၊**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

**မေး ။ ဒီအဆင့်မြင့်အိမ်ရာ ဆောက်လုပ်ရေးစီမံကိန်းနဲ့ ပတ်သက်ပြီး တည်ဆောက်နေမှုအပိုင်းကို ပြောပြပေးပါဦး။**

ဖြေ ။ ဒီ အဆောက်အအုံကြီးက ဆောက်လုပ်ရေးဝန်ကြီးဌာနက သေချာကြီးကြပ်ပြီးဆောက်နေတာပါ၊ မြန်မာနိုင်ငံရဲ့ ပထမဆုံး အထပ်မြင့် ပရိုက်ဗိတ်စနစ်နဲ့ တည်ဆောက်နေတာပါ။ နိုင်ငံတကာ အဆင့်မီပါတယ်။ ဒီမှာနေတဲ့သူက စင်ကာပူမှာ နေရတဲ့အဆင့်ကိုမီပါတယ်။ အတွင်းပိုင်းအပြင်အဆင်တွေကလည်း ကောင်းမယ်၊ အခန်းဖွဲ့စည်းပုံလည်းကောင်းမယ်။ ဓာတ်လှေကားလည်းပါပါတယ်။ နေထိုင်မယ့်သူတွေအတွက် အဆင့်မီမီ နေထိုင်ခွင့်ရမှာဖြစ်ပါတယ်။

**မေး ။ လက်ရှိ ဆောက်လုပ်ပြီးစီးမှုအပိုင်းကို သိပါရစေ။**

ဖြေ ။ လတ်တလောအခြေအနေမှာတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနက အဆောက်အအုံ ၁၁ လုံး ဆောက်လုပ်နေတယ်။ ၁၁ ထပ်အထိ ပြီးသွားပြီ။ နောက်ထပ် ခုနစ်ထပ်ကျန်နေသေးတယ်။ ၂၀၁၆ ခုနှစ် ဧပြီလ အပြီးတည်ဆောက်သွားမှာပါ။ ကျန်တဲ့ အဆောက်အအုံ ၃၈ လုံးကိုတော့ တိုင်းရင်းသားကုမ္ပဏီတွေနဲ့ ပူပေါင်းဆောက်ရွက်နေပါတယ်။

**မေး ။ ဆောက်လုပ်မှုအပိုင်း ပြီးစီးသွားရင်ဘယ်လိုပုံစံ၊ နှုန်းထားတွေနဲ့ ရောင်းချသွားဖို့စီစဉ်ထားပါသလဲ။**

ဖြေ ။ အဆောက်အအုံပြီးစီးသွားရင် ဦးရာလူကို အရစ်ကျစနစ်နဲ့ ရောင်းချပေးသွားဖို့ စီစဉ်ထားပါတယ်။ တကယ်အရည်အသွေးကောင်းကောင်းနဲ့ အဆင့်မြင့်လုပ်ထားတာဖြစ်ပါတယ်။ အိမ်ရာတစ်ခုရဲ့ အခြေခံလိုအပ်ချက်တွေပါ အပြည့်တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ ဥပမာဈေး၊ ကျောင်း၊ ဆေးရုံ၊ ဥယျာဉ်ကစားကွင်းတွေ၊ မြို့တွင်းခရီးသွားလုပ်ငန်းတွေ အကုန်ပါဝင်မှာ ဖြစ်ပါတယ်။ အဆင့်မြင့်အိမ်ရာ ဆိုတဲ့အတိုင်း မြေညီထပ်ဆိုဈေးကောင်းရပေမယ့် အခန်းမလုပ်ဘဲနေမယ့်သူတွေ အဆင်ပြေအောင် ကားပါကင်အဖြစ်ပဲထားပါတယ်။ ပတ်ဝန်းကျင်ကိုလည်း သပ်ရပ်သန့်ရှင်းတဲ့ ပတ်ဝန်းကျင်ဖြစ်အောင်၊ အခန်းတွေကိုလည်း လေဝင်လေထွက်ကအစ အားလုံးအဆင့်မီလုပ်ထားတာပါ။

**ဦးရဲလင်း (နေစံရာဆောက်လုပ်ရေးကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ)**



**မေး ။ ဒီစီမံကိန်းနဲ့ ပတ်သက်ပြီး ပါဝင်ဆောင်ရွက်နေမှုအပိုင်းကိုပြောပြပေးပါဦး။**

ဖြေ ။ ဒီစီမံကိန်းမှာ ကျွန်တော်တို့က အဆောက်အအုံတစ်လုံး တာဝန်ယူထားပါတယ်။ ဈေးနှုန်းကိစ္စကလည်း အခုတရားဝင်ဖွင့်ပြီး ရောင်းနေတာမဟုတ်သေးပါဘူး။ သက်ဆိုင်ရာကတော့ ပြည်သူတွေအတွက် အကောင်းဆုံးဖြစ်အောင် စီစဉ်နေပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ကန်ထရိုက်ပိုင်းကို တာဝန်ယူထားတဲ့အတွက် ပြီးစီးမှုပိုင်းကိုတင်ပြပြီး ကျသင့်ငွေကို ယူရတာဖြစ်ပါတယ်။ ကျွန်တော်တို့ကုမ္ပဏီတွေ တာဝန်ယူထားရတဲ့ အဆောက်အအုံတွေကတော့ လူအားစိုက်ရင်စိုက်သလောက် လုပ်သားအသုံးပြုမှုအပေါ် မူတည်ပြီးတော့ သတ်မှတ်ကာလထက် စောပြီးနိုင်မှာပါ၊ အဲဒီအခါ ပြည်သူတွေကို စောစောရောင်းပေးနိုင်မှာ ဖြစ်ပါတယ်။

**မေး ။ စီမံကိန်းကြီး ပြီးစီးသွားရင် ပြည်သူတွေအတွက် ဘယ်လို အကျိုးကျေးဇူး ရရှိလာနိုင်ပါသလဲ။**

ဖြေ။ ဒီနေရာ ပတ်ဝန်းကျင်မှာ လူဦးရေ သုံးသိန်းကျော်လောက်နေထိုင်နိုင်လိမ့်မယ်လို့ ခန့်မှန်းထားတယ်။ သဘာဝပတ်ဝန်းကျင် ကောင်းမွန်မှုနဲ့ စိမ်းလန်းစိုပြည်မှုကိုလည်း အဓိကထား ဆောင်ရွက်ထားလို့ နေထိုင်သူတွေအတွက် အကောင်းဆုံးနဲ့ အဆင့်မြင့်မြင့်ဖြစ်မှာပါ။ ဒီပရောဂျက်ကြီးက ကြီးတဲ့အတွက် အမြန်ဆုံး အကောင်အထည်ဖော် ဆောက်လုပ်ပြီးစီးသွားရင် ပြည်သူတွေဆန္ဒအရ နောက်ထပ်လည်း ဒါမျိုးအဆောက်အအုံတွေ အများကြီးထွက်ပေါ်လာမှာပါ။

**ဦးမောင်မောင်လွင်**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**



**မေး ။ စီမံကိန်းနဲ့ ပတ်သက်ပြီး ရေနဲ့ လျှပ်စစ်အတွက် ဘယ်လို စီစဉ်ဆောင်ရွက်ထားပါသလဲ။**

ဖြေ ။ စီမံကိန်းနဲ့ ပတ်သက်ပြီး အဆောက်အအုံ ၄၉ လုံး တည်ဆောက်နေပါတယ်။ အဲဒီ အဆောက်အအုံတွေ ပြီးစီးသွားရင် လျှပ်စစ်သုံးစွဲနိုင်ဖို့အတွက် ၆၆ ကေဗွီ Power Station နှစ်လုံးကို လိုအပ်ချက်အရ ဆောင်ရွက်ထားပါတယ်။ ရေအတွက်ကတော့ လျှပ်စစ်မီတာနဲ့ စတင်အသုံးပြုနိုင်အောင် ဆောင်ရွက်နေပါတယ်။

**မေး ။ အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုအပိုင်းကို ဘယ်လိုသတ်မှတ်ဆောင်ရွက်ထားပါသလဲ။**

ဖြေ ။ ဆောက်လုပ်မှုကို အပိုင်းနှစ်ပိုင်းနဲ့ဆောင်ရွက်နေတယ်။ ပထမအဆင့် အဆောက်အအုံ ၁၁ လုံးကို ၂၀၁၆ ခုနှစ် ဧပြီနဲ့ မေလအတွင်း အပြီး တည်ဆောက်သွားမယ်။ ဒုတိယ အဆင့်အနေနဲ့ ဆက်လက်ပြီး အမြန်ဆုံး ပြီးစီးသွားအောင် ဆောင်ရွက်သွားမှာပါ။

**မေး ။ ဒီအိမ်ရာတွေ ပြီးစီးသွားရင် ဆက်လက်ပြီး ဆောင်ရွက်သွားမယ့်အစီအစဉ်ကိုရှင်းပြပေးပါ။**

ဖြေ ။ မြို့ပြ အင်္ဂါရပ်နဲ့အညီ ဒီအဆောက်အအုံတွေ ပြီးရင် ပြည်သူတွေ လာရောက်နေထိုင်တဲ့အခါမှာ သူတို့ရဲ့လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကျောင်းတွေ၊ ဆေးခန်းတွေ၊ စီးပွားရေးဆိုင်ရာနေရာတွေ၊ သာသနာ့ဆိုင်ရာ အဆောက်အအုံနဲ့ဈေးတွေပါရှိမှာဖြစ်တဲ့အတွက် လူမှုဘဝပြည့်စုံတဲ့ ဒေသဖြစ်အောင် ဆောင်ရွက်ထားပါတယ်။

**မေး ။ အခုလက်ရှိ အခြေအနေနဲ့ စပ်လျဉ်းပြီးဖြေကြားပေးစေလိုပါတယ်။**

ဖြေ ။ အခုလက်ရှိမှာလည်း တည်ဆောက်ရေးလုပ်ငန်းတွေကို တိုင်းရင်းသားလုပ်ငန်းရှင်တွေပါဝင်ပြီး ဆက်လက်ဆောင်ရွက်နေပါတယ်။

**ဦးကြည်လှိုင်ဝင်း**
**(ညွှန်ကြားရေးမှူး၊**
**အဆောက်အအုံဦးစီးဌာနလျှပ်စစ်)**

**မေး ။ ဆရာ တာဝန်ယူထားရတဲ့ အပိုင်းကိုသိလိုပါတယ်။**

ဖြေ ။ ဧရာဝဏ် ရတနာအိမ်ရာစီမံကိန်းအတွက် ပူးတွဲတာဝန်ထမ်းဆောင်နေတာပါ။ လျှပ်စစ်ပိုင်းအတွက် တာဝန်ယူထားပါတယ်။ အိမ်ရာတစ်ခန်းချင်းရဲ့ လျှပ်စစ်အသုံးပြုမှုအပေါ် မူတည်ပြီးတော့မှ ဝန်အား ဘယ်လောက်သုံးမယ်ဆိုတာကို အဆောက်အအုံတစ်ခုစာပြီးမှ ဒီမှာ အိမ်ရာ ၄၉ လုံး ရှိတယ်ဆိုတော့ စီမံကိန်းတစ်ခုလုံးအတွက် အိမ်ခန်းပေါင်း နှစ်သောင်းနီးပါးလောက်အတွက် လျှပ်စစ်စွမ်းအားအနေနဲ့ ဝန်အားသုံးနိုင်ဖို့ ၂၃၀ ကေဗွီဓာတ်အားခွဲရုံကြီးကို တည်ဆောက်ထားပါတယ်။ ပြီးတော့မှ ဒီဓာတ်အားခွဲရုံကနေ ၆၆ ကေဗွီ ဓာတ်အားခွဲရုံနှစ်ခုမှ တစ်ဆင့် ၁၁ ကေဗွီဓာတ်အားခွဲရုံ ၁၈ ရုံအထိကို တည်ဆောက်ရပါတယ်။ ဒီ ၁၁ ကေဗွီ ဓာတ်အားခွဲရုံတွေကနေ အဆောက်အအုံ ၄၉ လုံးအတွက်ကို ဓာတ်အားစေလွှတ်သွားမှာပါ။



**မေး ။ အခုလက်ရှိ လက်ရှိဆောင်ရွက်နေမှုအခြေအနေကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ အဆောက်အအုံ ငါးလုံးကတော့ ၁၀ ထပ်နဲ့ အထက်ကို တည်ဆောက်ပြီးနေပြီ။ ကျန်တဲ့ အဆောက်အအုံတွေကိုလည်း တည်ဆောက်နေဆဲပါ။ အခြေခံအဆောက်အအုံပိုင်းတွေကိုပဲ ကျွန်တော်တို့ ဆောင်ရွက် ပေးနိုင်သေးတယ်။ အတွင်းခန်းတွေအတွက် ကိုတော့ မဆောင်ရွက်ရသေးပါဘူး။ အခုလက်ရှိမှာ ၁၁ လုံးကတော့ အမြန်အပြီးဆောက်ဖို့ညွှန်ကြားထားတယ်။ ဒီအဆောက်အအုံတွေ ပြီးတာနဲ့ ပြည်သူတွေကို ဈေးနှုန်းသင့်တင့်မျှတစွာနဲ့ ရောင်းချသွားဖို့ စီစဉ်ထားကြောင်းသိရပါတယ်။ အဆောက်အအုံဒီဇိုင်းအားလုံးကိုတော့ စင်ကာပူကုမ္ပဏီက ပုံစံထုတ်ပါတယ်။ ဒီဇိုင်းကိုနမူနာယူပြီးကျန်တဲ့ အဆောက်အအုံတွေကို တည်ဆောက်ရမှာပါ။

*စာမျက်နှာ ၃ မှ*

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ One Stop Service Center ၌ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှု ကော်မတီရှင်းလင်းဆောင်သို့ ရောက်ရှိရာ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်က သီလဝါအထူးစီးပွားရေးဇုန်ဆိုင်ရာ အချက်အလက်များကို Video Presentation ဖြင့် ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက သီလဝါစက်မှုဇုန် ပထမအဆင့် တည်ဆောက်မှု လုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များကို ဖြည့်စွက်လမ်းညွှန်မှာကြားသည်။

မြန်မာနှင့် ဂျပန်ကုမ္ပဏီများ သီလဝါအထူးစီးပွားရေးဇုန်ကို ရင်းနှီးမြှုပ်နှံတည်ဆောက်ရန် နားလည်မှုသဘောတူစာချွန်လွှာ (MoU)ကို ၂၀၁၃ ခုနှစ် မေ ၂၅ ရက်တွင် လည်းကောင်း၊ သီလဝါအထူးစီးပွားရေးဇုန် ရင်းနှီးတည်ဆောက်ရန်အတွက် ဖက်စပ်ကုမ္ပဏီဖွဲ့စည်းရန် သဘောတူညီချက်လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ လည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြပြီး သီလဝါ အထူးစီးပွားရေးဇုန်စီမံကိန်း ပထမအဆင့် တည်ဆောက်ခြင်းလုပ်ငန်းစတင်သည့် အခမ်းအနားကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် သီလဝါအထူးစီးပွားရေးဇုန်၌ ကျင်းပခဲ့သည်။

အဆိုပါ အထူးစီးပွားရေးဇုန်အတွင်း နိုင်ငံပေါင်း ၁၃ နိုင်ငံမှ ကုမ္ပဏီ ၄၇ ခု ရင်းနှီးမြှုပ်နှံခွင့်ရရှိထားပြီး ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့်ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

**(သတင်းစဉ်)**

## ရန်ကုန်တက္ကသိုလ်နှင့် အမေရိကန်တက္ကသိုလ်များ ပူးပေါင်း၍ လူငယ်ဖိုရမ်တစ်ရပ်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၉**

ရန်ကုန်တက္ကသိုလ်၊ အမေရိကန်ပြည်ထောင်စု Midwest University နှင့် Global Gateway University တို့ ပူးပေါင်း၍ International Relation & Business Forum တစ်ရပ်ကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ်နယ်မြေရှိ မြန်မာ-ကိုရီးယားစင်တာ၌ ကျင်းပခဲ့သည်။

ယင်းဖိုရမ်၌ နိုင်ငံတကာတက္ကသိုလ်များနှင့် ရန်ကုန်တက္ကသိုလ်တို့မှ ပညာရှင်ပါမောက္ခများက လူငယ်များအနေဖြင့် ပြောင်းလဲလာသည့် ကမ္ဘာကြီးတွင် နိုင်ငံရေး ၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များ၌ ဦးဆောင်နိုင်မှုအကြောင်းကို လည်းကောင်း၊ ပညာရှင်တစ်ဦးချင်းစီက နိုင်ငံတကာ ဆက်ဆံရေးနှင့် စီးပွားရေးနယ်ပယ်၌ စွမ်းဆောင်ရည်မြှင့်တင်ရေးအကြောင်းကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။ **(မြန်မာ့အလင်း)**

### ❖ *ကျောဖုံးမှ*

ရခိုင်ပြည်နယ်တို့တွင် ၂၄ နာရီအတွင်း မိုးရေချိန် သုံးလက်မ (၇၇ မီလီမီတာ)နှင့်အထက် ရွာသွန်းနိုင်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၂၄ နာရီ အတွင်း မိုးရေချိန် တစ်လက်မခွဲ (၃၈ မီလီမီတာ) နှင့်အထက် ရွာသွန်းနိုင်သည်။

**(မိုး/ဇလ)**

## မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ မဲရုံမှူး၊ ဒုမဲရုံမှူးလုပ်ငန်းဆောင်ရွက်ပုံသင်တန်းဖွင့်

**ကော့ကရိတ် အောက်တိုဘာ ၇**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ မဲရုံမှူး၊ ဒုမဲရုံမှူးလုပ်ငန်းဆောင်ရွက်ပုံသင်တန်းကို အောက်တိုဘာ ၇ ရက်က ကော့ကရိတ်မြို့ မြို့နယ်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားကို ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးတိုးဝေ၊ ကော့ကရိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ခိုင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်မောင်တို့က အမှာစကားပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစန်းကြည်က မဲရုံမှူး၊ ဒုမဲရုံမှူးလုပ်ငန်းဆောင်ရွက်ပုံ သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။ ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများက မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား ခန့်အပ်လွှာများကို ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို ၆ ရက်ကြာသင်ကြားပို့ချမည်ဖြစ်ကာ သင်တန်းတစ်ရက် လက်တွေ့တစ်ရက် သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသားသင်တန်းသူ ၁၈၆ ဦးရှိသည်။ ကော့ကရိတ်မြို့နယ်၌ မဲရုံစုစုပေါင်း ၉၃ ရုံနှင့် ၂၀၁၅ခုနှစ် မဲဆန္ဒရှင် ၁၆၂၀၀၀ကျော်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# အထွေထွေရွေးကောက်ပွဲ ပြည်ပရောက်နိုင်ငံသားများ မဲပေးခွင့်နှင့်သံရုံးများ၏ အခန်းကဏ္ဍ

**၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပမယ့် မြန်မာနိုင်ငံ အထွေထွေရွေးကောက်ပွဲနှင့် ပတ်သက်လို့ သံရုံးများနဲ့ ဝန်ထမ်းများကို ပြစ်တင်ဝေဖန်တာတွေရှိနေတဲ့အတွက် သံရုံးများနဲ့ ဝန်ထမ်းများဘက်မှာ ကန့်သတ်ချက်တွေရှိနေတာကို ဖြေရှင်းတင်ပြလိုပါတယ်။**

မေနှင်းအေး

အထွေထွေရွေးကောက်ပွဲဟာ လူထုဆန္ဒခံယူပွဲနဲ့ မတူပါဘူး။ လူထုဆန္ဒခံယူပွဲမှာ လူတိုင်းလူတိုင်းအတွက် မေးခွန်းအတူတူပါပဲ။ ထောက်ခံ သလား၊ မထောက်ခံဘူးလား။ သဘောတူသလား၊မတူဘူးလား။ ပြည်တွင်းမှာပဲ လုပ်လုပ်၊ ပြည်ပမှာပဲ လုပ်လုပ် အပြောင်းအလဲမရှိပါဘူး။ အခုအထွေထွေရွေးကောက်ပွဲမှာတော့ ကိုယ်စားလှယ်လောင်းတွေ ရွေးချယ်တာကြောင့် မတူတော့ပါဘူး။ မဲဆန္ဒနယ်အလိုက် အပြောင်းအလဲရှိလို့ မဲလက်မှတ်သီးခြားစီ ပုံနှိပ်ရပါတယ်။ ဒီထဲမှာ မြန်မာနိုင်ငံက ပြည်ပမဲဆန္ဒနယ်မရှိဘဲ ပြည်ပရောက်နိုင်ငံသားများကို မဲပေးခွင့်ပြုထားတာကြောင့် သံရုံးမှာ မဲပေးကြမယ့်သူချင်းတူပေမယ့် ကိုယ့်လက်မှတ်နဲ့ ကိုယ်ရှိမှ မဲပေးလို့ရမှာပါ။ သံအမတ်ကြီးကိုယ်တိုင်တောင်မှ သူ့မဲလက်မှတ်မရရင် သံရုံးစာရေးလေးရဲ့ မဲလက်မှတ်ကို ယူပေးလို့မရပါဘူး။ ဒီအကန့်အသတ်တွေအကြောင်း ရှင်းပြပါမယ်။

ပထမဆုံး အကန့်အသတ်က မြန်မာနိုင်ငံရဲ့ ရွေးချယ်တင်မြှောက်ရေးနဲ့ မဲပေးပုံစနစ်တို့ ဖြစ်ပါတယ်။ နိုင်ငံသားတစ်ဦးမှာ မဲပေးခွင့်ရှိတာ တူညီပေမယ့် နေထိုင်ရာနေရာ (မဲပေးမယ့်နေရာ/ အမည်စာရင်းပေါက်ရာနေရာ) ကို မူတည်ပြီး မဲပေးရပုံ မတူညီနိုင်ပါဘူး။ ကိုယ်မဲပေးရမယ့်နေရာမှာ ဝင်ရောက်ယှဉ်ပြိုင်သူ တစ်ယောက်ပဲရှိတယ်ဆိုရင် မဲပေးစရာမလိုတော့ပါဘူး။ ၁၀ ယောက် ဝင်ပြိုင်ကြမယ်ဆိုရင် ၁၀ ယောက်ထဲက တစ်ယောက်ရွေးပေးရမှာပါ။ မဲလက်မှတ်ပေါ်မှာ နာမည်တွေ အများကြီးပါပါမယ်။ ကိုယ့်နယ်က အရွေးခံမှာ နှစ်ယောက်တည်းဆိုရင်လည်း အဲဒီနှစ်ယောက်ထဲက တစ်ယောက်ကို ရွေးရမှာပါ။ ဒါကြောင့် တစ်ယောက်ချင်းရဲ့ ပေးရမယ့် မဲလက်မှတ်တွေဟာ သူ့အမည်စာရင်းပေါက်ရာနေရာကို မူတည်ပြီး ကွဲပြားနိုင်ပါတယ်။ အဲဒီ မဲလက်မှတ်ကို မရခဲ့ရင် မဲပေးမှုဟာ ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး။

ဒါကြောင့် ပြည်ပမှာ ရောက်နေသူ တစ်ဦးအနေနဲ့ တစ်မိသားစုတည်းဖြစ်တယ် ဆိုဦး၊ အမည်စာရင်းပေါက်ရာ ဒေသမတူကြရင် ပေးရမယ့် မဲလက်မှတ်မတူနိုင်ပါဘူး။ ရှမ်းပြည်နယ်က တစ်ယောက်နဲ့ ရန်ကုန်တိုင်းဒေသကြီးကတစ်ယောက် စင်ကာပူမှာ အိမ်ထောင်ကျပြီး မဲပေးကြရင် တစ်ယောက်က ရှမ်းပြည်နယ်က အရွေးခံမယ့်စာရင်းအတိုင်း မဲပေးရမှာဖြစ်ပြီး နောက်တစ်ယောက်က ရန်ကုန်တိုင်းဒေသကြီးက စာရင်းအတိုင်းပေးရမှာပါ။ လွှဲပေးလို့မရတဲ့အတွက် ကိုယ်ပေးရမယ့်လက်မှတ် အဲဒီသံရုံးကို မှန်မှန်ကန်ကန်ရောက်နေဖို့ လိုအပ်ပါတယ်။ ဒီကြားထဲ တိုင်းရင်းသားဖြစ်နေရင် တိုင်းရင်းသားအတွက်ပေးရမယ့် မဲသီးသန့်ရှိနိုင်ပါသေးတယ်။ ဒါပေမယ့်လည်း "တိုင်းရင်းသား" ဆိုတာကိုတော့ မှတ်ပုံတင်ထဲမှာ ရှိနေဖို့ လိုပါတယ်။ ပြီးတော့ တချို့နယ်တွေမှာတော့ တိုင်းရင်းသားဖြစ်သည့်တိုင် ကိုယ်မဲ ပေးမယ့်နယ်ထဲမှာ လိုအပ်တဲ့ကိုတာ မပြည့်လို့ တိုင်းရင်းသားအမတ်သီးသန့်မရရင် မဲပေးလို့မရပါဘူး။ ဒါတွေက သံရုံး၊ သံရုံးဝန်ထမ်းရဲ့ အားနည်းချက်ကြောင့် မဟုတ်ဘဲ မဲပေးမှုစနစ်အရ အကန့်အသတ် အခက်အခဲဖြစ်စေတာပါ။ ဒါကြောင့် မဲစာရင်းထဲမှာ မပါရင်၊ ပုံစံ(၁၅)နဲ့ မဲလက်မှတ်တောင်းမထားရင် သံရုံးမှာ မဲပေးလို့မရဘူးဆိုတာတွေ သံရုံးတွေက ရှင်းပြနေရတာပါ။

နောက်တစ်ခုက မဲပေးချင်တဲ့ နိုင်ငံသားဘက်က တာဝန်ပါ။ သံရုံးတွေမှာလာပြီး မှတ်ပုံတင်ထားတာမဟုတ်ရင် စာရင်းမရှိတဲ့အတွက် မဲပေးလို့မရပါဘူး။ ဒါဟာ ပြည်ပမဲပေးခွင့်ပြုတဲ့ နိုင်ငံတိုင်းဒီလိုပါပဲ။ သံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးတွေမှာ မှတ်ပုံတင်ထားဖို့ လိုအပ်ပါတယ်။ နိုင်ငံတိုင်းလည်း ပြည်ပမဲပေးခွင့် မပြုကြပါဘူး။ တချို့ဆို လက်ခံရာနိုင်ငံက ခွင့်မပြုတာမျိုး ရှိပါတယ်။ ဒီနိုင်ငံတစ်နိုင်ငံမှာ ကိုယ့်နိုင်ငံသား ဘယ်လောက်ရှိနေလဲဆိုတာ လာမှတ်ပုံတင်ထားတဲ့ စာရင်းအရပဲ တိတိကျကျ ပြောနိုင်ပါတယ်။ မဲစာရင်းဆိုတာ တိကျဖို့ လိုအပ်ပါတယ်။ အခု ၂၀၁၅ ရွေးကောက်ပွဲမှာ သံရုံးတော်တော်များများက အရင်က မှတ်ပုံတင်မထားဘဲ နီးမှလာတင်တာတွေကို ခွင့်ပြုလုပ်ပေးနေပါတယ်။ အခုရွေးကောက်ပွဲစနစ်အရ ပုံစံ (၁၅) တင်ရပါတယ်။ အဲဒီပုံစံ (၁၅) တင်မထားရင် မဲလက်မှတ်ဟာ မရလာနိုင်ပါဘူး။ ပုံစံ (၁၅) ကို ကာယကံရှင်က သံရုံးကိုပို့၊ သံရုံးက နိုင်ငံခြားရေးရုံးကိုပို့၊ နိုင်ငံခြားရေးရုံးက ရွေးကောက်ပွဲကော်မရှင် အဆင့်ဆင့်ကိုပို့၊ အဲဒီစာရင်းအတိုင်းပေးရမယ့် မဲလက်မှတ်တွေကို နိုင်ငံခြားရေးရုံးကိုပြန်ပို့၊ နိုင်ငံခြားရေးရုံးကမှ သံရုံးတွေကိုပို့ ၊ ဒီအဆင့်ဆင့်တွေ အကုန်လုံး ချောချောမွေ့မွေ့ ပြီးတော့မှ သံရုံးမှာ မဲပေးလို့ရပါတယ်။ ပုံစံ (၁၅) ကို သူများနဲ့ တင်ခိုင်းလို့ အီးမေးလ်က ပို့ပေးလို့ရတာတွေ သံရုံးတွေမှာကြားသိရပါတယ်။ ရတဲ့အချိန်အတွင်း ရှိတဲ့ဝန်ထမ်းအင်အားနဲ့ အဆင်ပြေအောင် လုပ်ပေးနေကြတာတွေပါ။

မဲကတော့ ကိုယ်တိုင်လာပေးဖို့ လိုပါတယ်။ တချို့နိုင်ငံတွေမှာ စာတိုက်က မဲပေးတဲ့စနစ်ကို ကျင့်သုံးပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံရဲ့ စနစ်အတိုင်းဆိုရင်တော့ စာတိုက်က မဲပေးတဲ့ စနစ်လုပ်ဖို့ဆိုရင် ပြင်ဆင်ရဦးမှာတွေရှိပါတယ်။ ပေးရမယ့်မဲကို သူ့လက်ထဲအချိန်မီရောက်ဖို့ သူ့ဘက်က အချိန်မီပြန်ပို့ဖို့၊ မဲပေးသူဟာ တကယ့်နိုင်ငံသား ဟုတ်မဟုတ်ဆိုတာ စိစစ်ဖို့ဆိုတာတွေ လိုအပ်ပါတယ်။

**မြန်မာနိုင်ငံက နှစ်နိုင်ငံ နိုင်ငံသားစနစ်ကို လက်မခံပါဘူး။ တခြား နိုင်ငံသားယူထားရင် အလိုအလျောက် မြန်မာနိုင်ငံသားအဖြစ်က ပျက်ပြယ်ပါတယ်။ နိုင်ငံသားတွေ မဲပေးခွင့်ရဖို့ သံရုံးတွေက လုပ်ပေးနေရင်းကပဲ နိုင်ငံသားမဟုတ်သူတွေပါ မဲပေးသွားနိုင်တဲ့ အခြေအနေတွေအတွက် သံရုံးတွေက စွန့်ပြီး လုပ်ပေးနေရတယ်ဆိုတာ သိစေချင်ပါတယ်**

တချို့နေရာတွေမှာ မဲပေးခွင့်ရဖို့ တက်တက်ကြွကြွဆောင်ရွက်နေကြတာတွေရှိသလို တချို့နေရာတွေကျလည်း သံရုံးကမဲပေးဖို့ ဆက်သွယ်ပြောဆိုရင်တောင် မဲလာမပေးလို့ရလားလို့ မေးတတ်ကြပါတယ်။ တစ်မြို့တစ်ရွာက တကူးတက လာပေးရမှာဆိုတော့ ခရီးသွားလာဖို့ ခွင့်၊ ငွေကြေး၊ တည်းခိုဖို့ကစ အခက်အခဲရှိမှာမို့ စာနာကြည့်လို့ရပါတယ်။ ပြီးတော့ ကိုယ့်နိုင်ငံက ထွက်ခွာလာတာကြာပြီး ဒီဘက်မှာ နေသားကျနေတဲ့သူတွေက မြန်မာပြည်နဲ့လည်း သိပ်အဆက်အသွယ်မရှိတော့ဘူးဆိုရင် သိပ်အားစိုက်မှာ မဟုတ်တော့ပါဘူး။ တချို့ဆို နှစ်နိုင်ငံသားခံယူထားတာတွေတောင် ရှိနိုင်ပါတယ်။ အထူးသဖြင့် အနောက်နိုင်ငံကြီးတွေမှာ နှစ်နိုင်ငံသားစနစ်လက်ခံထားတော့ ကိုယ့်နိုင်ငံကူး လက်မှတ်ပြန်အပ်စရာမလိုဘဲ ကိုယ်နေထိုင်တဲ့နိုင်ငံက နိုင်ငံသားရထားပြီးသူ တွေရှိနိုင်ပါတယ်။ အဲဒါတွေကို စိစစ်ဖို့ လိုပါတယ်။ မြန်မာနိုင်ငံက နှစ်နိုင်ငံ နိုင်ငံသားစနစ်ကို လက်မခံပါဘူး။ တခြားနိုင်ငံသားယူထားရင် အလိုအလျောက် မြန်မာနိုင်ငံသားအဖြစ်က ပျက်ပြယ်ပါတယ်။ နိုင်ငံသားတွေ မဲပေးခွင့်ရဖို့ သံရုံးတွေက လုပ်ပေးနေရင်းကပဲ နိုင်ငံသားမဟုတ်သူတွေပါ မဲပေးသွားနိုင်တဲ့ အခြေအနေတွေအတွက် သံရုံးတွေက စွန့်ပြီးလုပ်ပေးနေရတယ်ဆိုတာ သိစေချင်ပါတယ်။

ဒီမိုကရေစီရွေးကောက်ပွဲဆိုတာကို ကမ္ဘာ့နိုင်ငံ တော်တော်များများမှာ ကျင်းပကြပေမယ့် နိုင်ငံတိုင်းမှာတော့ ပြည်ပကနေ မဲပေးခွင့်မရှိပါဘူး။ အီတလီလို ဒီမိုကရေစီသက်တမ်းကြာတဲ့ နိုင်ငံမျိုးမှာတောင် ၂၀၀၁ ခုနှစ်ကမှ စခွင့်ပြုခဲ့တာဖြစ်ပါတယ်။ ပြီးတော့ ပြည်ပရောက်နိုင်ငံသားတွေ မဲပေးရာမှာလည်း မဲဆန္ဒနယ်သီးသန့်ရှိပါတယ်။ အီတလီမှာဆိုရင် ပြည်ပမဲဆန္ဒနယ်လေးခု (ရုရှားနဲ့ တူရကီအပါအဝင် ဥရောပဒေသ၊ တောင်အမေရိက၊ မြောက်နဲ့ ဗဟိုအမေရိက၊ အာဖရိက အာရှ အိုရှင်းနီးယားနဲ့ အန္တာတိက) ပြင်သစ်မှာဆိုရင် ၁၁ ခုရှိပါတယ်။ ဒါကြောင့် ပြည်ပမဲဆန္ဒနယ်အတွက် အရွေးခံမယ့် အမတ်များဟာလည်း အတူတူပဲဖြစ်ပါတယ်။ ဒါကြောင့် မဲလက်မှတ်မတူတဲ့ ပြဿနာမရှိတော့ပါဘူး။ အဲဒီအမတ်ကလည်း ပြည်ပရောက်နိုင်ငံသားတွေအတွက် မဲဆွယ်တာ၊ လွှတ်တော်ထဲမှာ ပြောဆိုဆွေးနွေးပေးတာတွေ လုပ်နိုင်ပါတယ်။ ၂၀၁၅ ရွေးကောက်ပွဲမှာ မမီတော့ပေမယ့် နောင်ရွေးကောက်ပွဲများမှာ စဉ်းစားနိုင်အောင်ပါ။

အခုလောလောဆယ်မှာတော့ သံရုံးတွေက ပုံစံ (၁၅) ပို့ထားတဲ့အတိုင်း မဲပေးနိုင်ဖို့ ရည်ရွယ်ဆောင်ရွက်နေပါတယ်။ လွတ်လပ်သန့်ရှင်းစွာ မဲပေးနိုင်ဖို့၊ ပေးထားတဲ့မဲလက်မှတ်တွေ သက်ဆိုင်ရာနယ်အသီးသီးကို အချိန်မီပြန်ရောက်သွားဖို့ ဆိုတာတွေကို ကြိုးစားလုပ်ဆောင်နေပါတယ်။ ပုံစံ (၁၅) မပို့ထားသူတွေ ၊ မဲစာရင်းမှာ မပါသူတွေကိုတော့ မဲပေးနိုင်စေဖို့ ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စပါ။ ပြည်တွင်းမှာ နေထိုင်တဲ့သူကမှ မဲစာရင်းမှာ မပါသည့်တိုင် အမှန်တကယ်နေထိုင်တယ်ဆိုတာ ခိုင်ခိုင်မာမာ ပြနိုင်ရင် မဲရုံမှူးက မဲပေးခွင့်ပြုရမယ်ဆိုတာမျိုး ပြောဆိုတာတွေ တွေ့ရကြားရပါတယ်။ ဒါက ဖြစ်ချင်ဖြစ်နိုင်ပါမယ်။ အဲဒီမဲရုံမှူးမှာ သူ့နယ်အတွက် မဲလက်မှတ်အပိုရှိမှာကိုး။ သံရုံးတွေမှာတော့ တစ်နိုင်ငံလုံးက မဲဆန္ဒနယ်အသီးသီးအတွက်ဖြစ်လို့ သူပေးရမယ့် မဲဆန္ဒနယ်က မဲလက်မှတ်မရှိရင် ဘယ်လိုမှပေးလို့ မရပါဘူး။ ဒီလက်တွေ့အခက်အခဲကို နားလည်ထားဖို့ လိုပါတယ်။

ဝန်ထမ်းတွေဘက်က ပြည်သူတွေရဲ့ ဆန္ဒ၊ သဘောထား၊ အခက်အခဲတွေကို သိဖို့ စာနာနားလည်ဖို့ လိုအပ်သလို ပြည်သူတွေကလည်း ဝန်ထမ်းတွေဘက်က အခက်အခဲနဲ့ ရုန်းကန်ဆောင်ရွက်ပေးနေရမှုတွေကို သိဖို့ လိုအပ်ပါတယ်။ ဝန်ထမ်းဆိုတာ သာမန်ပြည်သူတွေထဲက ဝန်ထမ်းဖြစ်လာပေမယ့် သာမန်ပြည်သူ တွေထက်ပိုတဲ့ တာဝန်ဝတ္တရားနဲ့ စည်းနှောင်ကန့်သတ်မှုတွေ ရှိပါတယ်။ လတ်တလော သတင်းဂျာနယ်တွေထဲမှာ သံရုံးတွေကို ပြစ်တင်ပြောဆိုနေတာတွေအတွက် ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။ နားလည်မှုတိုးပွားနိုင်ကြပါစေ။

## မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**တောင်ကြီး အောက်တိုဘာ ၉**

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီး အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာ့ ရွှေဆောင်ဘဏ်မှ အဓိကကူညီပံ့ပိုးသော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆဋ္ဌမပွဲစဉ်၏ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၈ ရက် နံနက်ပိုင်းက တောင်ကြီးမြို့ရှိ အေးသာယာဂေါက်ကွင်း၌ ကျင်းပသည်။



ရှေးဦးစွာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အေးဝင်း၊ မြန်မာ့ ရွှေဆောင်ဘဏ် Deputy General Manager ဦးမျိုးသက်နိုင်၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေဥက္ကဋ္ဌ ဦးကိုကိုအေး တို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ပြိုင်ပွဲအား ဖွင့်လှစ်ပေးကာ ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ပြိုင်ပွဲတွင် Professional အဆင့် ၃၀ ဦး၊ အပျော်တမ်းအဆင့် အမျိုးသား ၁၀၁ ဦး၊ အပျော်တမ်းအဆင့် အမျိုးသမီး ၂၄ ဦး စုစုပေါင်း အားကစားသမား ၁၅၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ဖိုးသော်ဇင်**

## မြစိမ်းရောင်စီမံကိန်းကြောင့် ကျေးလက်နေပြည်သူများဝင်ငွေတိုး

**ဖြူး အောက်တိုဘာ ၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင် စီမံကိန်းကျေးရွာများမှ ညောင်ကားယားကျေးရွာ၏ မြစိမ်းရောင်ရန်ပုံငွေဖြင့် ဆောင်ရွက်နေသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း ၊ အရောင်းအဝယ်လုပ်ငန်းနှင့် ကျေးလက်အသေးစားကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်လျက်ရှိသော ဖြူးမြို့နယ် ညောင်ကားယားကျေးရွာသို့ ခရိုင်ဦးစီးဌာနမှူး ဦးအောင်သန်းလွင်၊ မြို့နယ်ဦးစီးဌာနမှူး ဦးသန့်ဇင်မျိုးတို့ပါဝင်သောအဖွဲ့သည် အောက်တိုဘာ ၈ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာသို့လုပ်ငန်းများ တိုးတက်မှုအခြေအနေများကို ကွင်းဆင်းသွားရောက်စစ်ဆေးဆွေးနွေးခဲ့ကြသည်။

အဆိုပါမြစိမ်းရောင်စီမံကိန်းကို ညောင်ကားယားကျေးရွာ၌ တစ်ပိုင်တစ်နိုင်လုပ်ငန်းများ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသဖြင့် ကျေးလက်နေပြည်သူများ နေ့စဉ်ဝင်ငွေများတိုးတက်ရရှိလျက်ရှိကြပြီး လူနေမှုစနစ်များ ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

# စည်းကမ်းကောင်းမွန်ခြင်း၊ လိုက်နာခြင်း၊ အမိန့်နာခံခြင်းဆိုသည့် တပ်မတော်၏အစဉ်အလာကောင်းများနှင့်အညီ စောင့်ထိန်းလိုက်နာ

**နေပြည်တော် အောက်တိုဘာ ၉**

တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို တစိုက်မတ်မတ်လုပ်ဆောင်ခဲ့ကြောင်း၊ တစ်ဖက်တွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးထားသည့် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များနှင့် အစဉ်အလာအားဖြင့်လုပ်ဆောင်ခဲ့သည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ရချိန်တွင်လည်း အင်နှင့်အားနှင့် ကူညီပါဝင်လုပ်ဆောင်ခဲ့ကြောင်း၊ တိုင်းပြည်အတွက် အမှန်တကယ် အကျိုးရှိမည့်လုပ်ရပ်များကို တပ်မတော်က ဖော်ဆောင်ပေးနေခြင်းဖြစ်ကြောင်း၊ ယင်းလုပ်ဆောင်ချက်များအပေါ် အပြုသဘော မဆောင်သည့် အချို့သော မီဒီယာများ၊ လူမှုကွန်ရက်များ၏ ရေးသားနေခြင်းကိုလည်း မှန်ကန်စွာသိရှိနားလည်ပြီး လုပ်စရာရှိသည်များကို ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က သန်လျင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်များအားတွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးဇော်သိန်းတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်တပ်နယ်ရှိ ရေတပ်သင်္ဘောကျင်းဌာနချုပ်သို့ ရောက်ရှိကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ရေတပ်သင်္ဘောကျင်းဌာနချုပ်ရှိ General Building ခန်းမ၌ ဌာနချုပ်မှူးက စစ်ရေယာဉ်များနှင့်သင်္ဘောများပြုပြင်တည်ဆောက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်ရေယာဉ်များအား ထုတ်လုပ်မှုပုံစံကိုအခြေခံတည်ဆောက်ပြီး စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေး ဆက်လက်ဆောင်ရွက်ရန်မှာကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ရေတပ်သင်္ဘောကျင်းဌာနချုပ်ရှိ စစ်ရေယာဉ်များ လွှန်းတင်ပြုပြင်နေမှုနှင့် တည်ဆောက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သန်လျင်တပ်နယ်ခန်းမ၌ တပ်နယ်ရှိ အရာရှိ၊ စစ်သည်များအား တွေ့ဆုံသည်။ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်ရာတွင် လက်တွေ့အမှန်တကယ်ထမ်း ဆောင်နိုင်သည့်စွမ်းရည်ရှိရန်လိုကြောင်း၊ တိုက်စွမ်းရည် မြင့်မားရေးအတွက် "တိုက်ရင်းလေ့ကျင့်၊ လေ့ကျင့်ရင်းတိုက်"ဆိုသည့် ဆောင်ပုဒ်ဖြင့် လုပ်ဆောင်ခဲ့ကြောင်း၊ လက်ရှိကာလ စစ်ဆင်ရေးများ နည်းပါးလာခြင်းကြောင့် လေ့ကျင့်ရေးဖြင့်သာ တိုက်စွမ်းရည်မြင့်မားအောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာတပ်များတွင် လေ့ကျင့်ခြင်း၊ သင်တန်းကျောင်းများတွင် လေ့ကျင့်ခြင်းများကို ထိထိရောက်ရောက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းတတ်မြောက်သည့် ယင်းအတတ်ပညာများကို လက်တွေ့နယ်ပယ်တွင် ကျွမ်းကျင်စွာ အသုံးချရန်လိုကြောင်း၊ တစ်ဦးချင်းစွမ်းရည်များ စုပေါင်းခြင်းဖြင့် တပ်ရင်း၊ တပ်ဖွဲ့များ၏စွမ်းရည်မြင့်မားလာမည်ဖြစ်ပြီး တပ်မတော်စွမ်းရည် တိုးတက်လာမည်ဆိုသည့်အသိဖြင့် ကြိုးစားလုပ်ဆောင်ကြရမည် ဖြစ်ကြောင်း။

တပ်မတော်(ရေ)အနေဖြင့်လည်း Fleet Exercise များအပါအဝင် လေ့ကျင့်မှုများကို ထိရောက်စွာဆောင်ရွက်ခြင်းဖြင့် စစ်ဆင်ရေးအတွက် အထောက်အကူရနိုင်သကဲ့သို့ တိုက်စွမ်းရည်မြင့်မားရေးအတွက် လည်း အကျိုးသက်ရောက်မှုရှိမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် စားရေး၊ ဝတ်ရေး၊ နေရေး၊ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကိစ္စအဝဝတွင် လိုအပ်ချက်များကို အတတ်နိုင်ဆုံး စဉ်းစားဖြည့်ဆည်းလုပ်ဆောင်ပေးနေကြောင်း၊ စစ်မှုထမ်းဟောင်းများအတွက်လည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ပေးနေကြောင်း၊ ယင်းသို့လုပ်ဆောင်နေမှုများကို တန်ဖိုးထား၍ အရာရှိ၊ စစ်သည်များအနေဖြင့် စည်းကမ်းကောင်းမွန်ခြင်း၊ စည်းကမ်းလိုက်နာခြင်း၊ အမိန့်နာခံခြင်းဆိုသည့် တပ်မတော်၏ အစဉ်အလာကောင်းများနှင့်အညီ စောင့်ထိန်းလိုက်နာ နေထိုင်ကြစေလိုကြောင်း၊ ကိုယ့်ကိုယ်ကိုယ်ကောင်းအောင်၊ ကိုယ့်တပ်ကောင်းအောင် ၊ ကိုယ့်တပ်မတော်ကောင်းအောင်၊ ကိုယ့်နိုင်ငံကောင်းအောင် အမြင်ကျယ်ကျယ်ဖြင့် စောင့်ထိန်းလိုက်နာလုပ်ဆောင်သွားရန် တိုက်တွန်းပြောကြား သည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သန်လျင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (မြဝတီ)

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သန်လျင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်များအတွက် သုတ၊ ရသ စာအုပ်စာစောင်များကို လည်းကောင်း၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက အားကစားပစ္စည်းများကိုလည်းကောင်း ပေးအပ်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ရေတပ်လေ့ကျင့်ရေးကျောင်းရှိ Department of Maritime Operations သို့ရောက်ရှိကြရာ အစည်းအဝေးခန်းမ၌ ရေတပ်လေ့ကျင့်ရေးကျောင်းအုပ်ကြီးက လေ့ကျင့်ရေးဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် Damage Control Simulatar Project တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုကြရာ ရှင်းလင်းဆောင်တွင် တာဝန်ရှိသူတစ်ဦးက Simulatar Project တည်ဆောက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် Damage Control Simulatar Project တည်ဆောက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် သန်လျင်တပ်နယ် အားကစားကွင်းတည်ဆောက်နေမှုနှင့် ရေကူးကန်တည်ဆောက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မြန်မာစီးပွားရေး ကော်ပိုရေးရှင်း၊ သင်္ဘောဖျက်စက်ရုံ(သီလဝါ)သို့ရောက်ရှိကြရာ၌ စက်ရုံမှူးက သင်္ဘောဖျက်စက်ရုံဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီးနောက် သင်္ဘောဖျက်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ကလေးမြို့နယ်အတွင်း ကော်မရှင်အဖွဲ့ခွဲရုံးများတွင် မဲစာရင်းကြေညာမှုများ ကြည့်ရှုစစ်ဆေး

**ကလေး အောက်တိုဘာ ၉**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် အောက်တိုဘာ ၇ ရက် နံနက် ၈ နာရီက စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးတင်လှိုင်မြင့်၊ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်အောင်သူဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ဦးနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အသီးသီးမှ တာဝန်ရှိသူများနှင့်အတူ ကလေးမြို့နယ်အတွင်းရှိ လှိုင်သာယာရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ ကြို့သုံးပင်ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးနှင့် အောင်ဇေယျရပ်ကွက် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများသို့ သွားရောက်၍ မဲစာရင်းကပ်ထား ကြေညာထားမှု၊ ပုံစံ(၃)၊ ပုံစံ(၄)၊ ပုံစံ(၄-က)ဖြင့် လျှောက်ထားမှု အခြေအနေနှင့် နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့ ရောက်ရှိနေသည့် မဲဆန္ဒရှင်များ ကြိုတင်မဲစာရင်း ပုံစံ(၁-၃) များ ကပ်ထားမှုအား လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**



ရှေးဦးစွာ လှိုင်သာယာရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး သို့ရောက်ရှိ ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကြို့သုံးပင်ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ရောက်ရှိပြီး နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့သွားရောက်နေသူများ ကြိုတင်မဲစာရင်း ပုံစံ(၁-၃) ကပ်ထားမှု ရှိ/မရှိ ကြည့်ရှုစစ်ဆေးသည်။ မဲရုံများတည်ဆောက်ရာတွင် မသန်စွမ်းသူများ လွယ်ကူစွာမဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်သွားရန်လိုကြောင်း၊ မဲရုံသို့ Wheel Chair ဖြင့် လွယ်ကူချောမွေ့စွာ တက်နိုင်ရန် ဆင်ခြေလျှောလမ်းပြုလုပ်ပေးရန်နှင့် မဲပုံးများအကြား သွားလာနိုင်ရန် သုံးပေခန့် အကျယ်အဝန်း ရှိရမည်ဖြစ်ကြောင်း၊ မျက်မမြင်များ လွယ်ကူအဆင်ပြေစွာ ဆန္ဒမဲပေးနိုင်ရန်အတွက်လည်း စီစဉ်ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ဆက်လက်၍ အောင်ဇေယျရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ သွားရောက်ကြည့်ရှုပြီး အမှန်တကယ်လုံခြုံရေးတာဝန်ထမ်းဆောင်နေသူများကိုသာ ကြိုတင်မဲပေးစေရန်နှင့် ကျန်တပ်မတော်သားများနှင့် အိမ်ထောင်စုဝင်များ မဲရုံသို့ ကိုယ်တိုင်လာရောက်မဲပေးကြစေရန် မှာကြားသည်။ **(သတင်းစဉ်)**

# ရေဘေးသင့်ဒေသပြန်လည်ထူထောင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၉**

ရေဘေးလွန်ကာလ ပြန်လည်ထူထောင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုအတွက် CB-KMA ဖောင်ဒေးရှင်းနှင့် ပူးပေါင်းကာ ပါရမီအထူးကုဆေးရုံမှ အထူးကုဆရာဝန်ကြီးများအဖွဲ့သည် အောက်တိုဘာ ၄ ရက်နှင့် ၅ ရက်တို့က ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၌ ဒေသခံများ၏ ကျန်းမာရေးစောင့်ရှောက်မှုများအတွက် ကွင်းဆင်းကုသမှုများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါပါရမီဆေးရုံမှ ဒါရိုက်တာအဖွဲ့ဝင် ဒေါက်တာသင်းသင်းကြူ၊ အထွေထွေရောဂါကု ဆရာဝန်ကြီး ဒေါက်တာဇေယျာအေး၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာသိန်းထွန်း၊ ဆရာဝန်နှစ်ဦးနှင့် သူနာပြုအကူနှစ်ဦး ပါဝင်သော ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့သည် အောက်တိုဘာ ၄ ရက်က မြောက်ဦးမြို့ အလိုတော်ပြည့် ဘုန်းကြီးကျောင်း၌ လူနာ ၂၀၀ ကိုလည်းကောင်း၊ အောက်တိုဘာ ၅ ရက်က လူနာ ၄၀၀ ခန့်ကိုလည်းကောင်း လိုအပ်သော ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။



ထို့အပြင် မြောက်ဦးမြို့နယ် မြောင်ဘွေကျေးရွာရှိ တိုက်နယ်ဆေးရုံသို့ CB-KMA ဖောင်ဒေးရှင်းက လှူဒါန်းသော ခုတင်အပါ (မွေ့ရာအပါ)အလုံး ၂၀၊ ချွဲစုပ်စက်တစ်လုံး၊ Oxygen Concentrator တစ်လုံးနှင့် Nebulizer တစ်လုံးတို့ကိုလည်းကောင်း၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးသို့ နားကြပ်၊ သွေးပေါင်ချိန်တိုင်းကိရိယာ၊ ပေါင်ချိန်စက်၊ ဆေးဝါးမျိုးစုံနှင့် မြို့နယ်ဆေးရုံသို့ လိုအပ်လျက်ရှိသော ဆေးဝါး၊ ပစ္စည်းမျိုးစုံတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**တင်စိုး(မြန်မာ့အလင်း)**

## ကောလင်း၌ မိုးသည်းထန်စွာရွာသွန်း မြို့ပေါ်ရပ်ကွက်များ၌ ရေကြီးရေလျှံ

**ကောလင်း အောက်တိုဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ်၌ အောက်တိုဘာ ၈ ရက်ကစတင်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့ပေါ်ရပ်ကွက်များဖြစ်သော မြောက်အင်း၊ ကျော်ဇေယျာ(ရေကျော်)၊ ပြင်ဦးလွင်၊ ဈေးရုံဗိုလ်တဲ၊ စက်ရုံလယ်ပြင်၊ မြို့ကုန်းမြို့မရပ်ကွက်တို့၌ ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက် ရှိသည်။

ရေကြီးရေလျှံမှုကြောင့် ကောလင်းမြို့နယ်အတွင်း လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း၊ မိုးရေချိန်လက်မများမှာ ကောလင်းမြို့နယ်နှင့်ဝန်းသိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းတာချက်အရ ကောလင်းမြို့နယ်၌ အောက်တိုဘာ ၈ ရက်တွင် ၀ ဒသမ ၇၂လက်မ၊ ၉ရက်တွင် ၅ ဒသမ ၀၆ လက်မနှင့် ဝန်းသိုမြို့နယ်၌ အောက်တိုဘာ ၆ ရက်မှ ၈ ရက်အထိ ၁ ဒသမ ၄၁ လက်မ၊ ၉ ရက်တွင် ၆ ဒသမ ၁၀ လက်မတို့ဖြစ်ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## ဒေသအလိုက် မိုးကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၉**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ အောက်တိုဘာ ၁၀ ရက်တွင် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဒေသအလိုက် မိုးကြီးနိုင်သည်။ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**(မြန်မာ့အလင်း)**

## ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့်ပစ္စည်းများ ဆက်လက်လှူဒါန်းလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၉**

ရေဘေးသင့် ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပအစိုးရများ၊ အဖွဲ့အစည်းများ၊ ပြည်သူများက အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိရာ နေပြည်တော်(ရုံးချုပ်)၌ အောက်တိုဘာ ၉ ရက်တွင် ဒေါ်မြစိမ်းအေး၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)၊ အဆောက်အအုံဦးစီးဌာန၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနက အလှူငွေကျပ် ၄၄ သိန်း လေးသောင်း လာရောက်လှူဒါန်းခဲ့ပြီး Global Power Synergy PCL က အမေရိကန်ဒေါ်လာ ၅၀၀၀၀ ကို နိုင်ငံခြားအလှူငွေစာရင်းအမှတ် (1DA-0300086) သို့ တိုက်ရိုက်ထည့်သွင်းလှူဒါန်းသည်။

လာရောက် လှူဒါန်းခဲ့မှုများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက လက်ခံယူကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ဦးအေးမင်း မိသားစုက ငွေကျပ် ၂၉၆၀၀၊ မြန်မာမွတ်စလင်အမျိုးသမီး သာသနာ့ရိပ်သာရှိ ကျောင်းသူကလေးများအဖွဲ့က ငွေကျပ် ၁၃၁၀၀၀ တို့ကို လက်ခံရရှိသည်။

သို့ဖြစ်၍ ဇူလိုင် ၂၉ ရက်မှ ယနေ့အထိ အလှူရရှိငွေစုစုပေါင်းမှာ ၈၀၇၆၇၉၀၇၁၃ ကျပ် ၆၁ ပြား၊ အမေရိကန်ဒေါ်လာ ၃၃၆၈၄၉၂ ဒသမ ၂၆ ဒေါ်လာ၊ ယူရို ၃၀၀ ဖြစ်ပြီး အဆိုပါလက်ခံရရှိသော အလှူပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိသည့်အပြင် အလှူငွေများကို ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး လုပ်ငန်းတို့၌ သုံးစွဲလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ရေဘေးသင့်ဒေသပြန်လည်ထူထောင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး**

## တမူးခရိုင်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ယာယီတံတားအချို့နှင့် ချဉ်းကပ်လမ်းများမျောပါ

**မုံရွာ အောက်တိုဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်အတွင်း နေရာကွက်၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက ခမ်းပါတ်မြို့ ကလေးဝ-ကျီကုန်း-တမူးလမ်း မိုင်တိုင်အမှတ် (၆၀/၁-၆၀/၂) လမ်းအကြား တံတားအမှတ်(၁/၆၁)ကမ္ဘြိုးယာယီရေနိမ့်တံတား ပေ ၁၀၀ နှင့် ယာယီချဉ်းကပ်လမ်း ပေ ၈၀ ခန့် ရေတိုက်စားမှုကြောင့် ချောင်းရေ၌ မျောပါသွားခဲ့ကြောင်း သိရသည်။

ထို့အပြင် ကလေးဝ-ကျီကုန်း-တမူးလမ်းမိုင်တိုင်အမှတ် (၇၁/၃-၅၃/၄) ကြား တံတားအမှတ်(၃/၇၁) တွိဗန်ယာယီရေနိမ့်တံတားပေ ၁၆၀ မှာ ချောင်းရေတိုက်စားမှုကြောင့် အောက်ခြေရေလယ်တိုင်တစ်တိုင် ကျောက်ခြင်းများပျက်စီး၍တံတားအောက်သို့ နိမ့်ကျသွားပြီး ယာယီချဉ်းကပ်လမ်းပေ ၅၀ ခန့်မျောပါပျက်စီးသဖြင့် ယာဉ်များဖြတ်သန်းခွင့်မရတော့ကြောင်း သိရသည်။

အလားတူ ကလေးဝ-ကျီကုန်း-တမူးလမ်း မိုင်တိုင်အမှတ်(၇၃/၅-၇၃/၆)ကြား တံတားအမှတ်(၁/၇၄) တီးတိန်ယံ ယာယီရေနိမ့်တံတားပေ ၁၂၀ သည် အောက်ခြေ ကျောက်ခြင်းတိုင်များ ချောင်းရေတိုက်စားမှုကြောင့် ပြုတ်ထွက်ပျက်စီးသွားကာ တံတားမှာ ရေ၌မျောပါပြီး မိုင်တိုင်အမှတ် (၇၀/၀-၇၀/၁) ကြား တံတားအမှတ် (၁/၈၀) ရန်လင်းဖိုင် တံတားအရှည် ၃၆ ပေ သံကူကွန်ကရစ်တံတားသည် ကလေးဘက်ခြမ်း ရေကာနံရံပေ ၂၀ ပျက်စီးကျိုးကျသွား၍ယာဉ်ငယ်များသာ ဖြတ်သန်းသွားလာနိုင်ကြောင်း သိရသည်။

အဆိုပါ တမူးခရိုင်အတွင်း မိုးရေကြီးမှုကြောင့် တံတားများ၊ ချဉ်းကပ်လမ်းများ၊ ပျက်စီးမှုကြောင့် ဖြတ်သန်းသွားလာသည့် မော်တော်ယာဉ်များ အန္တရာယ်မဖြစ်ပေါ်စေရေးနှင့် အချိန်မီပြန်လည်ပြုပြင်နိုင်ရေး ခရိုင်နှင့်မြို့နယ်တာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် အောက်တိုဘာ ၉**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကျောက်တော်မြို့တွင် ၄ ဒသမ ၆၁ လက်မ၊ တမူးမြို့တွင် ၄ ဒသမ ၂၅ လက်မ၊ ကလေးမြို့တွင် ၃ ဒသမ ၉၅ လက်မ၊ ဖလမ်း မြို့တွင် ၃ ဒသမ ၇၀ လက်မ၊ ပလက်ဝမြို့နှင့် မြောက်ဦးမြို့တို့တွင် ၃ ဒသမ ၄၆ လက်မစီ၊ ဟုမ္မလင်းမြို့တွင် ၃ ဒသမ ၄၃ လက်မ၊ တောင်ကုတ်မြို့တွင် ၃ ဒသမ ၂၇ လက်မတို့ဖြစ်ကြသည်။ **(မိုး/ဇလ)**

## ဧရာဝတီမြစ်ဝှမ်း ရေကြီးရေလျှံမှုကာကွယ်နိုင်ရန်အတွက် တရုတ်နိုင်ငံမှ သုတေသနအဖွဲ့ မြောင်းမြခရိုင်သို့ရောက်ရှိ

**မြောင်းမြ အောက်တိုဘာ ၉**

ဧရာဝတီမြစ်ဝှမ်းတစ်လျှောက် ရေကြီးရေလျှံမှုများ ကာကွယ်တားဆီးနိုင်ရန်အတွက် တရုတ်နိုင်ငံမှ သုတေသနနှင့်ကွင်းဆင်းစစ်ဆေးရေး ကျွမ်းကျင်သူများအဖွဲ့သည် တိုင်းဒေသကြီးအတွင်း ကွင်းဆင်းသုတေသနပြုလုပ်လျက်ရှိသည်။

ထိုသို့ ကွင်းဆင်းသုတေသနပြုလုပ်နိုင်ရန် တရုတ်နိုင်ငံမှ ကျွမ်းကျင်ပညာရှင် (ညွှန်ကြားရေးမှူးချုပ်) Mr. Shu Qingpeng ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ အာက်တိုဘာ ၈ ရက်က မြောင်းမြမြို့သို့ ရောက်ရှိပြီး မြောင်းမြခရိုင်အတွင်း ရေကြီး ရေလျှံမှုဖြစ်ပေါ်လာပါက ရေဘေးကာကွယ်ရေးတာများနှင့် အစီအမံဆောင်ရွက်ထားရှိမှု၊ နှစ်အလိုက် ရေကြီးရေနစ်မြုပ်မှုဖြစ်စဉ်နှင့် ဒီရေတိုးဝင်ရောက်မှုအခြေအနေများ၊ စိုက်ပျိုးသီးနှံနှင့် လယ်ယာစိုက်ပျိုးထုတ်လုပ်မှု အခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တရုတ်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်အဖွဲ့သည် မအူပင်ခရိုင် ညောင်တုန်းမြို့၊ မြောင်းမြမြို့၊ ပုသိမ်မြို့နှင့် ဧရာဝတီမြစ်ဝှမ်းတစ်လျှောက် ရေကြီးရေလျှံမှု ကာကွယ်ရေးနှင့် စပ်လျဉ်းသည့် သုတေသန နှင့် ကွင်းဆင်းစစ်ဆေးမှုများကို အောက်တိုဘာ ၅ ရက်မှ ၁၉ ရက်အထိ ရေကြီးရေလျှံဖြစ်ပေါ်လျက်ရှိသော ဒေသများသို့ ဆက်လက်ကွင်းဆင်းသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်မင်း(ပြန်/ဆက်)**



**ရေလွှမ်းမိုးမှုမတိုင်မီ မိုးလေဝသသတင်းကို အမြဲမပြတ် နားထောင်ပါ**

# မြောက်ဦးဒေသ ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၉**

ရခိုင်ပြည်နယ် မြောက်ဦးဒေသ၌ ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို CB-KMA ဖောင်ဒေးရှင်းသည် စက်တင်ဘာလဆန်းမှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်အထိ လုပ်ငန်းများ၏ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

ရေဘေးသင့်ပြည်သူများအတွက် နေအိမ်များဆောက်လုပ်ပေးရာတွင် ရောမဏီကျေးရွာ၌ အိမ်ခြေ ၃၈ လုံးနှင့် တည်ဆောက်ရန် မြေနေရာများလှူဒါန်းခြင်း၊ ကျောင်းတောင်ကျေးရွာ၌ မုန်တိုင်းရေကြီးရာမှ မျောပါသွားခဲ့သည့် အိမ်ခြေ ၅၈ လုံးနှင့် ကျောင်းသား ၁၅၀ ဆံ့ မူလတန်းကျောင်းဆောင်သစ်ကို ဆောက်လုပ်လှူဒါန်းခြင်းအပါအဝင် တံတားသစ်တည်ဆောက်ခြင်း၊ သာသနိကအဆောက်အအုံများ ပြုပြင်တည်ဆောက် ခြင်း၊ အထူးကု ဆရာဝန်ကြီးများအဖွဲ့က ဆေးဝါးကုသပေးခြင်း၊ ဆေးရုံသုံးစက်ကိရိယာပစ္စည်းများ၊ ဆေးဝါးများလှူဒါန်းခြင်း စသဖြင့် ကျန်းမာရေး စောင့်ရှောက်ပေးခဲ့ကြသည်။ စိတ်ဓာတ်မြှင့်တင်ရေးအတွက် အနုပညာရှင်များကိုဖိတ်ခေါ်ပြီး အားပေးခြင်းများ အပြင် အခြားလိုအပ်သည့်အကူအညီများကို လုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

# ရန်ကုန်မြို့ တော်ဝန်ဖလား မျက်မမြင်လမ်းလျှောက်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၉**

နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ် (International White Cane Day) အထိမ်းအမှတ် (၂၄)ကြိမ်မြောက် ရန်ကုန်မြို့ တော်ဝန်ဖလား မျက်မမြင်လမ်းလျှောက်ပွဲကို အောက်တိုဘာ ၁၅ ရက် (ကြာသပတေးနေ့) နံနက် ၆ နာရီတွင် ရန်ကုန်မြို့မြို့တော်ခန်းမရှေ့၌ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။ **ကိုချစ်**




# နိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှု၊ မြေပြိုမှုဒဏ်ခံရသော ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ခရစ်ယာန်ဘုရားရှိခိုးကျောင်းများသို့ သာသနာရေးဝန်ကြီးဌာနမှတစ်ဆင့် စေတနာရှင် ရဟန်းရှင်လူပြည်သူများက ဆွမ်းဆန်တော်၊ သင်္ကန်းပရိက္ခရာ၊ ရဟန်းအသုံးအဆောင်ပစ္စည်းများနှင့် အလှူငွေများလှူဒါန်း

**နေပြည်တော် အောက်တိုဘာလ ၉**

၂၀၁၅ ခုနှစ် ဇူလိုင်နှင့်ဩဂုတ်အတွင်း မိုးသည်းထန်စွာရွာသွန်းသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ ရေကြီးရေလျှံမှု၊ မြေပြိုမှုများကြောင့် ပြိုကျပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်း၊ အသင့်အတင့် ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်း ၁၃၈ ကျောင်း၊ ရေဝင်ရေမြုပ် သာမန်ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်း ၆၄ ကျောင်း စုစုပေါင်းဘုန်းတော်ကြီးကျောင်း ၂၀၉ ကျောင်းတို့ ရေကြီးရေလျှံမှု၊ မြေပြိုမှုဒဏ်ခံခဲ့ရသည်။

အဆိုပါဘုန်းတော်ကြီးကျောင်းများ ပြန်လည်ပြုပြင်တည်ဆောက်ရန် စေတနာရှင် ရဟန်းရှင်လူပြည်သူများက သာသနာရေးဝန်ကြီးဌာနသို့ ဆွမ်းဆန်တော်၊ သင်္ကန်းပရိက္ခရာ၊ ရဟန်းအသုံးအဆောင်ပစ္စည်းများနှင့် အလှူတော်ငွေများကို စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လာရောက်လှူဒါန်းခဲ့သည်။ စေတနာရှင် ရဟန်းရှင်လူပြည်သူများက လာရောက်လှူဒါန်းသည့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများအနက် ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများသို့ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ရန် အလှူငွေကျပ် ၃၉၄၄ သိန်း ငါးသောင်းကျပ်၊ နဝကမ္မအလှူငွေကျပ် ၂၁၁ သိန်း တစ်သောင်း ခုနစ်ထောင်၊ ဆွမ်းဆန်တော်၊ သင်္ကန်း၊ သပိတ်၊ ပရိက္ခရာနှင့် ရဟန်းအသုံးအဆောင်ပစ္စည်းများ လှူဒါန်းမှုခန့်မှန်းတန်ဖိုး ၉၀၄ သိန်း ကိုးသောင်းရှစ်ထောင်ဖြစ်သဖြင့် စုစုပေါင်းလှူဒါန်းမှုတန်ဖိုး ငွေကျပ် ၅၀၆၀ သိန်း ခြောက်သောင်း ငါးထောင်ကို သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက သက်ဆိုင်ရာဒေသများသို့ လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ရေကြီးရေလျှံမှု၊ မြေပြိုမှုဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် ကချင်ပြည်နယ်မှ ခရစ်ယာန်ဘုရားရှိခိုးကျောင်း တစ်ကျောင်းနှင့် ချင်းပြည်နယ်မှ ခရစ်ယာန်ဘုရားရှိခိုးကျောင်း ၂၃ ကျောင်းတို့ကို ပြန်လည်ပြုပြင်တည်ဆောက်ရန် သာသနာရေးဝန်ကြီးဌာနမှတစ်ဆင့် စေတနာရှင်၊ ရဟန်းရှင်လူပြည်သူများက လှူဒါန်းသည့်အလှူငွေကျပ် ၁၅၀၅ သိန်းကိုလည်း သက်ဆိုင်ရာ ခရစ်ယာန် ဘုရားရှိခိုးကျောင်းများသို့ သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများနှင့် ခရစ်ယာန်ဘုရားရှိခိုးကျောင်းများသို့လှူဒါန်းမှု စုစုပေါင်းတန်ဖိုး ငွေကျပ် ၆၅၆၅ သိန်းခြောက်သောင်း ငါးထောင်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

**တိုင်းဒေသကြီး/ ပြည်နယ်များရှိ ရေကြီးရေလျှံ မြေပြိုမှုဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းပြီးစီးမှု**

ဇယား(၁)

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဘုန်းတော်ကြီးကျောင်း အရေအတွက် | လှူဒါန်းငွေ (ကျပ်သိန်း) |
|---|---|---|---|
| ၁ | ချင်း | ၄ | ၁၃၆၃. ၂၀ |
| ၂ | မွန် | ၁ | ၄၀. ၀၀ |
| ၃ | ရခိုင် | ၁ | ၄၀. ၀၀ |
| ၄ | ဧရာဝတီ | ၁ | ၅၀. ၀၀ |
| | စုစုပေါင်း | ၇ | ၁၄၉၃.၂၀ |

**အသင့်အတင့်ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းပြီးစီးမှု**

ဇယား(၂)

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဘုန်းတော်ကြီးကျောင်း အရေအတွက် | လှူဒါန်းငွေ (ကျပ်သိန်း) |
|---|---|---|---|
| ၁ | ကချင် | ၁ | ၁၀. ၀၀ |
| ၂ | ချင်း | ၁၁ | ၇၃၆. ၈၀ |
| ၃ | စစ်ကိုင်း | ၂၃ | ၃၃၀. ၀၀ |
| ၄ | ပဲခူး | ၆ | ၈၅. ၀၀ |
| ၅ | မကွေး | ၆ | ၁၀၅. ၀၀ |
| ၆ | မန္တလေး | ၁ | ၁၀. ၀၀ |
| ၇ | ရခိုင် | ၈၅ | ၈၅၀. ၀၀ |
| ၈ | ဧရာဝတီ | ၅ | ၁၀၅. ၀၀ |
| | စုစုပေါင်း | ၁၃၈ | ၂၂၃၁.၈၀ |

**သာမန်ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းများသို့လှူဒါန်းပြီးစီးမှု**

ဇယား(၃)

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဘုန်းတော်ကြီးကျောင်း အရေအတွက် | လှူဒါန်းငွေ (ကျပ်သိန်း) |
|---|---|---|---|
| ၁ | စစ်ကိုင်း | ၁၁ | ၅၅. ၀၀ |
| ၂ | ပဲခူး | ၁ | ၂. ၅၀ |
| ၃ | မကွေး | ၁ | ၅၀. ၀၀ |
| ၄ | မန္တလေး | ၂ | ၁၀. ၀၀ |
| ၅ | မွန် | ၁ | ၅. ၀၀ |
| ၆ | ဧရာဝတီ | ၄၈ | ၁၄၂. ၀၀ |
| | စုစုပေါင်း | ၆၄ | ၂၁၉.၅၀ |

**ရေကြီးရေလျှံမြေပြိုမှုဒဏ်ခံခဲ့ရသော ဘုန်းတော်ကြီးကျောင်းများသို့ နဝကမ္မအလှူငွေ လှူဒါန်းပြီးစီးမှု**

ဇယား(၄)

| စဉ် | တိုင်းဒေသကြီး | ဘုန်းတော်ကြီးကျောင်း အရေအတွက် | လှူဒါန်းငွေ (ကျပ်သိန်း) |
|---|---|---|---|
| ၁ | မကွေး | ၂၂၀ | ၁၂၄. ၀၀ |
| ၂ | ပဲခူး | ၁၁၉ | ၄၀. ၀၇ |
| ၃ | ဧရာဝတီ | ၅၉ | ၄၇. ၁၀ |
| | စုစုပေါင်း | ၃၉၈ | ၂၁၁.၁၇ |

**ရေကြီးရေလျှံ မြေပြိုမှုဒဏ်ကြောင့် ပျက်စီးခဲ့သည့် ခရစ်ယာန်ဘုရားရှိခိုးကျောင်းများသို့ လှူဒါန်းပြီးစီးမှု**

ဇယား(၅)

| စဉ် | ပြည်နယ် | ခရစ်ယာန်ဘုရား ရှိခိုး ကျောင်းအရေအတွက် | လှူဒါန်းငွေ (ကျပ်သိန်း) |
|---|---|---|---|
| ၁ | ကချင် | ၁ | ၅. ၀၀ |
| ၂ | ချင်း | ၂၃ | ၁၅၀၀. ၀၀ |
| | စုစုပေါင်း | ၂၄ | ၁၅၀၅.၀၀ |

**သာသနာရေးဝန်ကြီးဌာနနိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှု၊ မြေပြိုမှုဒဏ်ခံရသော ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ရဟန်းအသုံးအဆောင်ပစ္စည်းများ လှူဒါန်းပြီးစီးမှု**

ဇယား(၆)

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဆွမ်းဆန်တော်နှင့် ရဟန်းအသုံးအဆောင်များ | | | | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | သင်္ကန်း (ဒွိစုံ) | သီလရှင်ဝတ်စုံ | သပိတ် | ထီး | ဖိနပ် | ယပ် | မျက်နှာသုတ်ပဝါ | ဆန်အိတ် | ဆီ (ပိဿာ) | စတီးသုံးဆင့်ချိုင့် | စတီးဇွန်းဒါဇင် | စောင် | ခေါက်ဆွဲခြောက် (ပါကင်) | ဆပ်ပြာမှုန့်ထုပ် | ဓာတ်မီး | ဆွမ်းဟင်းခွက် | ဆား (ပိဿာ) | ဆေးမျိုးစုံ (ထုပ်) | အချိုရည်ကတ် | သွားတိုက်ဆေးတံ | ဗလာစာအုပ် (ဒါဇင်) |
| ၁ | စစ်ကိုင်း | ၁၄၅၅ | ၁၉၇ | ၃၀၀ | - | ၅၀၀ | - | - | ၇၈ | - | ၄၀၀ | ၅၀ | - | - | - | - | - | - | - | - | - | - |
| ၂ | ပဲခူး | ၃၅၃ | - | ၃၄၈ | ၃၄၈ | ၃၄၈ | ၃၄၈ | - | ၁၂၀ | ၆၀ | ၁၁၉ | ၁၁၉ | ၃၀၉ | - | - | - | - | ၁၁၉ | - | ၁၁၉ | - | - |
| ၃ | မကွေး | ၁၅၀၄ | ၁၃၆ | ၄၆၉ | ၆၄၀ | ၆၆၉ | - | ၁၈၇ | ၈၁၈ | ၁၅၄ | ၃၂၉ | ၁၇၅ | ၄၁၉ | ၇၁၆ | ၁၁၇၆ | ၁၂၄ | ၃၆၉ | ၁၂၅ | ၇၃၅ | ၄၄၈ | ၃၀၀ | ၄၀၀ |
| ၄ | ရခိုင် | ၅၀၀ | ၅၀ | ၂၀၀ | - | ၂၀၀ | - | - | - | - | ၁၀၀ | ၅၀ | - | - | - | - | - | - | - | - | - | - |
| ၅ | ဧရာဝတီ | ၂၄၅ | - | ၁၅၂ | ၁၅၂ | ၁၅၂ | - | ၁၅၂ | ၁၀၈ | ၇၀ | ၁၀၈ | ၅၄ | ၅ | - | - | ၁၅၂ | - | - | ၅၄ | ၁၀၈ | - | ၅၄ |
| | စုစုပေါင်း | ၄၀၅၇ | ၃၈၃ | ၁၄၉၆ | ၁၄၄၀ | ၁၈၆၉ | ၃၄၈ | ၃၃၉ | ၁၁၂၄ | ၂၈၄ | ၁၀၅၆ | ၄၄၈ | ၇၃၃ | ၇၁၆ | ၁၁၇၆ | ၂၇၆ | ၃၆၉ | ၂၄၄ | ၇၈၉ | ၆၇၅ | ၃၀၀ | ၄၅၄ |

# ပြည်ပအကူအညီမပါဘဲ နိုင်ငံတော်၏ဘတ်ဂျက်ဖြင့်သာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင် မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ

သတင်း - ခင်မောင်ထွေး၊ ဝင်းဝင်းမော်
ဓာတ်ပုံ - ဇော်မင်းလတ်

**ရန်ကုန် အောက်တိုဘာ ၉**

"ကျန်းမာရေးဝန်ကြီးဌာနသည် ဆေးရုံများ အဆင့်မြှင့်တင်ခြင်း၊ ဆေးဝါးများနှင့် ကုသမှုအထောက်အကူစက်ပစ္စည်းများ တိုးမြှင့် ထောက်ပံ့တပ်ဆင်ပေးခြင်းများအတွက် နှစ်စဉ်ရန်ပုံငွေများကို တိုးတက်ရရှိလျက်ရှိရာ အဆိုပါရန်ပုံငွေများကို အကျိုးရှိရှိ အသုံးချပြီး ပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းမြင့်မားလာအောင် ဆောင်ရွက်လျက်ရှိကြောင်း" ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ပြောသည်။

ယနေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကျင်းပသည့် ရန်ကုန်မြို့ပေါ်ရှိ ဆေးရုံကြီးများအဆင့်မြှင့်တင်ခြင်းနှင့် ကုသရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်က ကျန်းမာရေးဝန်ကြီးဌာနအတွက် ဘတ်ဂျက်ဘဏ္ဍာငွေများကို တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်သုံးစွဲလျက်ရှိရာ ၂၀၁၁-၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သန်း ၈၆၅၈၂ ဒသမ ၈၇၁၊ ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သန်း ၃၄၉၆၃၀ ဒသမ ၉၆၇၊ ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သန်း ၄၈၅၂၆၃ ဒသမ ၂၉၈၊ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သန်း ၇၀၈၉၄၉ ဒသမ ၀၀၆ နှင့် ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သန်း ၇၅၃၀၀၁ ဒသမ ၃၇၈ ခွဲဝေပေးခဲ့ကြောင်း အဆိုပါဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

၂၀၁၁-၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ်ခွဲဝေမှုထက် ၈ ဒသမ ၇ ဆခန့် ပိုမိုတိုးမြှင့်ပေးခဲ့ခြင်း ဖြစ်သည်။ ပိုမိုခွဲဝေရရှိသည့် ရန်ပုံငွေများကြောင့် အဓိကလိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်းများကို ၂၀၁၁ ခုနှစ်ကထက် ၃၅ ဆ တိုးမြှင့်ဝယ်ယူနိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၁၂ သန်းခန့် ဖြစ်ကြောင်းသိရသည်။ ထို့အတူ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ရန်ပုံငွေတိုးမြှင့်ပေးခဲ့သည့်အတွက် ရလဒ်အနေဖြင့် လူနာများ၏ စိုက်ထုတ်ကုန်ကျရငွေသည် ၂၀၁၁ ခုနှစ်တွင် ၈၀ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၆၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ပြီး ဆက်လက်လျှော့ချနိုင်ရန်လည်း စီစဉ်လျက်ရှိကြောင်း သိရသည်။

အလားတူ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများကိုလည်း ပြည်ပအကူအညီမပါဘဲ နိုင်ငံတော်၏ဘတ်ဂျက်ဖြင့်သာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း

ကျန်းမာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက"ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ ဆောက်လုပ်နေတဲ့တည်ဆောက် ပြုပြင်ရေးလုပ်ငန်းတွေက နိုင်ငံတော်သမ္မတကြီး ဦးဆောင်တဲ့အစိုးရအဖွဲ့လက်ထက်မှာ စီမံကိန်းတွေ စတင်ပြီး လက်ရှိအစိုးရလက်ထက်မှာပဲ ပြီးစီးအောင်ဆောင်ရွက်တဲ့ လုပ်ငန်းတွေဖြစ်ပါတယ်၊ အချို့လုပ်ငန်းတွေက ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်"ဟုဆိုသည်။

"ပြီးစီးထားတဲ့ လုပ်ငန်းက ငါးထပ်ဆောင်မှာ အဆင့်မြင့် ခေတ်မီအော်ပရေးရှင်း သီရေတာ ၁၀ လုံး တိတိပါတဲ့ အဆောင်သစ်ကို ဖွင့်လှစ်နိုင်ဖို့ဖြစ်တယ်၊ ဒီအဆောက်အအုံကိုလည်း ပြည်ပအကူအညီမပါဘဲ နိုင်ငံတော်ဘတ်ဂျက်နဲ့ တည်ဆောက်ပြီးခဲ့တာဖြစ်ပါတယ်၊ ပင်မဆောင်ကို ဆက်လက်ပြုပြင်နေတာ ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီ၊ ဒါ့ပြင် ဆေးရုံကို အဆင့်မြှင့်သလို လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းမွန်လာတာကြောင့် လုပ်သားပြည်သူတွေက ပြည်သူ့ဆေးရုံကြီးကို ပိုပြီးအားကိုးလာတယ်၊ ဒီဆေးရုံကို တက်ရောက်ကုသတဲ့ လူနာတွေကို ခေတ်မီမီနဲ့ ကုသဖို့အတွက် ဆေးရုံကို ထပ်မံတည်ဆောက်ရခြင်းဖြစ်ပါတယ်၊ ဒီဘဏ္ဍာနှစ်မှာ လူနာ ၁၀၀၀ ကျော်ဆံ့တဲ့ ၁၂ ထပ်ဆောင်ကိုလည်း ဆောက်လုပ်နေပါတယ်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတင်မက ရန်ကုန်မြို့ပေါ်မှာရှိတဲ့ ဆေးရုံတွေကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးနည်းတူ အဆင့်မြင့်မြင့်ကုသနိုင်ဖို့အတွက် ဆေးရုံအဆင့်မြင့် တိုးချဲ့တာတွေ ဆောင်ရွက်နေပါတယ်"ဟု အမြဲတမ်းအတွင်းဝန်က ဆက်လက်ပြောကြားသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆေးဝါးများ ဝယ်ယူဖြန့်ဖြူးရေးတွင်လည်း ပိုပြီးထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာအဆင့်မီ ဖြန့်ဖြူးရေးစနစ်သုံးနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိသည်။

ဆေးရုံတွေ အဆင့်မြင့်ရုံသာမက ဆေးကုသရေးဝန်ထမ်းတွေကိုလည်း အရည်အသွေးတိုးမြှင့်ရန် စီစဉ်ဆောင်ရွက်နေကြောင်း၊ အရည်အသွေးပြည့်မီသော ဆရာဝန်တွေ ထွက်ရှိဖို့ ကြိုးစားဆောင်ရွက်ရာမှာ မကြာမီက တောင်ကြီးဆေးတက္ကသိုလ်ကို ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ဘွဲ့ရပြီး ဆရာဝန်တွေကိုလည်း အမြန်ဆုံးလုပ်ငန်းခွင်ဝင်ရောက်နိုင်ဖို့ စီစဉ်နေကြောင်း၊ သူနာပြုတွေကိုလည်း သင်တန်းတွေပြီးပါက လုပ်ငန်းခွင်ဝင်နိုင်ရန် ကြိုးစားဆောင်ရွက်နေကြောင်း၊ အဆောက်အအုံအပိုင်း၊ စက်ပစ္စည်းများအပိုင်း၊ ဆေးဝါးပစ္စည်းတွေ ထောက်ပံ့တဲ့အပိုင်းကို နိုင်ငံတော်ဘတ်ဂျက်ဖြင့် အသုံးပြုခြင်းဖြစ်ကြောင်း၊ ထိုသို့ အသုံးပြုခြင်းဖြင့် လူနာတစ်ဦး၏ ငွေကြေးစိုက်ထုတ်အသုံးပြုခြင်းမှာ ယခင်ကထက် လျှော့နည်းလာကြောင်း ၎င်းက ဆက်လက် ရှင်းပြသည်။



ရန်ကုန်ဆေးရုံကြီးတိုးချဲ့ ငါးထပ်ဆောင်ရှိ ခွဲစိတ်ခန်းတွင် လူနာအား ခွဲစိတ်ကုသပေးနေသည်ကို တွေ့ရစဉ်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ လူနာများကို အခမဲ့ဆေးဝါးကုသမှုအပြင် ရောဂါရှာဖွေကုသရာတွင် အသုံးပြုသည့်ဓာတ်မှန်၊ အာထရာဆောင်း၊ စီတီရိုက်သည်ကအစ အခမဲ့ဝန်ဆောင်ပေးမှုများကြောင့် ဝေဒနာရှင်ပြည်သူတို့ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်များပြားစွာ လာရောက် ကုသလျက်ရှိကြောင်း သိရသည်။



ပါမောက္ခ ဒေါက်တာ မြင့်ဟန်

ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာမြင့်ဟန်က "အခြေခံအားဖြင့် ရန်ကုန် ပြည်သူ့ဆေးရုံကြီးတွင်သာမက မြန်မာပြည်တစ်နံတစ်လျားက ဆေးရုံတွေအားလုံးမှာ လူနာဦးရေများပြားလျက် ရှိပါတယ်၊ ဥပမာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာဆိုရင် ယခင်နှစ်စာရင်းဇယားအရ အတွင်းလူနာ ကုသသူဦးရေ ၆၂၀၀၀ ရှိတယ်၊ ၂၀၀၈ ခုနှစ်ကဆိုရင် ၂၅၀၀၀ ခန့်ရှိတယ်၊ အပြင်လူနာအဖြစ် လာရောက်ကုသသူဦးရေတစ်သိန်းကျော် ရှိတယ်၊ ၂၀၀၈ ခုနှစ်ကနဲ့ယှဉ်ရင် အဆဘယ်လောက်တိုးလာတယ်ဆိုတာ ခန့်မှန်းကြည့်ပါ၊ ဒီလိုလူနာဦးရေ တစ်နှစ်ထက်တစ်နှစ် တိုးလာတဲ့ အကြောင်းတရား အများကြီးထဲမှာ သိသာထင်ရှားတဲ့အချက်က နှစ်ချက်ရှိပါတယ်၊ ပထမအချက်ကတော့ နိုင်ငံတကာ ကျင့်သုံးနေတဲ့ ဆေးရုံတက်နေတဲ့ လူနာတွေကို အခမဲ့ကုသမှုပေးတယ်၊ ဝန်ဆောင်မှုကောင်းတာကြောင့် ယခင်လူနာအများစုက ဆေးရုံကို သွားဖို့ရာ တော်ရုံတန်ရုံကြောက်ကြတယ်၊ ငွေကြေးမရှိရင် မိမိအိမ်အနီးအနားမှာသာ ကုသမှုခံယူနေကြရတယ်၊ အခုဆိုရင် ဝန်ဆောင်မှု ကောင်းတာကြောင့် လူနာတွေက ရဲရဲဝံ့ဝံ့နဲ့ ဆေးရုံကို ရောက်လာကြတာပါ၊ အခမဲ့ဆေးဝါး ကုသမှုက ဆေးဝါးတင်မကဘဲ ရောဂါရှာဖွေကုသရာမှာ အသုံးပြုတဲ့ ဓာတ်မှန်၊ အာထရာဆောင်း၊ စီတီရိုက်တာကအစ အခမဲ့ ဝန်ဆောင်မှုပေးတယ်၊ ခွဲစိတ်မှု ကြီးကြီးမားမားတွေကိုလည်း ဝန်ဆောင်မှုပေးနေတယ်၊ အထူးသဖြင့် အခုအဖြစ်များနေတဲ့ ကင်ဆာရောဂါ ဆေးတွေဆိုရင် နိုင်ငံတော်ကပြည်သူတွေအတွက် ကျခံသုံးစွဲနေတာကြောင့် ပြည်သူလူထုက လက်လှမ်းမီစွာနဲ့ ကုသနိုင်တယ်၊ အဆောက်အအုံပိုင်း ပြည့်စုံရုံတင်မက ဆေးပစ္စည်း၊ စက်ကိရိယာတွေကို ခေတ်မီတိုးတက်အောင် လုပ်ဆောင်ပေးနေတယ်၊ ကင်ဆာဝေဒနာရှင်တွေအတွက် ယခင်က ပြည်ပမှာ ကုသရတဲ့ ပက်စီတီဆိုရင် Modular OT မှာ မကြာခင်လအနည်းငယ်အတွင်း ဝန်ဆောင်မှုစမ်းသပ်မှုပြုလုပ်ပေးနိုင်တော့မယ်၊ ပြည်သူလူထုအပိုင်းက ဝန်ဆောင်မှုပေးတဲ့အခါ ဆေးရုံကြီးအနေနဲ့ ကျပ်ညပ်နေပေမယ့် များပြားတဲ့အတွင်းလူနာ၊ အပြင်လူနာတွေကို ကျန်းမာရေးဝန်ထမ်းများက ပင်ပန်းတဲ့ကြားက ကြိုးစားပြီးတော့ ဝန်ဆောင်မှုပေးနေတာကြောင့် အခုလို တက်ရောက် ကုသမှုများပြားတာလို့ ယူဆပါတယ်"ဟု ပြောသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ၂၀၀၈ ခုနှစ်တွင် ဝေဒနာရှင်ပြည်သူ ၂၅၇၄၀၊ ၂၀၀၉ ခုနှစ်တွင် ၃၇၂၆၃ ဦး၊ ၂၀၁၀ ခုနှစ်တွင် ၄၃၃၂၀၊ ၂၀၁၁ ခုနှစ်တွင် ၄၆၇၁၃ ဦး၊ ၂၀၁၂ ခုနှစ်တွင် ၅၀၇၆၇ ဦး၊ ၂၀၁၃ ခုနှစ်တွင် ၅၈၀၃၁ ဦး၊ ၂၀၁၄ ခုနှစ်တွင် ၆၂၄၆၈ ဦး နှင့် ယခု ၂၀၁၅ ခုနှစ်တွင် ဩဂုတ်လ

*စာမျက်နှာ ၁၂ သို့*




ရန်ကုန်ဆေးရုံကြီးတိုးချဲ့ ငါးထပ်ဆောင်ကို တွေ့ရစဉ်။

# (၁၄၁) နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့ အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၉ ရက်တွင်ကျရောက်သည့် (၁၄၁) နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ်အခမ်းအနားနှင့် (၄၄)ကြိမ်မြောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ(ပြည်တွင်းအဆင့်)တွင် ထူးချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စွမ်းဆောင်ရည် အကောင်းဆုံးဆုရရှိသော စာတိုက်ရုံးများကို ဆုချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုလွှာပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကမ္ဘာ့စာပို့တိုက်နေ့အခမ်းအနားတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းက အဖွင့်အမှာစကားပြောကြားပြီး ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ပူးတွဲတာဝန်)က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ဆက်သွယ်ရေး ညွှန်ကြားရေးမှူးက ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် ကမ္ဘာ့စာပို့တိုက် သမဂ္ဂချုပ် (UPU) ညွှန်ကြားရေးမှူးချုပ်ထံမှ ပေးပို့လာသော ၂၀၁၅ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက (၄၄)ကြိမ်မြောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ(ပြည်တွင်းအဆင့်)တွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုသုံးဆုနှင့် အထူးဆုသုံးဆုကို ဆုရရှိသော ကျောင်းသား ကျောင်းသူများကိုလည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စွမ်းဆောင်ရည်အကောင်းဆုံး ဆုရရှိသော စာတိုက်ရုံးများကို လည်းကောင်း ဂုဏ်ပြုလွှာများ ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများ၊ ဆုရ ကျောင်းသား ကျောင်းသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီးနောက် **(အပေါ်ပုံ)**ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ်ဓာတ်ပုံများနှင့် ရှေးစာတိုက်သုံး ပစ္စည်းများ၊ ပြကွက်များကို ကြည့်ရှုခဲ့ကြသည်။ **(သတင်းစဉ်)**




*စာမျက် နှာ ၁၀ မှ*

အထိ ၄၉၈၉၆ ဦးအထိ လာရောက်၍ ဆေးဝါးကုသမှုခံယူခဲ့ကြကြောင်း စာရင်းဇယားများအရ သိရသည်။

"နိုင်ငံတော်က ကျန်းမာရေးဘတ်ဂျက်ကို အများကြီးသုံးစွဲ ဆောင်ရွက်ပေးနေပါတယ်၊ ဆေးတွေကိုလည်း ပြည့်ပြည့်ဝဝ ထောက်ပံ့ပေးနိုင်တယ်၊ မြန်မာနိုင်ငံက ကျေးလက်နေ ပြည်သူလူထုများတာကြောင့် ရောဂါကြီးဖြစ်လာရင် ငွေကြေးကအစ သူတို့မိသားစုတွေမှာ ပြင်ဆင်မှုမရှိတာကြောင့် အလွန် စိတ်မကောင်းစရာတွေနဲ့ ကြုံတွေ့ရတယ်၊ အခုဆို ပြည်သူလူထုတွေကို အခမဲ့ဆေးဝါးကုသမှုနဲ့ ကာကွယ်ပေးနေတယ်၊ တစ်စုံတစ်ခုဖြစ်လာရင် ကျန်းမာရေးအတွက် ထပ်ပြီးဝန်ထုပ်ဝန်ပိုးမဖြစ်ရအောင် နိုင်ငံတော်အစိုးရက ပြည်သူလူထုအတွက် ဆောင်ရွက်ပေးနေတာပါ၊ ဒါကို ပြည်သူအားလုံးက သိပြီးသားဖြစ်ပါတယ်၊ ခွဲစိတ်မှုပဲဖြစ်ဖြစ် ကင်ဆာဆိုရင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီးမှာပါ ဆောင်ရွက်ပေးနေပါတယ်၊ အချိန်အများကြီးစောင့်စရာမလိုပါဘူး၊ ပြည်သူလူထုကျန်းမာရေးအတွက် စောင့်ရှောက်မှုက ယခင်ကနဲ့ မတူပါဘူး၊ ပြည်သူတွေအားလုံး အသိပါပဲ၊ ပြည်သူတွေရဲ့အသံကို နားထောင်ကြည့်ပါလို့ ပြောချင်ပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ မြင့်ဟန်က ပြောသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို ၁၈၇၂ ခုနှစ်တွင် ယခု ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့်ရှိ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်နှင့် မျက်နှာချင်းဆိုင်မြေကွက်တွင် ကျွန်းသားဖြင့် အဆောက်အအုံ ဆောက်လုပ်ပြီး ၁၈၇၃ ခုနှစ်တွင် ခုတင် ၄၈၃ လုံးဖြင့် စတင်ဖွင့်လှစ်ခဲ့သည်။

၁၉၀၅ ခုနှစ် မေ ၆ ရက်တွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၏ ပင်မအဆောက်ကို Governor Sir H.S Bermes က လက်ရှိနေရာတွင် အုတ်မြစ်ချတည်ဆောက်ပေးခဲ့ရာ ၁၉၁၁ ခုနှစ်တွင် လုံးဝပြီးစီးခဲ့သည်။ မြေညီထပ်အပါအဝင် လေးထပ်အဆောက်အအုံဖြစ်၍ ခုတင် ၃၄၂ လုံးဆံ့ ဆေးရုံကြီးအဖြစ် ရူပီးငွေသိန်း ၄၀ ကျော် ကုန်ကျခံတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း မှတ်တမ်းများ အရ သိရသည်။ မြေအကျယ်အဝန်း ဧရိယာမှာ ၃၃ ဒသမ ၅၂၉ ဧကရှိပြီး လသာမြို့နယ်တွင် တည်ရှိသည်။

ဒုတိယကမ္ဘာစစ် အပြီးတွင် အဆောက်အအုံများ ထပ်မံတိုးချဲ့ကာ ခုတင် ၅၄၆ ခုတင်ဆံ့အဖြစ်လည်းကောင်း၊ ၁၉၆၂ ခုနှစ်တွင် ခုတင် ၁၅၀၀ ဆံ့ ဆေးရုံအဖြစ် အထူး ဆေးကုသဆောင်များကိုလည်းကောင်း ဆောက်လုပ်ကာ တိုးချဲ့ဖွင့်လှစ်ခဲ့သည်။

၁၉၁၂ ခုနှစ်တွင် နှလုံးဆေးကုသဆောင်၊ ၁၉၅၈ ခုနှစ်တွင် ကင်ဆာရောဂါကုဌာန၊ ၁၉၆၂ ခုနှစ်တွင် အဏုမြူရောင်ခြည်ဌာန၊ ၁၉၆၄ ခုနှစ်တွင် အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ ၁၉၆၅ ခုနှစ်တွင် ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုဌာန၊ ၁၉၇၈ ခုနှစ်တွင် ဆီးနှင့်ကျောက်ကပ်ရောဂါ ဆေးကုဌာန၊ ၁၉၈၁ ခုနှစ်တွင် အရေပြားအထူးကုဌာန၊ ၁၉၈၃ ခုနှစ်တွင် ဦးနှောက်နှင့် အာရုံကြောဆေးကုဌာန၊ ၁၉၉၂ ခုနှစ်တွင် အထူးကြပ်မတ်ကုသဆောင်၊ ၂၀၁၄ ခုနှစ်တွင် သင်ကြားရေးခန်းမနှင့် ၂၀၁၅ ခုနှစ်တွင် တိုးချဲ့ငါးထပ်ဆောင် အဆောက်အအုံများကို တိုးတက်ဖွင့်လှစ်နိုင်ခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရသည်။

# မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်ကိုယ်စားလှယ်များ အာဆီယံကင်းထောက်ညီလာခံသို့ တက်ရောက်မည်

**ရန်ကုန် အောက်တိုဘာ ၉**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၀ ရက်မှ ၁၅ ရက်အထိ ဖိလစ်ပိုင်သမ္မတနိုင်ငံ၌ကျင်းပမည့် **ASEAN Scout Association for Regional Cooperation (ASARC) Conference** သို့တက်ရောက်ရန် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် ဒေါက်တာတင်ညိုနှင့် အဖွဲ့ဝင်သုံးဦးသည် ယနေ့ နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့်ထွက်ခွာရာ မြန်မာနိုင်ငံကင်းထောက်ကော်မတီတွဲဖက်အတွင်းရေးမှူး ဦးအေးကြိုင်နှင့် ကော်မတီဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်ကိုယ်စားလှယ်များသည် အဆိုပါအာဆီယံကင်းထောက်ညီလာခံသို့ တက်ရောက်နေစဉ် အာရှ-ပစိဖိတ်ကင်းထောက်အဖွဲ့ချုပ်နှင့် နှစ်ရက်ကြာ သီးခြားဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

အလားတူ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် ကိုယ်စားလှယ်လေးဦးတို့သည် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၃ ရက်မှ ၈ ရက်အထိ တောင်ကိုရီးယားနိုင်ငံ၌ကျင်းပမည့် **(25th Asia-Pacific Regional Scout Conference)** သို့ တက်ရောက်ရန်သွားရောက်မည်ဖြစ်ပြီး မြန်မာနိုင်ငံကို ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြုရေး အပါအဝင် မြန်မာနိုင်ငံကင်းထောက်အဖွဲ့၏ရှေ့လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုလတ်(သတင်းစဉ်)**

# (၅၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**မြောင် အောက်တိုဘာ ၉** – စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့၌ (၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို အောက်တိုဘာ ၁ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်လွင်က အမှာစကားပြောကြားပြီး ရဲချုပ်ဇော်ဝင်းကပေးပို့သည့် (၅၁) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့သဝဏ်လွှာကို မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးသောင်းငွေက ဖတ်ကြားသည်။

ထို့နောက် မြန်မာနိုင်ငံရဲ တပ်ဖွဲ့လုပ်ငန်းများကို စိတ်ပါဝင်စား ကူညီဆောင်ရွက်ပေးသူများ၊ မြို့နယ်ရဲတပ်ဖွဲ့မှ ထူးချွန်သူများနှင့်ရဲတပ်ဖွဲ့ဝင်မိသားစု၏စိုက်ပျိုးရေးနှင့် နေအိမ်လိုင်းခန်းသန့်ရှင်းရေးဆုရရှိသူများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်ကိုကို**

# ကျွန်းလှမြို့နယ်တွင် မိုးရွာသွန်းမှုကြောင့် သဖန်းဆိပ်ဆည်ပင်မရေပိုလွှဲမှ ရေများထုတ်လွှတ်

**နောက်ဆုံးရဖောင်ပိတ်သတင်း**

**ကျွန်းလှ အောက်တိုဘာ ၉**

အောက်တိုဘာ ၉ ရက် နံနက် ၆ နာရီအထိ တိုင်းထွာချက်များအရ သဖန်းဆိပ်ဆည်၌ မိုးရေချိန် ၀ ဒသမ ၆၂ လက်မ၊ ကျွန်းလှမြို့၌ ၀ ဒသမ ၂၅ လက်မရွာသွန်းခဲ့ကြောင်း သိရသည်။ ထိုသို့ မိုးရွာသွန်းမှုကြောင့် သဖန်းဆိပ်ဆည်တွင် အောက်တိုဘာ ၉ ရက် ည ၇ နာရီအထိ ရေအမှတ် ပေ ၅၄၆ ဒသမ ၆၀၊ သိုလှောင်မှုပမာဏ ၃၁၀၉၂၀၄ ဧကပေ၊ ရေအနက်ပေ ၉၄ ဒသမ ၆၀ ဖြစ်ပြီး မွန်းလွဲ ၂ နာရီ ၄၅ မိနစ်မှစ၍ ပင်မရေပိုလွှဲမှ ၅၀၀၀၀ ကျူးဆက်နှုန်းဖြင့် ထုတ်လွှတ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေထုတ်လွှတ်ခြင်းကို တိုင်းဒေသကြီးဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကြည်ဆွေနှင့် ရွှေဘိုခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးစောသက်ခိုင်ဝင်းတို့က ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**



# အောက်တိုဘာ ၉ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၉ ရက်၊ သောကြာနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၆၀၀၀ မှ ၅၀၀၀၀ |
| ၂ | ဧရာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၄၅၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၂၀၀၀ |
| ၄ | မြီးတိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၉၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၇၀၀၀ |
| ၆ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၃၅၅၀၀၀ |
| ၇ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၈၀ မှ ၂၆၇၀ |
| ၈ | ကြက်သွန်နီ | ဆိပ်ဖြူ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၀၅၀ မှ ၁၈၀၀ |
| ၉ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၅၀ မှ ၂၅၇၅ |
| ၁၀ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၀၀ မှ ၃၃၀၀ |
| ၁၁ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၀၀ မှ ၈၇၀ |
| ၁၂ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၆၀၀ မှ ၁၅၀၀ |
| ၁၃ | ထောပတ်သီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၀၀၀၀ |
| ၁၄ | သြဇာသီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၅၀၀၀ |
| ၁၅ | လိမ္မော်သီး | | တစ်ပိဿာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၁၀၀ မှ ၁၅၀၀ |

**လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။**

# မီးလောင်မှုနှင့်ဆက်စပ်၍ သုံးလောင်းပြိုင် လူသတ်မှု တာချီလိတ်မြို့၌ဖြစ်ပွား

**တာချီလိတ် အောက်တိုဘာ ၉**

မိုးသည်းထန်စွာရွာသွန်းနေစဉ် နေအိမ်မီးလောင်မှုဖြစ်ပြီး အဆိုပါ မီးလောင်မှုနှင့်ဆက်စပ်ကာ သုံးလောင်းပြိုင် လူသတ်မှုတစ်ခုဖြစ်ပေါ်ခဲ့သည့်အတွက် လူအများ တုန်လှုပ်ချောက်ချားသွားခဲ့ရသည့် ဖြစ်စဉ်တစ်ခု တာချီလိတ်မြို့၌ ဖြစ်ပေါ်ခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၈ ရက် ည ၉ နာရီခွဲခန့်က မိုးသည်းထန်စွာ ရွာသွန်းနေစဉ် တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် ပိတောက်(၉) လမ်းသွယ် အမှတ်(၉၂)နေ ဒေါ်အားဆု၏နေအိမ်မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ တာချီလိတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးအရာရှိ ဦးကျော်သူနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ တာချီလိတ်မြို့မရဲစခန်းမှူး ဒုရဲမှူး ကျော်သန်းနှင့်တပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ရပ်ကွက်နေပြည်သူများက စုပေါင်းငြိမ်းသတ်ကြရာ မီးလောင်ကျွမ်းသည့်နေအိမ်မှာ ခြံဝင်းတံခါးနှင့် နေအိမ်တံခါးများကို သော့ခတ်ထားသဖြင့် ခက်ခဲစွာ ငြိမ်းသတ်ခဲ့ကြရပြီး ၉ နာရီ ၄၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားသည့် နေအိမ်အတွင်းဝင်ရောက်စစ်ဆေးရာ အိပ်ခန်းအတွင်းရှိ ခုတင်ပေါ်၌ စိုင်းတစ် (၃၉ နှစ်) မှာ ပက်လက်အနေအထားဖြင့်လည်းကောင်း၊ ဒေါ်အားညွန့်(၅၁ နှစ်) သည် ခုတင်ခြေရင်း၌ မှောက်လျက်အနေအထားဖြင့်လည်းကောင်း မီးလောင်သေဆုံးနေပြီး အခြားအိပ်ခန်းတစ်ခုတွင် ဒေါ်အားဆု(၈၆ နှစ်) သည် လည်ပင်းဝဲဘက်ဘေး၌ လေးလက်မခန့် ပြတ်ရှဒဏ်ရာဖြင့် ခုတင်ပေါ်၌ မှောက်လျက်အနေအထားဖြင့် အသက်မသေသေးဘဲ တွေ့ရှိရသဖြင့် တာချီလိတ်ဆေးရုံကြီးသို့ ပို့ခဲ့သော်လည်း ဆေးရုံအရောက်တွင် သေဆုံးသွားခဲ့သည်။

အဆိုပါဖြစ်စဉ်သည် သာမန်မီးလောင်မှုမဟုတ်ဘဲ ရာဇဝတ်မှုနှင့်မကင်းသော ဖြစ်ရပ်တစ်ခုဖြစ်သည့်အတွက် တာဝန်ရှိသူများက အသေးစိတ်ရှာဖွေစစ်ဆေးရာ စိုင်းတစ်၏ဦးခေါင်းအနီး ခုတင်ပေါ်မှ အရိုးအသွား ၁၂ လက်မခန့်ရှိ မီးလောင်ထားသည့် ဓားဦးချွန်တစ်ချောင်းနှင့် အခန်းအတွင်း ဓာတ်ဆီထည့်သည့် ပလတ်စတစ်ဘူးခွံတစ်ခုတို့ကို တွေ့ရှိရသည့်အတွက် လူသတ်ပြီး နေအိမ်မီးရှို့မှုအဖြစ် တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်လှစ်ကာ လူသတ်ပြီး နေအိမ်ကို မီးရှို့သွားသူအား အမြန်ဆုံးဖော်ထုတ်နိုင်ရေးအတွက် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

# ကမ္ဘာ့ဖလားအုပ်စု ခြေစစ်ပွဲ အိုင်ယာလန်ကို ဂျာမနီရှုံး

ယူရို ၂၀၁၆ ခြေစစ်ပွဲ အုပ်စုပွဲစဉ်များကို အောက်တိုဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် ပြန်လည်ယှဉ်ပြိုင်ခဲ့ကြပြီး အုပ်စု(D) အိုင်ယာလန်နှင့် ဂျာမနီပွဲတွင် အိမ်ရှင်အိုင်ယာလန်အသင်း တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

နည်းပြမာတင်အိုးနေးလ်၏ အိုင်ယာလန်အသင်းသည် ၄-၃-၃ ကစားကွက်ဖြင့် ပွဲထွက်လာပြီး ဂျိုအာချင်လို၏ဂျာမနီအသင်းသည် ၄-၄-၂ ကစားကွက်ဖြင့် ပွဲထွက်လာခဲ့သည်။ ဂျာမနီအသင်းသည် ဘောလုံးပိုင်ဆိုင်မှု အသာစီးရရှိခဲ့ပြီး အိုင်ယာလန်အသင်း၏ စိတ်ဓာတ်ပြင်းပြမှုများကြောင့် ပွဲချိန် မိနစ် ၇၀ တွင် လူစားဝင်လာသော တိုက်စစ်မှူး ရှိန်းလောင်းက အိုင်ယာလန်အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးခဲ့သည်။

အုပ်စု(D) တွင် ကိုးပွဲကစားအပြီး ဂျာမနီအသင်း ရမှတ် ၁၉ မှတ်ဖြင့် ဇယားထိပ်၌ဦးဆောင်နေပြီး အိုင်ယာလန်အသင်းသည် ရမှတ် ၁၈ မှတ်ရရှိကာ ပိုလန်အသင်းနှင့် အမှတ်တူနေပြီး ဂိုးကွာခြားချက်ကြောင့် တတိယနေရာတွင် ရပ်တည်နေသည်။ အုပ်စု(D) မှ တခြားပွဲစဉ်များအဖြစ် ဂျော်ဂျီယာက ဂျီဘရေလ်တာကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး စကော့တလန်နှင့် ပိုလန်မှာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

အုပ်စု(F) မှ ဟန်ဂေရီက နှစ်ဂိုး-တစ်ဂိုးဖြင့် ဖာရိုကျွန်းစုကို အနိုင်ရပြီး ဂရိအသင်းသည် မြောက်အိုင်ယာလန်ကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ရိုမေးနီးယားနှင့် ဖင်လန်မှာ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

အုပ်စု (I) တွင် ဆားဘီးယားက နှစ်ဂိုး- ဂိုးမရှိဖြင့် အယ်လ်ဘေးနီးယားကိုအနိုင်ရရှိပြီး ပေါ်တူဂီက အိမ်ကွင်း၌ ဒိန်းမတ်ကို တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

**သီဟ-ရေးသည်**



# ရွှေလီဦးယာဉ်လိုင်း ယာဉ်တိမ်းမှောက်မှုအတွက် ထိခိုက်ဒဏ်ရာရရှိသူ ၁၆ ဦးအား အာမခံလျော်ကြေးငွေများ ထပ်မံပေးအပ်

**နေပြည်တော် အောက်တိုဘာ ၉**

ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၁၀၅/၁) နှင့် (၁၀၅/၂) ကြားတွင် သြဂုတ် ၁၀ ရက်က ရွှေလီဦးယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။ ထိုသို့ တိမ်းမှောက်မှုဖြစ်လျှင်ဖြစ်ချင်း အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း ( IKBZ Insurance ) မှ တာဝန်ရှိသူများက သေဆုံးသူများအတွက် တစ်ဦးလျှင် အာမခံကြေးငွေကျပ်သိန်း ၃၀ နှုန်းဖြင့် လည်းကောင်း၊ ဒဏ်ရာရရှိ၍ ဆေးကုသမှုခံယူလျက်ရှိသော လူနာများအတွက် ကြိုတင်ငွေအဖြစ် တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် လည်းကောင်း စုစုပေါင်းငွေကျပ် ၃၂၃ သိန်းကို ဖြူးပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီးနှင့် ရန်ကုန်မြို့တို့၌ ပေးအပ်ခဲ့ပြီးဖြစ်သည်။



အောက်တိုဘာ ၅ ရက်ကလည်း ဒဏ်ရာရရှိခဲ့သူ ၁၆ ဦးအတွက် ထိခိုက်ဒဏ်ရာရရှိမှုအပေါ် မူတည်၍ အာမခံလျော်ကြေးငွေများကို အခမ်းအနားဖြင့် ထပ်မံပေးအပ်ခဲ့သည်။ အဆိုပါအခမ်းအနားသို့ IKBZ Insurance Co., Ltd. မှ ဒုတိယဥက္ကဋ္ဌ ဦးညိုမြင့်နှင့် တာဝန်ရှိသူများ၊ ရွှေလီဦးယာဉ်လိုင်းမှ တာဝန်ရှိသူများတက်ရောက်ကြပြီး အခမ်းအနားတွင် IKBZ Insurance မှ တာဝန်ရှိသူများက ရွှေလီဦးယာဉ်လိုင်း-မော်တော်ယာဉ် တိမ်းမှောက်ခဲ့မှုအတွက် စုစုပေါင်းအာမခံလျော်ကြေးငွေကျပ် ၃၈၅ ဒသမ ၉ သိန်းကို ပေးအပ်ခဲ့ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်းအနေဖြင့် မိဘပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ဥစ္စာနှင့် စီးပွားရေးလုပ်ငန်းများ ပျက်စီးဆုံးရှုံးခြင်းမှ ပြန်လည်အစားထိုးကာကွယ်ပေးရန်အတွက် မြန်မာပြည်အနှံ့အပြားရှိ အချက်အချာကျသောမြို့ကြီးများတွင် ရုံးခွဲပေါင်း ၁၄ ခု ဖွင့်လှစ်၍ ဝန်ထမ်းအင်အား ၅၀၀ ကျော်ဖြင့် မီးအာမခံ၊ အလုံးစုံမော်တော်ယာဉ်အာမခံ၊ ပြည်သူပြည်သား အသက်အာမခံ၊ ငွေသားလုံခြုံမှုအာမခံ၊ ငွေပို့ငွေသယ်အာမခံ၊ သမာဓိအာမခံ၊ အထူးခရီးသွားအာမခံ၊ ကျန်းမာရေးအာမခံ၊ ကုန်စည်ပို့ဆောင်ရေးအာမခံလုပ်ငန်းတို့ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် မတော်တဆဖြစ်ပွားမှုများကြောင့် အာမခံလျော်ကြေးငွေတောင်းခံမှုများကို အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံးရရှိရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


**စီနီဝင်းနှင့်ရောင်းရင်းများ**

**သီတင်းကျွတ်ဘုရားဖူးခရီးစဉ်များ**

▲ အင်းလေးဖောင်တော်ဦးဘုရားပွဲနှင့်တောင်ကြီးမွှေတော်ကက္ကူထမ်ဆမ်းဂူ၊ ပင်းတယကလော(၄)ရက် လွိုင်ကော်ပါ(၆)ရက် (OCT ၁၆-၂၃-၂၇)ထွက်မည်။

▲ ပုဂံ(စွယ်တော်)ပုပ္ပါးပခုက္ကူစလေ(၄)ရက်၊ပုဂံ(စွယ်တော်)ပုပ္ပါးမန္တလေးပြင်ဦးလွင်(၅)ရက်

▲ မန္တလေးပြင်ဦးလွင်စစ်ကိုင်းမုံရွာ(ကျောက်စိမ်းဘုရား) (၄)ရက်

▲ ထားဝယ်ရှင်ကိုးရှင်မောင်မကန်ကမ်းခြေ(၅)ရက်၊ ▲ ကျိုက်ထီးရိုး ဆွမ်းမျှောပွဲ၊ ဇက်ဆဲ့ကမ်းခြေ

▲ မော်လမြိုင်ဘုရားစုံ အပတ်စဉ်(သောကြာ) ▲ ကျိုက်ထီးရိုး/ချောင်းသာ(သောကြာနေ့တိုင်း)

▲ ထုံးဘိုအကောက်တောင်၊ပြည်ဘုရားစုံ(စနေ)၊ ဇလွန်(တနင်္ဂနွေ)

၂၇၅၊ပန်းဆိုးတန်းလမ်း။ 249871,255553,5122511, 09-5137245



**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဂျပန်ချေးငွေ(JICA ODA Loan)ဖြင့် ဆောင်ရွက်မည့် မြို့(၇)မြို့(ပဲခူးမြို့၊ ရွှာင်မြို့၊ ရပ်စောက်မြို့၊ ပင်းတယမြို့၊ ပင်လောင်းမြို့၊ နောင်တရားမြို့၊ ဖယ်ခုံမြို့)တို့တွင် တိုးချဲ့မြို့ရေရရှိရေးလုပ်ငန်းအတွက်လိုအပ်သော (Civil Construction Work) များအားဆောင်ရွက်ရန် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းနိုင်ပါသည်-

(က) မြို့(၇)မြို့ ရေရရှိရေးလုပ်ငန်း (Lot-5) Civil Construction Work)

၂။ ပဲခူးမြို့၊ ရွှာင်မြို့၊ ရပ်စောက်မြို့ ရေရရှိရေးလုပ်ငန်း (Lot-5) Civil Construction Work များ၏ နည်းပညာစံချိန် စံညွှန်းအဆိုပြုလွှာ(Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ(Financial Proposal)များကို ၁၇-၁၁-၂၀၁၅ ရက် ၉း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပြီး တင်ဒါဖွင့်ပွဲအား ၁၇-၁၁-၂၀၁၅ရက် ၁၀နာရီတိတိတွင် ဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ ပင်းတယမြို့၊ ပင်လောင်းမြို့၊ နောင်တရားမြို့၊ ဖယ်ခုံမြို့ ရေရရှိရေးလုပ်ငန်း (Lot-5) Civil Construction Work များ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ(Financial Proposal)များကို ၁၈-၁၁-၂၀၁၅ရက် ၉း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပြီး တင်ဒါဖွင့်ပွဲအား ၁၈-၁၁-၂၀၁၅ရက် ၁၀နာရီတိတိတွင် ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ရုံးအမှတ်၁၄၊ နေပြည်တော်(တယ်လီဖုန်းအမှတ်-၀၆၇-၄၀၉၄၀၇၊ ၄၀၉၂၁၅)တို့တွင် ဆက်သွယ်ရယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**



**ပြည် GTI & GTC ( EC Major ) ဆရာ ကန်တော့ပွဲ ဖိတ်ကြားခြင်း**

၁၉၉၇ မှ ၂၀၀၁ ခုနှစ် အတွင်း ပြည် GTI & GTC ( EC Major ) တွင် ပညာသင်ယူ ခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်း များ၏ အာစရိယပူဇော်ပွဲ နှင့် မိတ်ဆုံစားပွဲ ကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပ ပြုလုပ်မည် ဖြစ်ပါသဖြင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ အားလုံး ပူးပေါင်း ပါဝင် ကြရန် နှင့် အလှူတော်ငွေများ ထည့်ဝင် လှူဒါန်း နိုင်ပါကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

| | |
|---|---|
| ကျင်းပမည့် နေ့ရက် | - ၁.၁၁.၂၀၁၅ |
| ကျင်းပမည့် နေရာ | - Southern Star Restaurant ၊ ကမ်းနားလမ်း ၊ ပြည်မြို့။ |
| ကျင်းပမည့် အချိန် | - ညနေ ( ၄း၀၀ မှ ၈း၀၀ ) |
| ဆက်သွယ်ရန် | - ကို မောင်မောင် ဝင်းထိုက် - ၀၉ ၂၆၀ ၃၄၀၀ ၁၀၊ ( ရန်ကုန် ) |
| | - ကို ခိုင်ကျော်မိုး - ၀၉ ၉၇ ၂၂၂ ၆၂ ၁၇၊ ( ပြည် ) |
| | - မ ဆောင်းပပထွန်း - ၀၉ ၄၂၃ ၇၀ ၇၀ ၃၅၊ ( ပြည် ) |



**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြသီတာလမ်း၊ အမှတ်(၇)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့်ကန်ထရိုက်တိုက်အဆောက်အအုံမှ အခန်းအမှတ်(၅-B)ဟုခေါ်တွင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ဆက်စပ်လျက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား တရားဝင်ပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သီတာဟန် ၁၂/ပဇတ(နိုင်)၀၂၃၀၅၈ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေတချို့တစ်ဝက်ကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

**ဒေါ်နွယ်နီအောင်**
**(LL.B,LL.M,D.I.R)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၂၇/၂၉၊ ဒုတိယထပ်၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၅၁၈၆၅၊ ၀၉-၃၈၉၆၇၇၊ ၀၉-၅၀၅၈၃၅၈၊ ၀၉-၇၃၁၄၆၇၅၈**



**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း (National Community Driven Development Project)တွင် အသုံးပြုလျက်ရှိသည့် စီမံကိန်းလုပ်ငန်းသုံး မော်တော်ယာဉ်များအား အလုံးစုံအာမခံထားရှိဆောင်ရွက်လိုပါသဖြင့် အာမခံလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသောတိုင်းရင်းသားလုပ်ငန်းရှင်များ/ကုမ္ပဏီများမှ အဆိုပြုလွှာများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံများအား ၁၀-၁၁-၂၀၁၅ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ်၁၄၊ နေပြည်တော် (တယ်လီဖုန်းအမှတ်-၀၆၇-၄၀၉၄၁၃၊ ၄၀၉၀၇၁၊ ၄၀၉၂၁၅)တို့တွင် ဆက်သွယ် ရယူနိုင်ပါသည်။

**ဝယ်ယူရေးကော်မတီ**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**



**ဖခင်အမည်မှန်**

မော်လမြိုင်မြို့၊ အထက(သုခဝတီ) တက္ကသိုလ်ဝင်တန်းမှ မယမင်းလှဝင်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဦး ဖြစ်ပါကြောင်း။

**ဦးထွန်းထွန်းဦး ၁၀/ပမန(နိုင်)၁၃၉၈၀၈**



**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ စိုင်ပြင်ကြီး (အထက)တက္ကသိုလ်ဝင်တန်း(B)မှ မသီရိနိုင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးဖိုးထောင် ၅/ဒပယ(နိုင်)၀၄၁၁၁၉ ဖြစ်ပါကြောင်း။



**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဘုတလင်မြို့ (အထက) တက္ကသိုလ်ဝင်တန်း ($B_3$)မှ မောင်ချစ်နန်း၏ ဖခင်အမည်မှန်မှာ ဦးဌေးလုံး ၅/ဘတလ(နိုင်)၀၀၅၁၈၉ဖြစ်ပါကြောင်း။



**ကန့်ကွက်နိုင်ပါကြောင်း**

မုံရွာမြို့၊ နန္ဒဝန်ရပ်၊ (၁၂)လမ်းရှိ မြေကွက်အမှတ် ၆၄၏မြေဂရန် ပျောက်ဆုံးသွားပါသဖြင့် မူလပိုင်ရှင် ဦးသန်း MYA-၀၃၁၉၅၃ ၁၂/ကတတ(နိုင်)၀၃၀၁၅၁က မြေဂရန် အသစ်လျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)ဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဦးသန်း**
**ကျောက္ကာမြောက်ရွာ၊ မုံရွာမြို့နယ်**

# SMEs ပုံနှိပ်လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ခြင်း၏ အောင်မြင်မှု

ပုံနှိပ်လုပ်ငန်းရှင်တစ်ဦး

ကျွန်တော်တို့ မြန်မာနိုင်ငံသည် ယနေ့အခြေအနေတွင် ဒီမိုကရေစီနိုင်ငံတော်သို့ ကူးပြောင်းရေးကာလတစ်ခုအဖြစ် ရောက်ရှိနေသော အချိန်ဖြစ်ပါသည်။ ထိုသို့ ကူးပြောင်းရေးကာလအတွင်း ပြောင်းလဲသင့်သောစနစ်များကို ယခုအခါ ပြည်သူလူထု ထင်သာမြင်သာအောင် နိုင်ငံတော်မှ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

လက်ရှိကျွန်တော်တို့ SMEs ခေါ် အသေးစား၊ အလတ်စားလုပ်ငန်းများအတွက် ဖွံ့ဖြိုးတိုးတက်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလာစေရေးအတွက် နိုင်ငံတော်၏ မဟာဗျူဟာရည်မှန်းချက်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးနေပါပြီ။

ကျွန်တော်သည် မိဘလက်ထက်ကလုပ်ငန်းကို ဆက်ခံ၍လုပ်ကိုင်နေသော အသေးစား၊ အလတ်စား ပုံနှိပ်လုပ်ငန်းရှင်တစ်ဦးဖြစ်ပါတယ်။ "မြန်မာစာသည် တို့စာ၊ မြန်မာစကားသည် တို့စကား"ဆိုသည့်အတိုင်း ကျွန်တော်သည် ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်စာပေကို တစ်ဖက်တစ်လမ်းမှ ရှင်သန်ဖွံ့ဖြိုးလာစေရန် မှန်ကန်သောစိတ်ရင်းဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ စာပုံနှိပ်တိုက်လုပ်ငန်းသည် ရှေးနှစ်ပေါင်းများစွာကတည်းက ရှိခဲ့ကြပါတယ်။ မဂ္ဂဇင်း၊ ဝတ္ထု၊ ဂျာနယ်များကို ရိုက်နှိပ်ခြင်း၊ တံဆိပ်၊ ဘူး၊ လက်ကမ်းကြော်ငြာ၊ Publi-shing ဟု အများသိကြသော စာအုပ်ထုတ်ဝေခြင်းလုပ်ငန်း၊ စီးပွားရေးနှင့်ပတ်သက်သည့် ပုံနှိပ်ခြင်းလုပ်ငန်း၊ ဘူးများပေါ်တွင် ဆိုက်စုံပုံနှိပ်ပေးခြင်း စသည့်ဖြင့် ပုံနှိပ်ခြင်းလုပ်ငန်းသည် တိကျသေချာစွာလုပ်ရသောလုပ်ငန်းတစ်ခုဖြစ်ပါသည်။ မှားယွင်းမှု တစ်စုံတစ်ရာဖြစ်ပါက ရိုက်ပြီးသော စက္ကူများသည် ဖြတ်စများ၊ အမှိုက်များသာဖြစ်သွားရပါသည်။ အရင်းအနှီးငွေများများရှိ၍ များများရင်းနှီးတိုင်း အမြတ်များများရရှိမည့် လုပ်ငန်းဖြစ်သည်ဟု ကျိန်းသေပေါက် တွက်ဆ၍မရပါ။ စီမံအုပ်ချုပ်မှု၊ ပုံနှိပ်ပညာ တတ်ကျွမ်းနားလည်မှု၊ အတွေ့အကြုံများများရှိမှု စသည့်အခြေခံကောင်းများရှိမှသာ တိုးတက်အောင်မြင်မှုရရှိပါမည်။

ထို့ကြောင့် ကျွန်တော်တို့ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)ရုံးချုပ်တွင် ရှိသော မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း (MPPA)ကြီးမှ ပုံနှိပ်လုပ်ငန်းရှင်များအတွက် ကျွမ်းကျင်မှုများရှိစေရန် အခြေခံပုံနှိပ်သင်တန်း၊ ပုံနှိပ်စက်ကိုင်ကျွမ်းကျင် သင်တန်းများကို နိုင်ငံတကာ အတွေ့အကြုံရှိသော ပညာရှင်များ၊ လုပ်သက်ကျွမ်းကျင်သော ပညာရှင်များနှင့် သင်တန်းပေးနေခြင်းကို ကြားသိရပါသည်။ ပုံနှိပ်လုပ်ငန်းရှင်များအတွက်ရော ဝန်ထမ်းများအတွက်ပါ ကောင်းသော လုပ်ဆောင်ချက်ဟု မြင်မိပါသည်။

ပုံနှိပ်တိုက်လုပ်ငန်းရှင်အများစုမှာ နိုင်ငံခြားမှ အထူးသဖြင့် ဂျပန်နိုင်ငံမှသုံးစွဲပြီး ပုံနှိပ်စက်များ Used Machine များကိုသာ သုံးစွဲနေကြရပါသည်။ ပုဂ္ဂလိက လုပ်ငန်းရှင်များထဲမှ လုပ်ငန်းရှင်အနည်းစုသာ ပုံနှိပ်စက်အသစ် (Brand New)ကို သုံးစွဲနိုင်ကြပါသည်။ တစ်နိုင်တစ်ပိုင် စက်မှုလုပ်ငန်းဖြစ်သောကြောင့် စက်အသစ်တန်ဖိုးအတွက် ရင်းနှီးမြှုပ်နှံမှုကြီးခြင်းနှင့် စက်အသစ်နှင့်လုပ်ရမည့်အလုပ် ဈေးကွက် နည်းပါးခြင်းတို့ကြောင့် ဂျပန်နိုင်ငံလုပ်သုံးစွဲပြီး ပုံနှိပ်စက်အဟောင်းများဖြင့်သာ မဖြစ်ဖြစ်အောင် လုပ်ကိုင်ခဲ့သည်မှာ နှစ်ပေါင်းအတန်ကြာခဲ့ပါပြီ။ ပုံနှိပ်တိုက်လုပ်ငန်းရှင်အများစုမှာ ယခုဆိုလျှင် မျှော်လင့်ချက်များ ကိုယ်စီဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်ရေးကို စောင့်မျှော်လျက်ရှိနေကြပါသည်။

မကြာမီရက်အတွင်းက နိုင်ငံတော်၏ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၏ (၂၀၁၆-၂၀၁၇) ပညာသင်နှစ်အတွက် သင်ရိုးညွှန်းတမ်း၊ ကျောင်းသုံးစာအုပ်များ ပုံနှိပ်ခြင်း၊ ချုပ်ခြင်း၊ ထုပ်ပိုးခြင်း၊ ပို့ဆောင်ခြင်းတို့အတွက် ပွင့်လင်းမြင်သာသောခေတ်နှင့်အညီ တင်ဒါခေါ်ယူခဲ့ပါသည်။ ပြီးခဲ့သောနှစ်များ(၂၀၁၄-၂၀၁၅) နှစ်များကလည်း ပုဂ္ဂလိက ပုံနှိပ်လုပ်ငန်းရှင်များအနေဖြင့် ပညာရေးဝန်ကြီးဌာနမှ အလုပ်အကိုင်အခွင့်အလမ်းများရရှိခဲ့ပါသည်။

ထို့အတူ (၂၀၁၅-၂၀၁၆) ခုနှစ် ပညာသင်နှစ်အတွက် သင်ရိုးညွှန်းတမ်း စာအုပ်များ ပုံနှိပ်ခွင့်ကို မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း (MPPA) မှ SMEs ပုံနှိပ်လုပ်ငန်းရှင်များ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေခြင်းအတွက် နိုင်ငံတော်၏ပညာရေးဝန်ကြီးဌာနသို့ တင်ပြတောင်းခံပါသည်။ ပညာရေးဝန်ကြီးဌာနကလည်း မြန်မာနိုင်ငံတော်၏ ယနေ့ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေသော SMEs များ အလုပ်အကိုင်ရရှိစေရန်ရည်ရွယ်၍ ပုဂ္ဂလိက လုပ်ငန်းရှင်များအား တာဝန်ယူပုံနှိပ်ခွင့်ပြုခဲ့သည့်အတွက် MPPA အသင်း၏ ဦးဆောင်မှုဖြင့် ကော်မတီတစ်ရပ် ဖွဲ့စည်းခဲ့ပါသည်။

MPPA အသင်းကြီး၊ ကော်မတီနှင့် SMEs ပုံနှိပ်လုပ်ငန်းရှင်များ၏ ညီညွတ်မှုကြောင့် (၂၀၁၅-၂၀၁၆) ပညာသင်နှစ် သင်ရိုးညွှန်းတမ်းစာအုပ်များကို ပညာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုအတိုင်း ပုံနှိပ်ခြင်း၊ ချုပ်လုပ်ခြင်း၊ ထုပ်ပိုးခြင်းများကို အရည်အသွေးပြည့်မီစွာဖြင့် အချိန်တိကျစွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပညာရေးဝန်ကြီးဌာနမှလည်း နိုင်ငံတော်အတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ မြို့၊ ကျေးရွာ အဆင့်ဆင့်ထိ ကျောင်းဖွင့်ချိန်အမီရောက်ရှိအောင် ပို့ဆောင်နိုင်ခဲ့ပါသည်။

နိုင်ငံတော်၏ မူဝါဒချမှတ်ချက်၊ ဝန်ကြီးဌာနများ၏ လမ်းညွှန်မှုနှင့်အတူ အသင်းအဖွဲ့အစည်း၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ ညီညွတ်မှုကြောင့် ဝန်ကြီးဌာန လက်အောက်ရှိ ကျောင်းများအားလုံးအတွက် ကျောင်းဖွင့်ချိန်အမီ သင်ရိုးညွှန်းတမ်းစာအုပ်များကို ကျောင်းသားကျောင်းသူများထံ အချိန်မီပေးပို့နိုင်ခြင်း၊ SMEs လုပ်ငန်းရှင်များအတွက် လုပ်ကိုင်ခွင့်ရရှိ၍ နိုင်ငံတော်အတွက်လည်း အခွန်အခများရရှိခြင်း၊ အသင်းအဖွဲ့အစည်း၊ ကော်မတီနှင့်လုပ်ငန်းရှင်များ ညီညွတ်မှုကြောင့် နိုင်ငံတော်၏ တင်ဒါစနစ်တွင် အပြိုင်ဈေးချလုပ်ကိုင်စေခြင်းမရှိဘဲ သင့်တင့်မျှတမှုရှိသော ဝန်ဆောင်ခနှင့် အကျိုးအမြတ်ရှိခြင်း၊ SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့၊ အလုပ်အကိုင်များရရှိစေခြင်းတို့ကြောင့် နိုင်ငံတော်၊ ဝန်ကြီးဌာနနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များ အဆင်ပြေချောမောစွာဖြင့် အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ပါသည်။

၂၀၁၅ ခုနှစ် ဇူလိုင်လ၊ ဩဂုတ်လအတွင်းက နိုင်ငံတော်အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်သော ရေကြီးရေလျှံမှုကြောင့် ကျောင်းများ၊ ကျောင်းသားကျောင်းသူများ၏ စာအုပ်များ ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ပါသည်။ သဘာဝရေကြီးမှုအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုရှိသော နေရာဒေသအသီးသီးသို့ ကျောင်းသုံးစာအုပ်များကို အချိန်မီပေးပို့ရန်အတွက် ပညာရေးဝန်ကြီးဌာန၏ အရေးပေါ်လမ်းညွှန်ဆောင်ရွက်ချက်ကိုလည်း မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း (MPPA) နှင့် ပုံနှိပ်လုပ်ငန်းရှင်များ၏ အတူတကွပူးပေါင်းညီညွတ်စွာဖြင့် ကျောင်းသုံးသင်ရိုးညွှန်းတမ်းစာအုပ်များအတွက် ပုံနှိပ်ခြင်း၊ ချုပ်လုပ်ထုပ်ပိုးခြင်း၊ ပို့ဆောင်ခြင်းတို့ ဆောင်ရွက်ခဲ့မှုကြောင့် ယခုဆိုလျှင် အချိန်မီပေးပို့နိုင်ခဲ့ပြီးဖြစ်ပါသည်။ ယခုကဲ့သို့ သဘာဝရေဘေးအန္တရာယ်၏ အရေးပေါ်လိုအပ်ချက်ကြောင့် လုပ်ကိုင်ဆောင်ရွက်ရသော ကျွန်တော်တို့ပုံနှိပ်လုပ်ငန်းရှင်များ၏ မိမိအကျိုးအမြတ်အတွက် မစဉ်းစားဘဲ နိုင်ငံတော်၊ ဝန်ကြီးဌာန၊ ကျောင်းများ၊ ကျောင်းသားကျောင်းသူများ စသည့် တို့တိုင်းပြည် တို့လူမျိုးအားလုံးအတွက် အရေးပေါ်အခြေအနေကို ညီညီညွတ်ညွတ်ဖြင့် "စုပေါင်းညီညာ အောင်ကြောင်းဖြာ" ဆိုသော စကားပုံအတိုင်းအောင်မြင်စွာ ဖြေရှင်းနိုင်ခဲ့ကြပါသည်။

(၂၀၁၆-၂၀၁၇) ပညာသင်နှစ်အတွက် သင်ရိုးညွှန်းတမ်းပုံနှိပ်ခြင်းလုပ်ငန်းကိုလည်း အချို့သော ပုံနှိပ်လုပ်ငန်းရှင်များ စုပေါင်း၍ (MPPA) အသင်းကြီးမှ ဦးဆောင်မှုဖြင့် ပညာရေးဝန်ကြီးဌာနမှ ခေါ်ယူသော တင်ဒါကို တင်သွင်းကြမည်ဖြစ်ပါသည်။ ပြောင်းလဲလာသော ခေတ်နှင့်အညီ နိုင်ငံတော်မှ ချမှတ်ပေးသော အလုပ်အကိုင်များကို ပုဂ္ဂိုလ်စွဲဖြင့် တစ်ဦးတစ်ယောက်တည်းသို့ လုပ်ကိုင်ခွင့်မျိုးမရှိတော့ဘဲ ပွင့်လင်းမြင်သာသောစနစ်သို့ ကူးပြောင်းခဲ့ပါပြီ။ SMEs လုပ်ငန်းရှင်များ စုပေါင်း၍ လုပ်ကိုင်ဆောင်ရွက်ခြင်းအားဖြင့် တစ်ဦးချင်းပြိုင်ဆိုင်ပြီး အလုပ်အကိုင်ရရှိရန်အတွက် အပြိုင်ဈေးချ၍ တင်ဒါဆွဲခြင်းမျိုး မရှိစေခြင်း၊ အားလုံးသော SMEs လုပ်ငန်းရှင်များအတွက် အလုပ်အကိုင် ခွဲဝေ၍ အသီးသီး လုပ်ကိုင်နိုင်ခြင်း၊ ယနေ့လုပ်ငန်းနှင့် တွေ့ကြုံနေရသော Cooperate Social Responsibility (CSR) ကိုလည်းလက်တွေ့ အကောင်အထည်ဖော်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိပြီးဖြစ်ပါသည်။ (MPPA) အသင်းကြီးမှလည်း ပုံနှိပ်လုပ်ငန်းရှင်အားလုံးကို ကော်မတီနှင့် အသင်းသားအားလုံး၏ မူဝါဒနှင့်အညီ အကျိုးတူပူးပေါင်းလုပ်ဆောင်ခွင့်ပြုကြောင်းသိရ၍ အတိုင်းထက်အလွန်ဝမ်းသာရပါသည်။

သို့ဖြစ်ပါ၍ မကြာမီအချိန်အတွင်း ရောက်ရှိလာမည့် အာဆီယံလွတ်လပ်မှု ကုန်သွယ်ဒေသ (AFTA)၊ အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) တို့နှင့် ယှဉ်ပြိုင်ဘက်ဖြစ်သော ကျွန်တော်တို့ ပြည်တွင်းလုပ်ငန်းရှင် SMEs များ အမှန်တကယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏လက်တွေ့အကောင်အထည်ဖော်နေသော မူဝါဒနှင့်အညီ (၂၀၁၆-၂၀၁၇) ပညာသင်နှစ်အတွက် သင်ရိုးညွှန်းတမ်း ပုံနှိပ်ခြင်းများကိုလည်း နိုင်ငံတော်၊ ဝန်ကြီးဌာနများအနေဖြင့် ကျွန်တော်တို့ SMEs အသေးစား အလတ်စားလုပ်ငန်းရှင်များကို အလုပ်အကိုင်အခွင့်အလမ်းများပေး၍ ဆောင်ရွက်စေခြင်းဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရာရောက်မည်ဖြစ်သည်နှင့်အညီ ကျွန်တော်တို့ SMEs များမှလည်း တာဝန်ကျေပွန်စွာဖြင့် တတ်စွမ်းနိုင်သမျှ လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သမာအာဇီဝနည်းဖြင့် လုပ်ကိုင်နေသော ပုံနှိပ်တိုက်လုပ်ငန်းရှင်များအနေဖြင့် SMEs လုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက် စေရန်အတွက် အစဉ်တစိုက်အကောင်အထည်ဖော်ဆောင်ပေးပါသော နိုင်ငံတော်၊ ကျွန်တော်တို့ ပုံနှိပ်တိုက်လုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရန် ကျောင်းသုံးစာအုပ်များကို ပုံနှိပ်ရိုက်ခွင့်ပေးပါသော ပညာရေးဝန်ကြီးဌာနကို လည်းကောင်း၊ (MPPA) အသင်းကြီးနှင့် ပုံနှိပ်လုပ်ငန်းရှင်များအတွက် လိုအပ်ချက်များကို အစဉ်ကူညီစောင့်ရှောက်မှုပေးနေပါသော ပြန်ကြားရေးဝန်ကြီးဌာနကိုလည်းကောင်း၊ ညီနောင်အသင်းများဖြင့် ဖွဲ့စည်းပြီး ကျွန်တော်တို့ စက်မှုလက်မှုလုပ်ငန်းငယ်လေးများကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် အစဉ်ဂရုစိုက်ပေးနေပါသော မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ကို လည်းကောင်း၊ ပညာရေးဝန်ကြီးဌာနမှ ရရှိလာသော ပုံနှိပ်ခွင့်လုပ်ငန်းများကို ကော်မတီနှင့်တကွ စီမံခန့်ခွဲဦးဆောင်မှုပြုပေးပါသော (MPPA) အသင်းကြီးကို လည်းကောင်း ကျေးဇူးအထူးတင်ပါသည်။ မိဘဘိုးဘွားများလက်ထက်ကတည်းက လုပ်ကိုင်ခဲ့သော တစ်နိုင်တစ်ပိုင် လုပ်ငန်းလေးများမှာကား ယနေ့ထိ ရှင်သန်နေကြဆဲပါ။ အမိမြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်တွင်းအားကို အပြည့်အဝအသုံးချရမည်ဟု ယုံကြည်ပါသည်။

ကျွန်တော်တို့ မှီတင်းနေထိုင်သော အမိမြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပါစေသော်. . .။

> **စီမံအုပ်ချုပ်မှု၊ ပုံနှိပ်ပညာ တတ်ကျွမ်းနားလည်မှု၊ အတွေ့အကြုံများများရှိမှု စသည့် အခြေခံကောင်းများရှိမှသာ တိုးတက်အောင်မြင်မှုရရှိပါမည်။**

## ခရီးသွားနိုင်ငံခြားသားများ ယဉ်ကျေးမှုပုဂံဒေသ၌ အပျော်တမ်းစက်ဘီးစီး

**ပုဂံ အောက်တိုဘာ ၉**

မြန်မာနိုင်ငံ၌ နှစ်စဉ်ခရီးသွားနိုင်ငံခြားသားများ လာရောက်လေ့လာလျက်ရှိရာ အောက်တိုဘာ ၇ ရက်တွင် မြင်းခြံ-မိတ္ထီလာသွားလမ်းပိုင်းပေါ်၌ အပျော်တမ်း စက်ဘီးစီးခရီးသွားနိုင်ငံခြားသားများကို တွေ့ရသည်။ "ကျွန်မတို့က ကနေဒါနိုင်ငံက လာရောက်ကြတာပါ။ မန္တလေးမြို့က တစ်ဆင့် မြင်းခြံ-တောင်သာမြို့တွေကိုဖြတ်သန်းပြီး ယဉ်ကျေးမှုနယ်ပုဂံမြို့အထိ အပျော်တမ်းစက်ဘီး စီးပြီးသွားမှာပါ။ ကျွန်မတို့အဖွဲ့ မြန်မာနိုင်ငံကို ဒီတစ်ခေါက်နဲ့ဆို သုံးခေါက်ရှိပါပြီ။ အခက်အခဲအနေနဲ့ မြန်မာပြည်ကို စရောက်တဲ့နေ့ကဆိုရင် ရန်ကုန်မြို့လယ်ကောင်မှာ ယာဉ်ပိတ်ဆို့နေတာကတစ်ကြောင်း၊ အခုလို အပျော်တမ်းစက်ဘီးစီးသွားတဲ့အခါ တချို့လမ်းပိုင်းတွေ ညီညာမှုမရှိတာကြောင့်တစ်ကြောင်း အခက်အခဲဖြစ်ရပါတယ်။ ဒါပေမယ့် ရှေးဟောင်းယဉ်ကျေးမှုများစွာရှိနေတဲ့ ပုဂံဒေသကိုရောက်ပြန်တော့ ပျော်ရွှင်မိပါတယ်" ဟု ကနေဒါခရီးသွားနိုင်ငံခြားသားများက ဆိုသည်။

**ကျော်ကျော်(မလှိုင်)**



## ဆရာ ဆရာမအရည်အသွေးမြင့်မားရေး ဆွေးနွေး

**လှိုင်ကော် အောက်တိုဘာ ၉**

လှိုင်ကော်ခရိုင် အခြေခံပညာအလယ်တန်းအဆင့် ဆရာ ဆရာမများ အရည်အသွေးမြင့်မားရေးအတွက် ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲကို အောက်တိုဘာလ ပထမပတ်က ကယားပြည်နယ် လှိုင်ကော်မြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း နွယ်သာကီခန်းမ၌ ပထမဆုံးအကြိမ်အဖြစ် ကျင်းပခဲ့သည်။ ဆရာ ဆရာမများ အရည်အသွေးမြင့်မားရေး၊ ကျောင်းသား ကျောင်းသူများ အရည်အချင်းမြင့်မားရေး၊ ကျောင်းဆောင်များနဲ့ စာရေးပရိဘောဂအခြေခံ လိုအပ်ချက်များ ဖြည့်ဆည်းရေးကို ရည်မှန်းချက်ထားရှိကာ ဆွေးနွေးပွဲပြုလုပ်ရခြင်းဖြစ်သည်။ ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲတွင် အလယ်တန်းကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သည့် ဆရာ ဆရာမများက ဦးဆောင်ဆွေးနွေးမည်ဖြစ်ပြီး အောက်တိုဘာ ၆ ရက်မှ ၁၂ ရက်ထိ ခုနစ်ရက် ကြာမြင့်ကာ မူလတန်းမှ အလယ်တန်းအဆင့်ရာထူးတိုးမြှင့်တဲ့ ဆရာ ဆရာမ ၄၂ ဦး တက်ရောက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲနောင်(လှိုင်ကော်)**

# ရွေးကောက်ပွဲကာလ လုံခြုံရေးအတွက် အထူးရဲများခန့်ထားရေး ရှင်းလင်းဆွေးနွေး

**တောင်ကြီး အောက်တိုဘာ ၉**

နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် အထူးရဲများအား ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ခန့်အပ်တာဝန်ထမ်းဆောင်စေမည်ဖြစ်ရာ ပြည်သူများသိရှိစေရန် မီဒီယာများမှတစ်ဆင့် သတင်းထုတ်ပြန်ရှင်းလင်းပွဲကို တောင်ကြီးခရိုင် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ အောက်တို ဘာ ၇ ရက်က ကျင်းပသည်။

တောင်ကြီးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုင်းဆိုင်ဝမ်းက အထူးရဲများ ခန့်အပ်တာဝန်ပေးနိုင်သည့် ဥပဒေလုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များ၊ အထူးရဲများရွေးချယ်ရေးအဖွဲ့ ဖွဲ့စည်းမှု၊ ရွေးချယ်မှုစနစ်၊ သတ်မှတ်အရည်အချင်း၊ လုပ်ငန်းတာဝန်များ၊ လေ့ကျင့်သင်ကြားပေးမည့် အစီအစဉ်များ၊ တာဝန်ပေးအပ်မည့်ကာလ၊ နိုင်ငံတော်မှ ထောက်ပံ့ပေးမည့် လစာရိက္ခာငွေနှင့် ရဲအသုံးအဆောင်ပစ္စည်းများ၊ ရွေးကောက်ပွဲမကျင်းပမီကာလ၊ မဲဆွယ်စည်းရုံးစဉ်ကာလ၊ ရွေးကောက်ပွဲကျင်းပစဉ်ကာလနှင့် ရွေးကောက်ပွဲပြီးဆုံးချိန်ကာလများတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့က လုံခြုံရေးဆောင်ရွက်ပေးမည့် အခြေအနေများကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။ တောင်ကြီးခရိုင်တွင် မဲရုံ ပေါင်း ၁၀၆၄ ရုံရှိပြီး အဆိုပါမဲရုံများအတွက် တစ်ရုံလျှင် အထူးရဲတပ်ဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် အထူးရဲတပ်ဖွဲ့ ဝင် ၁၀၆၄ ဦး ခန့်ထားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**



# ကျောက်မဲမြို့နယ်တွင် မဲပုံးများထုတ်ပေး

**ကျောက်မဲ အောက်တိုဘာ ၉**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မဲပုံးများနှင့် မဲရုံသုံးပစ္စည်းများကို ရှမ်းပြည်နယ် ကျောက်မဲခရိုင် ကျောက်မဲမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး၌ ရပ်ကွက်ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ကျောက်မဲမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာများ၌ မဲရုံပေါင်း ၁၀၉ ရုံရှိပြီး အဆိုပါမဲရုံများတွင် အသုံးပြုရန်အတွက် မဲပုံးပေါင်း ၉၀၆ ပုံးနှင့် မဲရုံသုံးပစ္စည်းများကို အောက်တိုဘာ ၅ ရက်မှစ၍ ရပ်ကွက်၊ ကျေးရွာများမှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများထံသို့ ထုတ်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**မြင့်အောင်**



# ရထားလမ်းပိုင်းများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ငွေကျပ်သန်းပေါင်း ၆၃၀၀ ကုန်ကျခံကာအသုံးပြုမည်

**ရန်ကုန် အောက်တိုဘာ ၉**

ဇူလိုင်နှင့်ဩဂုတ်လများက နိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ခြင်းကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရထားလမ်းပိုင်းများ ပျက်စီးခဲ့ရပြီး ရထားလမ်းပိုင်းများ ပျက်စီးဆုံးရှုံးမှုကို အသစ်ပြန်လည်တည်ဆောက်ရန်အတွက် ငွေကျပ် သန်း ၃၈၃၀ ကုန်ကျမည်ဟု တွက်ချက်ခဲ့သော်လည်း ရေရှည်လမ်းပိုင်းများ တည်တံ့ခိုင်မြဲစေရေးအတွက် ပြုပြင်ရမည့် ကုန်ကျစရိတ်တန်ဖိုးအရ ငွေကျပ် သန်းပေါင်း ၆၃၀၀ ကုန်ကျမည်ဖြစ်ကြောင်းရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ သိရသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာမှ အထွေထွေမန်နေဂျာ(မြို့ပြ) ဦးတင်စိုးက "ပျက်စီးဆုံးရှုံးခဲ့ရတဲ့ ရထားလမ်းပိုင်းများ ပြုပြင်ဖို့အထူးရန်ပုံငွေအတွက် တင်ပြထားပါတယ်။ ပြီးတော့ ကမ္ဘာ့ဘဏ်နဲ့ အခြားအဖွဲ့အစည်းများကလည်း ထောက်ပံ့မလားဆိုတာလည်း မသိရသေးပါဘူး။ ကမ္ဘာ့ဘဏ်ကပဲဦးစီးပြီး ခုဆိုနေပြည်တော်မှာ ဖိုရမ်တွေပြုလုပ်နေပါတယ်။ ရေကြီးရေလျှံမှုများကြောင့် ဖြစ်ပွားခဲ့တဲ့ ရထားလမ်းပိုင်းများ ပျက်စီး၊ ဆုံးရှုံး၊ ကုန်ကျစရိတ်တွေကိုလည်း ကမ္ဘာ့ဘဏ်ကို ဆွေးနွေးတင်ပြထားပါတယ်" ဟု ပြောကြားသည်။

ပြီးခဲ့သည့်ဇူလိုင်လအတွင်းက စတင်ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ပျက်စီးသွားသော ရထားလမ်းပိုင်းများစာရင်းအရ မန္တလေး-မြစ်ကြီးနား၊ ရေဦး-ခင်ဦး၊ ဂန့်ဂေါ-ကလေး၊ ကြံခင်း-ပခုက္ကူ၊ မန္တလေး-လားရှိုး၊ လှိုင်သာယာ-ညောင်တုန်း၊ လက်ပံတန်း-သာရဝေါနှင့် ပြည်တော်သာ-ရေချမ်းပြင်-ကျောက်တော်ကြီးလမ်းပိုင်းများ ပျက်စီးခဲ့ရကြောင်း သိရသည်။ လက်ရှိအနေအထားအရ မန္တလေး-လားရှိုးလမ်းပိုင်း၊ မန္တလေး-မြစ်ကြီးနားလမ်းပိုင်း၊ လက်ပံတန်း-သာရဝေါလမ်းပိုင်း၊ ရန်ကုန်-ပုသိမ်လမ်းပိုင်းနှင့် ဟင်္သာတ-ပုသိမ်လမ်းပိုင်းတို့ ဖွင့်လှစ်ခဲ့ပြီးဖြစ်ကာ ဂန့်ဂေါ-ကလေးလမ်းပိုင်းမှာလည်း လမ်းပိုင်းထက်ဝက် ဖွင့်လှစ်ခဲ့ပြီးဖြစ်ပြီး လမ်းပိုင်းထက်ဝက်မှာ ဖွင့်လှစ်ရန်ကျန်ရှိနေသေးကာ အောက်တိုဘာလ ဒုတိယပတ်ဖွင့်လှစ်နိုင်ရန် မျှော်မှန်းထားကြောင်း မြန်မာ့မီးရထားမြို့ပြအင်ဂျင်နီယာမှ သိရသည်။

ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် အပျက်အစီးများစွာဖြစ်ပွားခဲ့သော မြောင်းချောင်းတံတား ပြုပြင်ဆောင်ရွက်နေမှုမှာလည်း အောက်တိုဘာလ ဒုတိယပတ် ပြီးစီးရန်လျာထားသည်။ ရခိုင်ပြည်နယ်ရှိ ပြည်တော်သာ-ရေချမ်းပြင်လမ်းပိုင်းနှင့် ကွမ်းတောင်-ပုဏ္ဏားကျွန်း-ရိုးတရုတ်လမ်းပိုင်းမှာလည်း ပြုပြင်ဆောင်ရွက်ပြီးစီးသွားပြီဖြစ်သောကြောင့် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပြီး ရိုးတရုတ်-ဂဏ္ဏန်းတောင်-ကျောက်တော်လမ်းပိုင်းသာ ဖွင့်လှစ်ရန်ကျန်ရှိတော့ကာ အပျက်အစီးများ၍ ရေများစွာဝင်ရောက်ခဲ့သဖြင့် အဆိုပါလမ်းပိုင်းကို ပွင့် လင်းရာသီရောက်ရှိမှသာလျှင် စက်ကိရိယာများဖြင့် ဝင်ရောက်ပြုပြင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ကြံခင်း-ပခုက္ကူလမ်းပိုင်းဖြစ်သော ပွင့်ဖြူမြို့နယ်အနီးတစ်ဝိုက်ရှိ မုန်းချောင်းတံတား ပြုပြင်ဆောင်ရွက်ရန်အတွက်လည်း ဘေလီမရှိသေးသောကြောင့် တင်ဒါခေါ်ယူထားဆဲဖြစ်သည်။

"ရထားလမ်းပိုင်းတွေ ရေရှည်တည်တံ့ခိုင်မြဲအောင် ကုန်ကျစရိတ်များကို တွက်ချက်လိုက်လို့ ဒီလိုနောက်တိုးကုန်ကျစရိတ်များ ဖြစ်လာတာပါ။ ဘဏ္ဍာငွေရပြီးရင်တောင် ဒီရရှိဘဏ္ဍာငွေနဲ့ တံတားသစ်ကြီးတွေ ပြန်ဆောက်လုပ်ဖို့ဆိုတာက အနည်းဆုံးငွေကြေးရပြီး တစ်နှစ်ခွဲလောက်ကြာမှ ဒီတံတားတွေက ဆောက်လို့ပြီးစီးမှာပါ။ ဒါလည်း ဘဏ္ဍာငွေခွင့်ပြုရရှိမှုအပေါ်မူတည်ပြီး အရေးကြီးတဲ့လမ်းပိုင်းတွေကိုပဲ ဦးစားပေးပြုပြင်ဆောင်ရွက်သွားမှာပါ။ တံတားသစ်ကြီးတွေ တည်ဆောက်ပြီးစီးရင်လည်း ရထားက ချက်ချင်းပြေးဆွဲလို့မရသေးပါဘူး။ တဖြည်းဖြည်း အရှိန်မြှင့်ပြီးမှ ပြေးဆွဲရမှာပါ၊ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်တယ်ဆိုတာကလည်း နှစ် ၅၀(သို့) နှစ် ၁၀၀ တစ်ကြိမ်ထူးကဲဖြစ်ပွားတတ်ပါတယ်။ တံတားတွေက မခိုင်ခံ့လို့ ပျက်စီးတာမဟုတ်ပါဘူး။ ဟိုးအရင်ခေတ်ကတည်ဆောက်ခဲ့တဲ့ တံတားတွေပါ။ နှစ်တိုင်းရေကြီးရေလျှံမှုဖြစ်ခဲ့တယ်ဆိုပေမယ့် အပျက်အစီးနည်းပါးပါတယ်။ ခုဒီနှစ်ကျတော့ ပိုဆိုးတာပါ"ဟု ဆိုသည်။

ရထားလမ်းပိုင်းများရှိ တံတားများ ပိုမိုခိုင်ခံ့စေရေးနှင့်ရေလမ်းကြောင်းများဖွင့်ပေးရန်အတွက် တံတားသစ်များ ထပ်တိုးတည်ဆောက်လိုက်ခြင်းဖြင့် နောက်ထပ် မတော်တဆရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့လျှင် ရရှိဘဏ္ဍာငွေကြေးဖြင့် တည်ဆောက်လိုက်သောနေရာများ၌ ပျက်စီးဆုံးရှုံးမှုများ လွန်စွာနည်းပါးသွားမည်ဖြစ်ကြောင်း၊ ယခင်တံတားများမရှိသည့်နေရာများ၌ တံတားသစ်များ ထပ်တိုးတည်ဆောက်လိုက်ခြင်းဖြင့် ရေလမ်းကြောင်းများ ပိုမိုပွင့်လာမည်ဖြစ်ကြောင်း၊ မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်းမှာလည်း အင်္ဂလိပ်ခေတ်က ဖောက်လုပ်ခဲ့သော နှစ် ၁၀၀ ကျော်သက်တမ်းရှိ လမ်းပိုင်းဖြစ်ကြောင်း၊ လက်ရှိအစိုးရသစ်တက်လာပြီးနောက်ပိုင်းတွင် ဂန့်ဂေါ-ကလေးလမ်းပိုင်း၊ ကြံခင်း-ပခုက္ကူလမ်းပိုင်း၊ စစ်တွေ-ကျောက်တော်လမ်းပိုင်း၊ လှိုင်သာယာ-ညောင်တုန်းလမ်းပိုင်းတို့ကို ဖွင့်လှစ်နိုင်ခဲ့ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ သိရသည်။

**စိုးဝင်း(SP)**

# ဒေသခံပြည်သူများ၏ သဘောတူညီချက်ဖြင့် ဒေသလုပ်တူမီးသေနတ်များ အပြီးအပိုင်အပ်နှံ

**ထားဝယ် အောက်တိုဘာ ၉**

ဒေသလုပ်တူမီးသေနတ်များ မိမိတို့ဆန္ဒသဘောဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ စုပေါင်းအပ်နှံပွဲအခမ်းအနားကို အောက်တိုဘာ ၇ ရက်က ထားဝယ်ခရိုင် ရေဖြူမြို့နယ် ကလိန်အောင်မြို့နယ်ခွဲ မီးကျောင်းလှောင်းကျေးရွာ သဘာဝကြိုးဝိုင်းသစ်တော ထိန်းသိမ်းရေးပညာပေးစခန်း၌ကျင်းပခဲ့ရာ ဒေသလုပ်တူမီးသေနတ် ၂၀၄ လက်ကို လက်ခံရရှိခဲ့သည်။

အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်သိန်း၊ စီမံကိန်းသစ်တောကြိုးဝိုင်း ညွှန်ကြားရေးမှူး ဦးဝင်းနိုင်(၄)၊ ထားဝယ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးကျော်နှင့် ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် သစ်တောတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ သဘာဝကြိုးဝိုင်းစီမံကိန်း ဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးအောင်က တူမီးသေနတ်များအပ်နှံရခြင်းအကြောင်း ပြောကြား၍ စီမံကိန်းဧရိယာအတွင်းရှိ ဟိန္ဒါ၊ ရေပုန်း၊ မိုင်(၃၀)၊ မီးကျောင်းလှောင်းရွာဟောင်း၊ မိုင်(၆၀)၊ လော့သိုင်း၊ ကျွဲတလင်း၊ ကော့လှိုင် စသည့်ကျေးရွာကိုးရွာမှ အုပ်ချုပ်ရေးမှူးများ၊ တူမီးသေနတ်ပိုင်ရှင်များ၊ ကျေးရွာသူကျေးရွာသားများ တက်ရောက်ကြသည်။

**(ခရိုင် ပြန်/ဆက်)**



# တမူးမြို့နယ်အတွင်း ကျေးရွာ ၁၁ ရွာ၌ မြစိမ်းရောင်စီမံကိန်း ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းဖွင့်

**တမူး အောက်တိုဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့နယ်အတွင်း မြစိမ်းရောင်စီမံကိန်း ဆောင်ရွက်လျက်ရှိသော ကျေးရွာများအား စီမံကိန်းရန်ပုံငွေစာရင်းထိန်းသိမ်းနည်းသင်တန်းကို တမူးမြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၅ ရက်က ဖွင့်လှစ်ပို့ချသည်။

သင်တန်းတွင် တမူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ခရိုင်စာရင်းစစ် လက်ထောက်ညွှန်ကြားရေးမှူးက ၂၀၁၅-၂၀၁၆ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း မြစိမ်းရောင်စီမံကိန်းဆောင်ရွက်နေသည့် ကျေးရွာ ၁၁ ရွာမှ သင်တန်းသား ၃၅ ဦးအား ရန်ပုံငွေစာရင်းထိန်းသိမ်းနည်း၊ စာရင်းစစ်နည်းများကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း (မုံရွာ)**

# မဲရုံမှူးများ၏ လုပ်ငန်းနှင့်တာဝန်များ သင်တန်းပို့ချ

**လှိုင်လင် အောက်တိုဘာ ၉**

နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို လှိုင်လင်ခရိုင်အတွင်း၌ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံမှူးတာဝန်ထမ်းဆောင်မည့်သူများအား ခရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အောက်တိုဘာ ၈ ရက်တွင် သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

လှိုင်လင်မြို့ မြို့လယ်ဓမ္မာရုံ၌ ဖွင့်လှစ်ခဲ့သည့် အဆိုပါသင်တန်း၌ လှိုင်လင်ခရိုင် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းတင်က မဲရုံမှူးများ၏ လုပ်ငန်းတာဝန်နှင့် ရွေးကောက်ပွဲကာလတွင် ဆောင်ရွက်ရမည့် အချက်အလက်များကို သင်ကြားပို့ချပြီး သင်တန်းသို့ လှိုင်လင်ခရိုင်အတွင်း မြို့နယ်ခုနစ်ခုမှ မဲရုံမှူး ၂၁ ဦး တက်ရောက်ခဲ့သည်။ သင်တန်းကို အောက်တိုဘာ ၉ ရက်ထိ နှစ်ရက်ကြာပို့ချခဲ့ခြင်းဖြစ်ပြီး အဆိုပါသင်တန်း တက်ရောက်ပြီးသူများသည် မိမိတို့မြို့နယ်အတွင်းမှ အခြားမဲရုံမှူးများအား ဆင့်ပွားသင်တန်းများ ပြန်လည်ပို့ချရမည်ဖြစ်ကြောင်း သိရသည်။

**မိုးလွင်ဦး (လှိုင်လင်)**

## ရွှေထည်ပစ္စည်းများပျောက်ဆုံး

**တံတားဦး အောက်တိုဘာ ၉**

ကျောက်ဆည်ခရိုင် တံတားဦးမြို့မရဲစခန်းသို့ စက်တင်ဘာ ၇ ရက် နံနက် ၁၁နာရီခန့်က တံတားဦးမြို့ အမှတ် (၁) ရပ်ကွက် သာဂေါင်ရပ်နေ အောင်ဖြိုးပိုင် (၂၃နှစ်)သည် ရွှေထည်ပစ္စည်းများပျောက်ဆုံးနေကြောင်း လာရောက်တိုင်ကြားခဲ့သည်။

ဖြစ်စဉ်မှာ အောင်ဖြိုးပိုင်တို့ အလုပ်မှပြန်လည်ရောက်ရှိပြီး ဇနီးဖြစ်သူ မကလျာအောင်က မန္တလေးမှပြန်လည်ရောက်ရှိလာစဉ် နေအိမ်တံခါးအား သော့ခတ်မထားမိသည်ကို သိရသဖြင့် နေအိမ်အတွင်းရှိ သော့ခတ်မထားသော ဗီရိုကိုဖွင့်ကြည့်စစ်ဆေးရာ ရွှေထည်ပစ္စည်းများဖြစ်သော ရွှေလက်ကောက် တစ်ကွင်း၊ ဇီးကွက်ရုပ် ရွှေဆွဲသီး တစ်ခု၊ တဇင်းဆွဲကြိုး တစ်ကုံး၊ ခေါက်စတီး လက်ကောက်တစ်ကွင်းတို့ ပျောက်ဆုံးနေသဖြင့် ခိုးယူသူအား စုံစမ်းအရေးယူပေးရန် အောင်ဖြိုးပိုင်က တရားလိုပြုလုပ်တိုင်တန်းသဖြင့် တံတားဦးမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ရဲတင့် (ပြန်/ဆက်)**

## မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**အင်းတော် အောက်တိုဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် အားကစားနှင့်ကာယပညာကော်မတီကကြီးမှူးကျင်းပသည့် အင်းတော်မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်ကျေးရွာစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲ ဆုပေးပွဲကို သီဘာရွာဘောလုံးကွင်း၌ အောက်တိုဘာ ၇ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲကို အင်းတော်မြို့နယ် လယ်ပြင်သီဘာဘောလုံးကွင်း၌ စက်တင်ဘာ ၁၃ ရက်မှ စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ရပ်ကွက်နှင့် ကျေးရွာများမှ ဘောလုံးအသင်း ၂၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ဆုပေးပွဲတွင် မြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်နှင့် တာဝန်ရှိသူများက တတိယဆုရရှိသော မဲဇာကျေးရွာဘောလုံးအသင်း၊ ဒုတိယဆုရရှိသော ကြာအင်းဘောလုံးအသင်းနှင့် ပထမရရှိသော အင်းရွာဘောလုံးအသင်းများသို့ ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**သန်းမောင်လေး(ကချင်မြေ)**

## လျှပ်စစ်အန္တရာယ်ကာကွယ်ရန် ဓာတ်အားလိုင်းများပြုပြင်ပြီး ထရန်စဖော်မာသစ်များ တိုးချဲ့လျက်ရှိ

**ကြို့ပင်ကောက် အောက်တိုဘာ ၉**

ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်အတွင်း လျှပ်စစ်အန္တရာယ်ကာကွယ်ရေး၊ ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန် စေရေးနှင့် ဓာတ်အားပြတ်တောက်မှုမရှိစေရေးအတွက် ဓာတ်အားလိုင်းများ ပြုပြင်ခြင်း၊ ထရန်စဖော်မာသစ်များ တိုးချဲ့တပ်ဆင်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကြို့ပင်ကောက်မြို့နယ် လျှပ်စစ်မှူး ဦးခင်မောင်မြင့်နှင့် ဝန်ထမ်းများက ဆွေးမြေ့သစ်သားဓာတ်တိုင်များနေရာတွင် ကွန်ကရစ်တိုင်နှင့် သံလက်တန်းများဖြင့် လဲလှယ်ခြင်း၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာသစ် သုံးလုံး တိုးချဲ့တပ်ဆင်ခြင်း၊ ၁၁ ကေဗွီ ဓာတ်အားလိုင်းကြိုးအသေးများအား ကြိုးအကြီးများဖြင့် လဲလှယ်ခြင်း၊ ၄၀၀ ဗို့ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ခြင်းများကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ရန်ပုံငွေဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး လုပ်ငန်းအားလုံး၏ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

လုပ်ငန်းများပြီးစီးပါက ကြို့ပင်ကောက်မြို့နယ်အတွင်းမှ ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားအသုံးပြုရာတွင် အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်မည်ဖြစ်သလို ဓာတ်အားပြတ်တောက်မှု၊ ပျောက်ဆုံးမှုများ လျော့နည်းသွားမည်ဖြစ်၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနအနေဖြင့်လည်း ဝင်ငွေပိုမိုတိုးတက်ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

## ရေစကြို၌ လမ်းများပြုပြင်မှုကြောင့် ကျောက်သယ်ထော်လာဂျီများ အလုပ်ဖြစ်နေ

**ရေစကြို အောက်တိုဘာ ၉**



ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သော ရေစကြိုမြို့တွင် မြစ်ရေပြန်ကျပြီးချိန်၌ ပျက်စီးခဲ့သောလမ်းများ၊ ခြံဝင်းအတွင်းနေရာများကို ပြန်လည်ပြုပြင်လျက်ရှိသောကြောင့် ကျောက်စရစ်များ ဝယ်ဖို့နေကြရပြီး ကျောက်သယ်ထော်လာဂျီများမှာလည်း နားချိန်မရှိ အလုပ်ဖြစ်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ထော်လာဂျီတွေက ပုံမှန်အလုပ်တော့ရှိပါတယ်။ ဒါပေမယ့် အခုမြစ်ရေကျပြီးနောက်ပိုင်းမှာ လိုအပ်ချက်အရ မြေသယ်တဲ့အလုပ်ကို ပိုလုပ်နေရတယ်။ ကျောက်စရစ်တစ်ကျင်းစာကို ၁၁၀၀၀ ကျပ်ရတယ်။ တချို့တွေကတော့ ၁၃၀၀၀ ကျပ် ယူကြတယ်။ ကျွန်တော်ကတော့ ပုံမှန်ဈေးပဲယူပါတယ်။ သူတို့တွေ ဒုက္ခရောက်နေတာ ကိုယ်တွေ့ဖြစ်နေတော့ ကိုယ်ချင်းစာတယ်။ ဟိုလူကခေါ် ဒီလူကခေါ်နဲ့ နားရတယ်မရှိဘူး"ဟု ထော်လာဂျီပိုင်ရှင်တစ်ဦးက ပြောသည်။

ရေစကြိုမြို့ အနိမ့်ပိုင်းရပ်ကွက်တစ်ခုဖြစ်သည့် ငါးရာပြည့်ရပ်ကွက်မှ အိမ်ရှင်ဦးတောက "ကျွန်တော်တို့ ရပ်ကွက်မှာ မြစ်ရေနစ်ခါဝင်တော့ လမ်းတွေလည်းပျက်၊ အိမ်ဝိုင်းထဲမှာလည်း ရွှံ့နွံတွေနဲ့ သွားလာနေထိုင်မရဖြစ်နေတော့ မြေနီကျောက်စရစ်တွေ ဝယ်ပြီးဖို့နေရတယ်။ ကျောက်စရစ်တစ်ကျင်းပါ ထော်လာဂျီတစ်စီးကို ၁၁၀၀၀ ပေးရတယ်။ အခုအိမ်ဝင်းထဲနဲ့ အထွက်လမ်းကို ဖို့ထားတာ ဆယ်ကျင်းရှိပြီ။ ကျွန်တော့်ထက်နိမ့်တဲ့ အိမ်ဝင်းတွေဆို ခုထိရေမကုန်သေးဘူး။ သူတို့ဆို ပိုပြီးဖို့ရလောက်တယ်"ဟု ပြောသည်။

ရေစကြိုမြို့နယ်တွင် ယခုနှစ်အတွင်း ဇူလိုင်လတွင် တစ်ကြိမ်၊ ဩဂုတ်လတွင်တစ်ကြိမ်၊ မြစ်ရေနစ်ကြိမ်ဝင်ရောက်ခဲ့မှုကြောင့် အနိမ့်ပိုင်းရပ်ကွက်များရှိ လူနေအိမ်များ၊ လမ်းများတွင် ရေကြီးရေလျှံခဲ့ပြီး ယခုရေကျသွားသော်လည်း ရွှံ့နွံများတင်ကျန်ခဲ့သဖြင့် သွားလာနေထိုင်ရေး အဆင်မပြေသေးဘဲ အိမ်ပိုင်ရှင်များမှာ မိမိတို့အစီအစဉ်ဖြင့် မြေများ၊ ကျောက်များဝယ်ဖို့၍ ပြုပြင်နေရကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

## ကနီမြို့အဝင်ရှိ ရေဝါချောင်းကူးတံတားတည်ဆောက်မှု ၃၀ ရာခိုင်နှုန်းပြီးစီး

**ကနီ အောက်တိုဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့အဝင် ကနီ-ချောင်းမ-မုံရွာ ကားလမ်းမပေါ်၌ ရေဝါချောင်းကူးတံတားကို တည်ဆောက်ရေးအဖွဲ့(၁)၊ တံတားအထူးအဖွဲ့(၂)မှ ဆောက်လုပ်လျက်ရှိရာ ယခုအခါ တံတားတည်ဆောက်မှု ၃၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။




"ဒီရေဝါချောင်းတံတားက ပေ ၁၄၄၀ အရှည် ဘေလီတံတားဖြစ်ပြီး ရေလယ်တိုင် ၁၉ တိုင်နဲ့ ကမ်းကပ်ခုံနှစ်ခုံ တည်ဆောက်ရမှာဖြစ်ပါတယ်။ အခု ရေလယ်တိုင် ၁၃ တိုင်၊ ကမ်းကပ်ခုံတစ်ခုနှင့် အောက်ခံဖောင်ဒေးရှင်း၊ ရေလယ် Shaft တိုင်ရှစ်တိုင် ဆောက်လုပ်ပြီးစီးလို့ ဘိုးပိုင်တူးခြင်းလုပ်ငန်း P5 နဲ့ P6ကို ဆက်လက်ဆောင်ရွက်နေပါတယ်" ဟု တံတားတည်ဆောက်ရေးစီမံကိန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရေဝါချောင်းကူးတံတားကို ကနီမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရန်ရည်ရွယ်၍ တိုင်းဒေသကြီးအစိုးရ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဇူလိုင် ၁၃ ရက်က စတင်ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းတံတားဆောက်လုပ်မည့် ရေဝါချောင်းမှာ ကနီမြို့နှင့် မိုင် ၂၀ ကျော်ဝေးကွာသော မဟုရိုးမတောင်တန်းမှ အဖျားခံကာ အရှိန်အဟုန်ဖြင့် စီးဆင်းသောကြောင့် မိုးရာသီမိုးများချိန်တွင် ချောင်းရေများကျဆင်းလာပါက မြို့နယ်အတွင်းမှပြည်သူများ ခရီးသွားလာရန် အလွန်ခက်ခဲကြောင်း ယင်းမြို့မှ ဒေသခံပြည်သူတစ်ဦးက ပြောသည်။

ရေဝါချောင်း ချောင်းရေကျဆင်းလာပါက ကားများ၊ ဆိုင်ကယ်များစသည့် ယာဉ်ကြီးယာဉ်ငယ်များ ချောင်းကိုကူးရန်ခက်ခဲသကဲ့သို့ မြို့ပေါ်သို့ ကျောင်းသွားတက်ရသော ကျောင်းသား ကျောင်းသူလေးများလည်း ကျောင်းကိုသွားလာရန်ခက်ခဲကြောင်း၊ တံတားကြီးဆောက်လုပ်ပြီးစီးပါက ကနီမြို့နယ်သာမက ကနီ - ချောင်းမ - မုံရွာကားလမ်းတစ်လျှောက်နှင့် ကနီ-မင်းကင်းလမ်းဘေးရှိ ကျေးရွာများပါ သွားလာရေးလွယ်ကူချောမွေ့သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**




## မဲရုံကိုယ်စားလှယ်များ၏ တာဝန်ဝတ္တရားများအကြောင်း အလုပ်ရုံဆွေးနွေး

**လားရှိုး အောက်တိုဘာ ၉**

နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ်မှ မဲရုံကိုယ်စားလှယ်အဖြစ် တာဝန်ယူဆောင်ရွက်မည့်သူများအတွက် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို IRI International Republican Institute မှ Director OF Political Party Development ဖြစ်သူ Mr.Josh Hills က ဦးစီး၍ လားရှိုးမိုတယ်၌ အောက်တိုဘာ ၆ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် IRI အစီအစဉ်အကြောင်းမိတ်ဆက်ပြောကြားပြီး မဲရုံကိုယ်စားလှယ်များ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများခေါင်းစဉ်ဖြင့် စတင်ဆွေးနွေးကာ မဲရုံကိုယ်စားလှယ်များ ပြုစုပျိုးထောင်ခြင်းခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးခဲ့သည်။ ထို့နောက် မဲရုံကိုယ်စားလှယ်များအား လက်တွေ့အသုံးချစမ်းသပ်ခြင်းခေါင်းစဉ်၊ ရွေးကောက်ပွဲနေ့ ခေါင်းစဉ်၊ ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် ရွေးကောက်ပွဲလွန်ကာလ ခေါင်းစဉ်များဖြင့် Mr. Josh Hills က ဦးဆောင်ဆွေးနွေးပြီး မဲရုံးမှူးတာဝန်ဆောင်ရွက်မည့်သူများက ဆက်လက်ဆွေးနွေးသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ပါတီအောင်နိုင်ရေးအဖွဲ့များက သိလိုသည်များကို မေးမြန်းကြရာ Mr.Josh Hills ကလည်းကောင်း၊ ရွေးကောက်ပွဲတွင် မဲရုံခွင့်ပြုစည်းကမ်းများနှင့်ပတ်သက်ပြီး လားရှိုးခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်မောင်ရွှေကလည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**လင်းလင်း(လားရှိုး)**

# မဲရုံမှူးသင်တန်းများဖွင့်လှစ်ပြီး မဲပေးပုံများ လက်တွေ့သရုပ်ပြ

**မလှိုင် အောက်တိုဘာ ၉**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မလှိုင်မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးသင်တန်းများကို မလှိုင် အထက ကျောင်းခန်းမ၌ အောက်တိုဘာ ၅ ရက် နှင့် ၆ ရက်က ဖွင့်လှစ်ခဲ့ပြီး မဲပေးပုံအဆင့်ဆင့်ကိုလည်း လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။

သင်တန်းတွင် မဲရုံပုံစံ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ တာဝန်ဝတ္တရားများ၊ မဲပေးခြင်းလုပ်ငန်းအဆင့်ဆင့်အကြောင်း၊ ခိုင်လုံမဲနမူနာပုံစံများ၊ ပယ်မဲနမူနာပုံစံများနှင့် ရွေးကောက်ပွဲနေ့တွင် မဲရေတွက်ခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရေးအတွက် သင်တန်းတက်ရောက်ခဲ့ပြီးသော မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ပြန်လည်သင်ကြားပို့ချခဲ့ခြင်းဖြစ်သည်။ သင်တန်းသို့ မလှိုင်မြို့နယ်အတွင်းရှိ မဲရုံပေါင်း ၂၀၂ ရုံမှ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူး ၄၀၄ ဦး တက်ရောက်ခဲ့သည်။

သင်တန်းပို့ချအပြီးတွင် နမူနာမဲရုံပုံစံဖြင့် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များ၊ မဲပေးပုံ အဆင့်ဆင့်ကို သင်တန်းသား သင်တန်းသူများအား လက်တွေ့သရုပ်ပြသပေးခြင်းနှင့် လက်တွေ့မဲပေးခြင်းများ ဆောင်ရွက်စေခဲ့ကြောင်း သိရသည်။



မလှိုင်မြို့နယ်တွင် မဲဆန္ဒနယ်မြေ (၁) ၌ မဲရုံ ၉၈ နှင့် မဲဆန္ဒနယ်မြေ (၂) တွင် မဲရုံ ၁၀၄ ရုံ၊ စုစုပေါင်း မဲရုံ ၂၀၂ ရုံရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ဦးရေ ၁၂၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

**အောင်ဌေး (မလှိုင်)**

# သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များ ဖြန့်ဝေ

**ထားဝယ် အောက်တိုဘာ ၉**

တနင်္သာရီတိုင်းဒေသကြီးအတွင်း ပြီးခဲ့သည့်နှစ်က ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များကို အသုံးပြု၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများသို့ ဖြန့်ဝေပေးအပ်ပွဲကို ထားဝယ်မြို့ မြို့တော်ခန်းမ၌ အောက်တိုဘာ ၆ ရက်က ကျင်းပရာ တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးဝင်းဆွေက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူးဦးဆန်းလွင်က သန်းခေါင်စာရင်းရလဒ်များကို အသေးစိတ်ရှင်းလင်းကာ အခမ်းအနားတက်ရောက်သူများအား သန်းခေါင်စာရင်းအချက်အလက်များကို ဖြန့်ဝေပေးအပ်ခဲ့သည်။

**ဖိုးရွှေသွန်း (ထားဝယ်)**

# အုတ်ဖိုမြို့နယ်တွင် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**သာယာဝတီ အောက်တိုဘာ ၉**

သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်တွင် မြို့နယ်အားကစား ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ အားကစားဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အသက် ၁၅နှစ်အောက် ဘောလုံးပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၇ ရက် နံနက် ၈ နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ အုတ်ဖို(အထက)ဘောလုံးအသင်းနှင့် ဂုံးညင်းတန်း (အထက)အသင်း ယှဉ်ပြိုင်ဗိုလ်လုကြပြီး ဂုံးညင်းတန်း(အထက)အသင်း ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိကာ ဆုရရှိသူများအား သက်ဆိုင်ရာမြို့နယ်တာဝန်ရှိသူများက အသီးသီးဆုချီးမြှင့်သည်။ ထို့အတူ ပထမဆုရရှိသည့် ဂုံးညင်းတန်း (အထက)အသင်းအား မြို့နယ်လက်ထောက်ပညာရေးမှူး ခင်မောင်ဝင်းက ဆုချီးမြှင့်ခဲ့ကြောင်းနှင့် အခမ်းအနားသို့ မြို့နယ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

**အောင်သူ (အုတ်ဖို)**

# သီတဂူဆေးရုံ၌ မျက်စိအခမဲ့ စမ်းသပ်ကုသပေးမည်

**ကျွန်းလှ အောက်တိုဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့ သီတဂူစက္ခုဒါနဆေးရုံတော်ကြီး၌ သီတဂူဆရာတော်ကြီး၏ ဩဝါဒလမ်းညွှန်မှုဖြင့် IBEC ဆရာတော် ဦးသောဘိတ ဦးဆောင်ပြီး ရဟန်းရှင်လူပြည်သူများအား လူမျိုးမရွေးဘာသာမရွေး ဒုတိယအကြိမ် မျက်စိအခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးမည် ဖြစ်ကြောင်း သိရသည်။

ယခင်က မျက်စိစမ်းသပ်ခွဲစိတ်ပေးမည့်ရက်ကို စက်တင်ဘာ ၂၅မှ အောက်တိုဘာ၂ ရက်အထိ သတ်မှတ်စီစဉ်ထားသော်လည်း အောက်တိုဘာ ၁၇ ရက်မှ ၂၁ ရက်အထိ ပြောင်းလဲကုသပေးမည်ဖြစ်ကြောင်း သိရသည်။ မျက်စိဝေဒနာရှင်များအား ခွဲစိတ်ကုသပေးရာတွင် နိုင်ငံခြားပြန် ပါရဂူများ၊ စစ်ကိုင်းသီတဂူဆေးရုံမှ သမားတော်ကြီးများနှင့် အထူးကုဆရာဝန်များ ပူးပေါင်းပါဝင်မည်ဖြစ်ပြီး လာရောက်စမ်းသပ်ကုသလိုသည့် ဝေဒနာရှင်များအနေဖြင့် သီတဂူစက္ခုဒါနဆေးရုံတော်ကြီးတွင် စာရင်းပေးနိုင်ကြောင်းသိရသည်။

ဒုတိယအကြိမ်မျက်စိခွဲစိတ်ကုသမှုအတွက် ဆေးအလှူရှင်အဖြစ် ဖားကန့်မြို့နယ် ဆိုင်းတောင်ကျေးရွာနေ ဦးဆန်းဝင်းနိုင်မိသားစုက လှူဒါန်းထားပြီး လှူဒါန်းလိုသူများအနေဖြင့်လည်း ဖုန်း- ၀၉-၄၀၀၅၃၉၈၉၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

# မီးဘေးကာကွယ်ရေး မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်

**ရေး အောက်တိုဘာ ၉**

မွန်ပြည်နယ် ရေးမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်နည်း သရုပ်ပြပူးပေါင်းလေ့ကျင့်မှုများကို ရေးမြို့ ပြည်သူ့ရင်ပြင်၌အောက်တိုဘာ ၇ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။



မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်မှုတွင် မြို့နယ်မီးသတ်ဦးစီးမှူးဦးသန်းထိုက်နှင့် သန္ဓေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း အင်အား ၁၀၀ ခန့်က မီးသတ်ကားငါးစီး၊ စည်ပင်ရေသယ်ကား တစ်စီး၊ ပုဂ္ဂလိကရေသယ်ယာဉ်လေးစီးကို အသုံးပြု၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ခြင်းလေ့ကျင့်ခြင်းများကို အချိန်နာရီဝက်ကြာလေ့ကျင့်ခဲ့ကြခြင်းဖြစ်သည်။ မီးဘေးကာကွယ်ရေးသရုပ်ပြလေ့ကျင့်မှုကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးမိုးဇော်နိုင်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက လာရောက်အားပေးခဲ့ကြသည်။

**နေမျိုးထွဋ်(ရေး)**

# စားသောက်ဆိုင်၊ ဟိုတယ်နှင့်တည်းခိုခန်းများ၌ အခွန်ကောက်ခံမှုဆိုင်ရာများ ဆွေးနွေး

**သပိတ်ကျင်း အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့၌ ဟိုတယ်၊ တည်းခိုခန်းနှင့် စားသောက်ဆိုင်များက ထုတ်ပေးသောပြေစာများတွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်၍ အခွန်တစ်ပါတည်းကောက်ခံမည့် လုပ်ငန်းအစီအစဉ်အကြောင်း ရှင်းလင်းဆွေးနွေးပွဲကို မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ အောက်တိုဘာ ၇ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးသိန်းမြင့်က ၂၀၁၅ ခုနှစ် ပြည်ထောင်စုအခွန်အကောက်ဥပဒေများ၊ ပြေစာများတွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်၍ အခွန်ကောက်ခံရမည့်နည်းလမ်းများ၊ အခွန်ပေးဆောင်ရန်နည်းလမ်းများ၊ အခွန်အမှတ်တံဆိပ်နှင့် စပ်လျဉ်းသည့် ပြစ်မှုပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသည့် အခွန်ထမ်းပြည်သူများအား အခွန်ပေးဆောင်မှုနှင့်ပတ်သတ်သည့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်းသိရသည်။

**စိုးနိုင်ဝင်း (သပိတ်ကျင်း)**

# ထိုင်းနိုင်ငံတွင် မြန်မာလူကုန်ကူးဂိုဏ်းကြီးအား မြန်မာသံရုံး အလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီကဖမ်းဆီး

**ကချနပူရီ အောက်တိုဘာ ၉**

ထိုင်းနိုင်ငံရှိ အကြီးမားဆုံးသော မြန်မာလူကုန်ကူး ဂိုဏ်းတစ်ဂိုဏ်းအား အောက်တိုဘာ ၆ ရက်က ထိုင်းအာဏာပိုင်များနှင့် မြန်မာသံရုံး အလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီတို့က ပူးပေါင်း၍ စီးနင်းဝင်ရောက် နှိမ်နင်းနိုင်ခဲ့ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association in Thailand) မှ ဆက်သွယ်ပြောပြချက်အရ သိရသည်။



ဖမ်းဆီးရမိသည့် မြန်မာဂိုဏ်းခေါင်းဆောင်ဖြစ်သော အသက်လေးဆယ်ကျော်အရွယ် ကိုသိန်းဇော်နှင့်အတူ မြန်မာဂိုဏ်းသားနှစ်ဦးတို့အား အောက်တိုဘာ ၇ ရက် ညပိုင်းက ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး အောက်တိုဘာ ၈ ရက်က ဝင်ရောက်စီးနင်းစဉ်၌ ဂိုဏ်းသားသုံးဦးကို ဖမ်းဆီးရမိခဲ့ကြောင်းသိရကာ ကျန်တစ်ဦးမှာ ထိုင်းနိုင်ငံသားကတ်ကို ကိုင်ဆောင်ထားသဖြင့် ပြန်လည်လွှတ်ထားခဲ့သော်လည်း အချက်အလက်များ ခိုင်မာစွာရှိသဖြင့် ထိုင်းနိုင်ငံတွင် တရားရင်ဆိုင်ရမည် ဖြစ်ကြောင်း MAT အဖွဲ့က ပြောကြားသည်။

MAT အဖွဲ့သည် ဓာတ်ပုံနှင့် ဗီဒီယို အချက်အလက်အပြည့်အစုံတို့ဖြင့် ထိုင်းအစိုးရ လူကုန်ကူးမှုတိုက်ဖျက်ရေး အထူးရဲတပ်ဖွဲ့ (AHTD )နှင့် ထိုင်းစစ်တပ်တို့အား တင်ပြခဲ့ပြီး ၂၀၁၄ ခုနှစ် ဇွန်လက ပြည်နယ်စစ်ထောက်လှမ်းရေး အကြီးအကဲထံသို့ FED ဒါရိုက်တာ ဦးထူးချစ်နှင့်အတူ အကူညီတောင်းခံခဲ့သော်လည်း အရာမထင်ခဲ့ကြောင်း သိရသည်။

MAT အဖွဲ့ဒါရိုက်တာ ဦးကျော်သောင်းက "ထိုင်းနိုင်ငံမှာ မြန်မာလူကုန်ကူးဂိုဏ်းတစ်ဂိုဏ်းကို နှိမ်နင်းဖို့ခက်ခဲပါတယ်။ လူကုန်ကူးတယ်ဆိုတာ အာဏာပိုင်နဲ့ ငွေကြေးချမ်းသာသူတို့ လုပ်ကြတဲ့အလုပ်ပါ။ ထိုင်းနိုင်ငံမှာ ကျွန်တော်တို့အဖွဲ့ဟာ ဆယ်စုနှစ်နဲ့ချီပြီး ထိုင်းအစိုးရ လူကုန်ကူးမှု တိုက်ဖျက်ရေးတပ်ဖွဲ့တွေနဲ့ လက်တွဲလုပ်လာခဲ့တဲ့ ယုံကြည်မှုက အဓိကပါ။ လူကုန်ကူးဂိုဏ်းတွေကို နှိမ်နင်းတဲ့အခါ ကျွန်တော်တို့အတွက် အခက်အခဲသိပ်မရှိပေမယ့် ခိုင်မာတဲ့ အထောက်အထားတွေရအောင် စုဆောင်းရတာက ကျွန်တော်တို့ အဖွဲ့ဝင်တွေအတွက် အလွန်စွန့်စားရပါတယ်။ အန္တရာယ်အလွန်များပြီး အချိန်နဲ့ငွေနဲ့ ကုန်ကျပါတယ်။ ကျွန်တော်တို့တစ်ဖွဲ့လုံး ဘယ်ကမှ လစာရသူတွေ မဟုတ်ပါဘူး။ မိမိအလုပ်ကိုယ်စီနဲ့ မိမိငွေအကုန်အကျခံပြီး လုပ်နေကြတာပါ။ တစ်ခါတစ်လေ အလှူရှင်တချို့က စရိတ်စက ကူညီပေးတာမျိုးတော့ ရှိပါတယ်။ ဒီနှစ်မကုန်မီမှာ ထိုင်းနိုင်ငံအတွင်းမှာရှိနေတဲ့ အဓိက လူကုန်ကူးဂိုဏ်းကြီးများကို နှိမ်နင်းနိုင်အောင် ပြင်ဆင်နေပါပြီ" ဟု ပြောကြားသည်။

မြန်မာသံရုံးအလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီနှင့်အတူ MAT အဖွဲ့မှာ ပြီးခဲ့သည့် ၂၀၁၃ ခုနှစ် ဩဂုတ် ၁ ရက်က မလေးရှားနှင့် ထိုင်းနိုင်ငံနယ်စပ်အနီးရှိ ကတန်မြို့မှ မြန်မာလူကုန်ကူးဂိုဏ်းကြီး၏ ဂိုဏ်းခေါင်းဆောင် မြန်မာအားသေနတ်ဖြင့် တင်ပါးကို ပစ်ဖမ်း၍ ဂိုဏ်းသား ငါးဦးကို ဖမ်းဆီးနှိမ်နင်းနိုင်ခဲ့ကြောင်း၊ အဆိုပါဂိုဏ်း၏ လူသတ်မှု၊ ရက်စက်မှုများအား အင်္ဂလန်နိုင်ငံမှ Environmental Justice Foundation (EJF) မှ VDO သတင်းနှင့် အစီရင်ခံစာတစ်ခု ထုတ်ပြန်ခဲ့ကြောင်း၊ ထို့အပြင် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT သည် ယခု လူကုန်ကူးဂိုဏ်းအားနှိမ်နင်းခြင်း အပါအဝင် ၂၀၁၅ ခုနှစ်အတွင်း လူကုန်ကူးမှုတိုက်ဖျက်ခြင်းပေါင်း (၁၆) ကြိမ်၌ လူကုန်ကူးခံရသူပေါင်း ၈၆ ဦးကို ကယ်ထုတ်နိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် လူကုန်ကူးသူပေါင်း ခုနစ်ဦးကို ဖမ်းဆီး တရားစွဲဆိုနိုင်ခဲ့ပြီဖြစ်ကြောင်း မြန်မာသံရုံးအလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီမှ သိရသည်။

**(စိုးဝင်း-SP)**

# လူငယ်ကစားသမားတွေ ခြေစွမ်းအပြိုင်ပြကြမယ့် ယူရို ၂၀၁၇ ယူ-၂၁ ခြေစစ်ပွဲ

*ယူရို ၂၀၁၇ ယူ-၂၁ ခြေစစ်ပွဲတွေကို အောက်တိုဘာ ၁၁ ရက်နဲ့ ၁၂ ရက်တွေမှာ ဆက်လက်ကစားဦးမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ နယ်သာလန်နဲ့ ဆလိုဗက်ကီးယား၊ မော်လ်ဒိုဗာနဲ့ လတ်ဗီးယား၊ ဆွစ်ဇာလန်နဲ့ နော်ဝေတို့ရဲ့ ပွဲစဉ်တွေကို ရှုစားကြရဦးမှာဖြစ်ပါတယ်။ ဥရောပလူငယ်ကစားသမားတွေရဲ့ ခြေစွမ်းမှတ်ကျောက်တင်ကြမယ့် ဒီပြိုင်ပွဲက ပွဲစဉ်တိုင်း မြိုင်မြိုင်ဆိုင်ဆိုင်ရှိနေမှာတော့ အမှန်ဖြစ်တာမို့ ပရိသတ်တွေအတွက် ပွဲကောင်းတွေဖြစ်လာဦးမှာဖြစ်ပါတယ်။*



မိုးမြင့်လင်းလက်

### နယ်သာလန်နှင့် ဆလိုဗက်ကီးယား

အုပ်စု(၈)မှာတော့ နယ်သာလန်တို့ နှစ်ပွဲကစားပြီး ခြောက်မှတ်ရကာ အုပ်စုကို ဦးဆောင်နေပါတယ်။ ဆလိုဗက်ကီးယားတို့ကတော့ တစ်ပွဲကစားပြီးချိန်မှာ ရှုံးပွဲကြုံခဲ့လို့ အမှတ်မရသေးပါဘူး။ နယ်သာလန်လူငယ်တွေဟာ တူရကီကို တစ်ဂိုး-ဂိုးမရှိနဲ့နိုင်ပြီး ဆိုက်ပရပ်စ်ကို လေးဂိုးပြတ်နဲ့ ခြေစွမ်းပြ နိုင်ပွဲရထားတာမို့ အခုပွဲမှာလည်း ခြေစစ်ပွဲအောင်မြင်ဖို့ သေချာတဲ့အနိုင်ရလဒ်ကို ထပ်မံ ဖော်ထုတ်ဦးမှာဖြစ်ပါတယ်။ ဆလိုဗက်ကီးယားတို့ ကတော့ ဘီလာရုစ်နဲ့ အီတလီလူငယ်အသင်းတွေကို ဆက်တိုက်ရှုံးပွဲတွေကြုံတွေ့နေတာမို့ လက်ရှိခြေစွမ်းအရ နယ်သာလန်တို့ကို ခြေရည်တူရင်ဆိုင်ဖို့ မလွယ်ပါဘူး။ ဒီပွဲမှာ နယ်သာလန်လူငယ်တွေ ခြေစွမ်းပြပြီး ဂိုးပြတ်သွင်းအောင်ပွဲခံဖို့ အခြေအနေ များပါတယ်။

### မော်လ်ဒိုဗာနှင့် လတ်ဗီးယား

အုပ်စု(၁)မှာတော့ မော်လ်ဒိုဗာတို့ လေးပွဲကစားပြီးချိန်မှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ လေးမှတ်ရရှိထားပါတယ်။ လတ်ဗီးယားတို့ကတော့ သုံးပွဲကစားပြီးချိန်မှာ နိုင်ပွဲမရသေးဘဲ တစ်ပွဲသရေ နှစ်ပွဲရှုံးနဲ့ တစ်မှတ်သာရရှိထားလို့ ခြေစစ်ပွဲအောင်ဖို့ မလွယ်တော့ပါဘူး။ မော်လ်ဒိုဗာတို့က ခံစစ်ပိုင်းကောင်းမွန်ပေမယ့် တိုက်စစ်မှူးတွေ ဂိုးသွင်းစွမ်းရည်ကျဆင်းနေတာကို ပြင်ဆင်ပြီး ကြိုးစားမှ ရပါလိမ့်မယ်။ လောလောဆယ်မှာ ချက်လူငယ်အသင်းကို တစ်ဂိုးစီသရေပွဲကစားထားတဲ့ လတ်ဗီးယားတို့ကလည်း ဂုဏ်သိက္ခာအတွက် မော်လ်ဒိုဗာတို့ကို အကောင်းဆုံးရင်ဆိုင်ရမှာဖြစ်တာမို့ ဒီပွဲဟာ မော်လ်ဒိုဗာတို့ ခက်ခဲပေမယ့် အနိုင်ရလဒ်ကို မျှော်လင့်နိုင်ပါတယ်။

### ဆွစ်ဇာလန်နှင့် နော်ဝေ

အုပ်စု(၉)မှာတော့ ဆွစ်ဇာလန်တို့က တစ်ပွဲကစား၊ သုံးမှတ်ရပြီး အင်္ဂလန်နဲ့ အတူ ရမှတ်တူနေပါတယ်။ နော်ဝေတို့ကတော့ နှစ်ပွဲကစားပြီးချိန်မှာ တစ်ပွဲနိုင်၊ တစ်ပွဲရှုံးနဲ့ သုံးမှတ်ရနေတာမို့ အခုပွဲစဉ်ဟာ အကြိတ်အနယ်ရှိပါလိမ့်မယ်။ ဆွစ်ဇာလန်တို့က ကာဇက်စတန်ကို တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ခဲ့လို့ စိတ်ဓာတ်တက်ကြွနေပေမယ့် နော်ဝေတို့ကတော့ အင်္ဂလန်ကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးထားလို့ အခုပွဲမှာ အနိုင်ရလဒ်ကို အပြင်းအထန်ရှာဖွေပါလိမ့်မယ်။ လက်ရှိခြေစွမ်းပိုင်းအရ အပြန်အလှန်ဖိအားပေးမှုတွေနဲ့ ထိုးဖောက်ကစားပြီး အမှတ်ခွဲဝေရနိုင်တဲ့ အခြေအနေဖြစ်သွားနိုင်ပါတယ်။

### အီတလီနှင့် အိုင်ယာလန်

အုပ်စု(၂)မှာ အီတလီ လူငယ်တွေတစ်ပွဲကစားပြီး သုံးမှတ်ရရှိနေပါတယ်။ အိုင်ယာလန်တို့ကတော့ နှစ်ပွဲကစား၊ နှစ်ပွဲနိုင်နဲ့ ခြောက်မှတ်ရရှိနေပြီး တိုက်စစ်ရော ခံစစ်ပါ အကောင်းဆုံးအနေအထား ရရှိနေပါတယ်။ ဒါပေမယ့် အီတလီတို့က အသင်းလိုက် စုစုစည်းစည်းနဲ့ ကစားနိုင်ပြီး နေရာစုံအားနည်းချက်နည်းပါးအောင် အားထုတ်နိုင်ကြတာမို့ အခုပွဲမှာ အိုင်ယာလန်တို့ ပွဲကျပ်ဖြစ်သွားနိုင်ပါတယ်။ ဒီပွဲဟာ အီတလီလူငယ်တွေအတွက် ခက်ခဲပေမယ့် ကပ်ပြီးအနိုင်ရသွားနိုင်တဲ့ပွဲပါပဲ။

### ပြင်သစ်နှင့် ယူကရိန်း

အုပ်စု(၃)မှာတော့ နှစ်သင်းစလုံး တစ်ပွဲစီကစားထားပြီး ရှုံးပွဲတွေကိုယ်စီနဲ့ အမှတ်မရသေးပါဘူး။ အုပ်စုအဖွင့်ပွဲစဉ်မှာ အိုင်စလန်ကိုရှုံးခဲ့တဲ့ ပြင်သစ်လူငယ်တွေဟာ အခုပွဲမှာတော့ ယူကရိန်းကို အနိုင်ကစားပြီး အဖိုးတန်သုံးမှတ်ကို အပြည့်အဝရယူပါလိမ့်မယ်။ ယူကရိန်းလူငယ်တွေရဲ့ နောက်ဆုံးနှစ်ပွဲကစားခဲ့တဲ့ရလဒ်တွေအရ ရှုံးပွဲတွေဆက်တိုက်ကြုံတွေ့ထားတာမို့ အခုပွဲမှာ နိုင်ပွဲရရှိဖို့လိုအပ်နေတဲ့ ပြင်သစ်တို့ ခြေကုန်ထုတ်ပြီး အောင်ပွဲခံပါလိမ့်မယ်။

### ဒိန်းမတ်နှင့် ဘူလ်ဂေးရီးယား

အုပ်စု(၅)မှာတော့ ဒိန်းမတ်တို့ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် စတင်ကစားရမှာဖြစ်ပေမယ့် ဘူလ်ဂေးရီးယားတို့ကတော့ သုံးပွဲကစားပြီး နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးနဲ့ ခြောက်မှတ်ရရှိထားပြီ ဖြစ်ပါတယ်။ ဒိန်းမတ်လူငယ်တွေရဲ့ နောက်ဆုံးသုံးပွဲကစားခဲ့တဲ့ရလဒ် တွေကိုကြည့်ရင် နှစ်ပွဲရှုံး၊ တစ်ပွဲနိုင်ထားလို့ ခြေစွမ်းက အားရစရာတော့မရှိပါဘူး။ ခြေစွာနေတဲ့ ဘူလ်ဂေးရီးယားတို့ကတော့ လူဇင်းဘတ်နဲ့ ရိုမေးနီးယားလူငယ်အသင်းတွေကို ဂိုးပြတ်သွင်းအောင်ပွဲ ဆက်တိုက်ရယူထားတာမို့ အခုပွဲမှာ ဒိန်းမတ်တို့ကံကောင်းမှ သရေရလဒ်ကို ရရှိနိုင်မှာဖြစ်ပါတယ်။

# လီဗာပူးနဲ့ ဆွေးနွေးပွဲတွေလုပ်ဖို့ စီစဉ်ထားတယ်ဆိုတဲ့ ဂျာဂျင်ကလော့

သောကြာနေ့မှစတင်ကာ လီဗာပူးနည်းပြသစ်ဖြစ်လာတဲ့ ဂျာဂျင်ကလော့ဟာ လာမယ့်သီတင်းပတ်ထဲမှာ လီဗာပူးနဲ့ ဆွေးနွေးပွဲတွေပြုလုပ်ဖို့ စီစဉ်ထားတယ်လို့ ဆိုပါတယ်။ အလုပ်ဖြုတ်ခံလိုက်ရတဲ့ ဘရိုင်ဒန်ရော်ဂျာနေရာမှာ အစားထိုးဖို့နည်းပြဖြစ်လာတဲ့ ဂျာဂျင်ကလော့ဟာ အသင်းကိုပြုပြင်ပြောင်းလဲမှုတွေပြုလုပ်ဖို့ ဆွေးနွေးပွဲအချို့ကို လာမယ့်သီတင်းပတ်ထဲမှာ ပြုလုပ်သွားဖို့ စီစဉ်ထားတယ်လို့ဆိုပါတယ်။ ဘရိုင်ဒန်ရော်ဂျာနေရာမှာ အစားထိုးဖို့ အတည်မပြုရသေးပေမယ့် သူ့အနေနဲ့ အသင်းကိုပြုပြင်ပြောင်းလဲမှုတွေပြုလုပ်ဖို့ စီစဉ်ထားတယ်လို့ ဆိုပါတယ်။




လီဗာပူးရဲ့ ကစားသမားအများစုဟာလည်း ယူရိုခြေစစ်ပွဲတွေနဲ့ နိုင်ငံတကာ ပြိုင်ပွဲတွေအတွက် သွားရောက်ကစားနေရတဲ့အတွက် ဂျာဂျင်ကလော့အနေနဲ့ ဆွေးနွေးပွဲတွေနဲ့ လီဗာပူးရဲ့ နည်းပြဘဝကို စတင်ဖို့ ပြင်ဆင်ထားတယ်လို့ ဆိုပါတယ်။ ဒေ့ါမွန်နည်းပြဟောင်း ဂျာဂျင်ကလော့ဟာ အောင်မြင်တဲ့နည်းပြတစ်ဦးဖြစ်ပြီး လီဗာပူးကို အကောင်းဆုံး ပြန်လည်တည်ဆောက်သွားနိုင်ဖို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

# မော်ရင်ဟိုကို အကောင်းဆုံးနည်းပြလို့ဆို



မော်ရင်ဟိုဟာ ပရီမီယာလိဂ်မှာ ဆိုးရွားတဲ့ရလဒ်တွေနဲ့ ရင်ဆိုင်နေရသော်လည်း ချယ်လ်ဆီးသမိုင်းမှာတော့ အကောင်းဆုံးနည်းပြပါပဲလို့ ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်က ဆိုပါတယ်။ အသက် ၅၂ နှစ်အရွယ်ရှိတဲ့ မော်ရင်ဟိုဟာ ချယ်လ်ဆီးဘောလုံးသမိုင်းမှာတော့ အကောင်းဆုံးနည်းပြဖြစ်တယ်လို့ ယုံကြည်ထားကြောင်း ဖာဘရီဂတ်စ်က ပြောဆိုလိုက်ပါတယ်။ မော်ရင်ဟိုက ကျွန်တော်ရဲ့ဘဝကို မြှင့်တင်ပေးခဲ့တဲ့ ဆရာကောင်းဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းဟာ ပရီမီယာလိဂ် ရှစ်ပွဲကစားရာမှာ နှစ်ပွဲသာအနိုင်ရခဲ့ပါတယ်။

လက်ရှိအချိန်မှာ အမှတ်ပေးဇယားရဲ့ ၁၆ နေရာမှာ ရပ်တည်နေရတဲ့ ချယ်လ်ဆီးအသင်းဟာ ရုန်းကန်ကြိုးစားနေရသော်လည်း အသင်းရဲ့သမိုင်းမှာတော့ အကောင်းဆုံးနည်းပြလို့ ဆိုပါတယ်။ ကျွန်တော်တို့ ချယ်လ်ဆီးအသင်းဟာ အကောင်းဆုံးတော့မလုပ်နိုင်သေးပါဘူး။ ဒါပေမယ့် ပို၍ပို၍ကောင်းလာမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အကောင်းဆုံးနည်းပြ ရှိနေလို့ပါပဲလို့ ဆိုပါတယ်။

■



# Facebook နှင့် မြန်မာပြည် ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပမည်




**ရန်ကုန် အောက်တိုဘာ ၉**

မြန်မာနိုင်ငံတွင် အသုံးအများဆုံး လူမှုကွန်ရက်ဖြစ်သည့် ဖေ့စ်ဘွတ်ခ်ကို သုံးစွဲရာတွင် သိရှိသင့်သည့် ဆောင်ရန်ရှောင်ရန်များ၊ အသုံးပြုသူတစ်ဦးချင်း၏ တစ်ကိုယ်ရေလုံခြုံရေးဆိုင်ရာများ၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စများ စသည့်ခေါင်းစဉ်များအပါအဝင် ဖေ့စ်ဘွတ်ခ်အသုံးပြုသူများအတွက် သိကောင်းစရာမျိုးစုံပါဝင်သည့် Facebook နှင့် မြန်မာပြည်ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းကကြီးမှူး၍ ရန်ကုန်မြို့ လှိုင်မြို့နယ် MICT Park ၌ အောက်တိုဘာ ၁၀ ရက်**(ယနေ့)** မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ဥာနဆိုင်ရာတာဝန်ရှိသူများ၊ အတွေ့အကြုံရှိသူများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် Social Network တွင် ထင်ပေါ်ကျော်ကြားသူများက Panel Discussion ပုံစံဖြင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ အိုင်တီနှင့် မီဒီယာလုပ်ငန်းရှင် ဦးသောင်းစုငြိမ်းက Moderator အဖြစ်ဆောင်ရွက်ပြီး ဆွေးနွေးသူများအဖြစ် အဖွဲ့(၁)တွင် ဦးရဲမြတ်သူ၊ ဘဏ်လုပ်ငန်းအကြံပေး ဦးရဲမင်းဦး၊ Miss Myanmar International 2013 ဆုရှင် ဂုဏ်ရည်အေးကျော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးတစ်ဦးတို့ ပါဝင်ဆွေးနွေးမည်ဖြစ်သည်။ အဖွဲ့(၂)တွင် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းမှ တာဝန်ရှိသူ ဦးမင်းဦး၊ အိုင်တီနည်းပညာဆိုင်ရာ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင် ဦးသာထက်၊ ဆိုက်ဘာလုံခြုံရေးပညာရှင် ဦးရဲသူရသက်နှင့် အိုင်တီပညာရှင် ဦးရာဇီတို့က ပါဝင်ဆွေးနွေးမည်ဖြစ်သည်။

ဆွေးနွေးမည့်အကြောင်းအရာများအနေဖြင့် လူမှုကွန်ရက်ပေါ်တွင် ဆောင်ရန်ရှောင်ရန်များ၊ အသုံးပြုသူတစ်ဦးချင်း၏ privacy နှင့် security ကိစ္စများ၊ Cyber-bully လုပ်ခြင်းနှင့် အင်တာနက်ပေါ်မှ အနိုင်ကျင့်မှုများ၊ လူတိုင်း ပါဝင်ဆောင်ရွက်နိုင်သည့် e-democracy အခြေအနေများ၊ သတင်းရင်းမြစ်ဆန်းစစ်ရန် အရေးကြီးပုံများ၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စများ၊ လူမှုကွန်ရက်ဆိုင်ရာ အခြားသိကောင်းစရာများကို ဆွေးနွေးကြမည်ဖြစ်သည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင်များ၊ ကွန်ပျူတာနည်းပညာကို လေ့လာနေသော ကျောင်းသားကျောင်းသူများနှင့် စိတ်ပါဝင်စားသူ မည်သူမဆို(အခမဲ့)တက်ရောက်နိုင်ပြီး အသေးစိတ်သိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဖုန်း-၀၁-၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**သူရဖြိုး**

# တယ်လီနောငွေဖြည့်ကတ်များကို အငှားယာဉ်များတွင် ဝယ်ယူနိုင်မည်

**ရန်ကုန် အောက်တိုဘာ ၉**

တယ်လီနောဖုန်းများအတွက် ဖုန်းငွေဖြည့်ခြင်းကို အငှားယာဉ်များပေါ်တွင် e-load ဘောက်ချာများဖြင့် ငွေဖြည့်နိုင်ရန် တယ်လီနောက အောက်တိုဘာ ၈ ရက်မှ စတင်ဆောင်ရွက်ထားပြီး ဆက်လက်၍ ယာဉ်အစီး လေးထောင်အထိတိုးချဲ့သွားမည်ဖြစ်ကြောင်း သိရသည်။



"ကျွန်တော်တို့ရဲ့ ဖြန့်ချိရေးကွန်ရက်က အလျင်အမြန်ကြီးထွားနေပြီး အခုဆိုရင် ဖြန့်ချိသူ ၁၁၄ ဦး ရှိပါတယ်။ အရောင်းဆိုင်နေရာတွေကတော့ ၅၀၀၀၀ ကျော်နေပါပြီ။ ရန်ကုန်၊ မန္တလေးနဲ့ ပဲခူးမှာ သွက်လက်လှုပ်ရှားနေတဲ့ မြို့ပြလူနေမှုပုံစံကို ပြည့်စုံစေမယ့် ရွေ့လျားအရောင်းဆိုင်တွေဖြစ်သွားအောင် ဆောင်ရွက်ထားတာဖြစ်ပါတယ်"ဟု တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် Mr. Petter Furberg က ပြောသည်။

ဤမော်တော်ယာဉ်များတွင် အငှားယာဉ်များ၊ လိုက်ထရပ်များ၊ သုံးဘီးဆိုင်ကယ်(တုတ်တုတ်)များ ပါဝင်ပြီး ယင်းယာဉ်များတွင် မိုဘိုင်းဖုန်းများအတွက် e-load ဘောက်ချာများဖြင့် ငွေဖြည့်ပေးနိုင်ရန် တပ်ဆင်ပေးထားမည်ဖြစ်သည်။ ရန်ကုန်၊ မန္တလေး၊ ပဲခူးနှင့် အခြားနိုင်ငံတစ်ဝန်းတွင် စတင်မည်ဖြစ်ပြီး အသုံးပြုသူများ အဆင်ပြေစွာဖြင့် နေရာတိုင်းတွင် ငွေဖြည့်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်းရှိ တယ်လီနော၏ လက်ရှိအရောင်းဆိုင် ၅၀၀၀၀ ကျော်အပြင် မော်တော်ယာဉ်အရောင်းဆိုင်များကိုပါ ထပ်မံတိုးချဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပထမအဆင့်အနေဖြင့် ရန်ကုန်တွင် တက္ကစီ ၃၀၀ ဖြင့် စတင်မည်ဖြစ်ပြီး အဆိုပါအငှားယာဉ်များပေါ်တွင် ငွေဖြည့်နိုင်မည်ဖြစ်ကြောင်း၊ နောက်ပိုင်းတွင် ယာဉ်အစီးရေ ၄၀၀၀ အထိ တိုးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သွန်းဝသန်**

# ဈေးနှုန်းသက်သာသော အင်တာနက်အစီအစဉ်သစ်များ အော်ရီဒူးစတင်

**ရန်ကုန် အောက်တိုဘာ ၉**

ဈေးနှုန်းချိုသာစွာဖြင့် အသုံးပြုနိုင်မည့် အင်တာနက်အစီအစဉ်သစ်များကို အော်ရီဒူးက အောက်တိုဘာ ၉ ရက်တွင် စတင်ကြေညာလိုက်သည်။ အင်တာနက်အစီအစဉ်သစ်များအဖြစ် နေ့စဉ်သုံးအစီအစဉ် တစ်ခုနှင့် လစဉ်သုံးအစီအစဉ် လေးခုပါဝင်ပြီး နေ့စဉ်သုံးတွင် 70MB အတွက် ၃၉၀ ကျပ်ဖြစ်ကာ လစဉ်သုံးအနေဖြင့် 550 MB အတွက် ၂၈၀၀ ကျပ်၊ 1.35GB အတွက် ၆၅၀၀ကျပ်၊ 2.5GB အတွက် ၁၁၅၀၀ ကျပ်နှုန်းနှင့် 5.5 GB အတွက် ၂၅၀၀၀ ကျပ်နှုန်းဖြစ်သည်။

နေ့စဉ်သုံးအစီအစဉ်ကို ဝယ်ယူရန်အတွက် နံပါတ် ၂၂၃၈ သို့ 70MB ဟုမက်ဆေ့ချ်ပို့၍ဖြစ်စေ၊ နံပါတ် *5001# ကို ဖုန်းခေါ်ဆို၍ဖြစ်စေဝယ်ယူနိုင်ပြီး လစဉ်သုံးအစီအစဉ်တွင် 550 MB ကို ဝယ်ယူရန်အတွက် 550MB၊ 1.35GB ကို ဝယ်ယူရန်အတွက် 1.35GB၊ 2.5GB ကို ဝယ်ယူရန်အတွက် 2.5GB၊ 5.5GB ကို ဝယ်ယူရန်အတွက် 5.5GBဟု နံပါတ် ၂၂၃၈ သို့ မက်ဆေ့ချ်ပို့၍ ဝယ်ယူနိုင်ကြောင်း သိရသည်။ **သူရဖြိုး**

## New Porduct

### Huawei G7 Plus

အောက်တိုဘာလဆန်းမှာ ပြည်တွင်းကို စတင်ဝင်ရောက်လာသည့် ဟွာဝေး၏ နောက်ဆုံးထွက် မော်ဒယ်မြင့် တန်ဖိုးမြင့် စမတ်ဖုန်းမော်ဒယ်သစ်တစ်ခုဖြစ်ပြီး ရောင်းဈေးမှာ ကျပ်လေးသိန်းခွဲဝန်းကျင်ရှိသည်။




စီပီယူမှာ Snapdragon 616 ဖြစ်ပြီး Ram 2GB နှင့် မင်မိုရီ 16GB ပါဝင်ကာ မင်မိုရီကတ်ထပ်စိုက်၍လည်း သုံးနိုင်သည်။ ဘက်ထရီမှာ ၃၀၀၀ mAh ဖြစ်ပြီး အန်းဒရွိုက်ဗားရှင်းမှာ Lollipop ဖြစ်သည်။ ကင်မရာအနေဖြင့် နောက်ကင်မရာ 13.1MP နှင့် ရှေ့ကင်မရာ 5MP ဖြစ်သည်။ နက်ဝပ်အနေဖြင့် GSM နှင့် WCDMA နက်ခ်ဝပ်များအတွက် အသုံးပြုနိုင်ပြီး ဆင်းကတ်နှစ်ကတ်ထည့်သုံးနိုင်သည်။ အင်တာနက်ကိုလည်း 3G မှ LTE အထိ ထောက်ပံ့ပေးနိုင်သည်။

ကိုယ်ထည်အရောင်အနေဖြင့် ၃ ရောင်ရှိပြီး ကိုယ်ထည်ကာဗာမှာ သတ္တုအပြည့်ကိုယ်ထည်ဖြစ်သည်။ မျက်နှာပြင်အကျယ် ၅ ဒသမ ၅ လက်မရှိပြီး Full HD ဖြစ်သဖြင့် ကြည်လင်ပြတ်သားသော ပုံထွက်မျိုးရရှိမည့်အပြင် 2.5 D Curved Display နည်းပညာကြောင့် 3D ရုပ်ထွက်မျိုးကိုပါ ရရှိနိုင်မည်ဖြစ်သည်။ ထူးခြားချက်မှာ လက်ဗွေ finger print နည်းပညာ ပါဝင်လာခြင်းဖြစ်သည်။ Finger Print နည်းပညာပါဝင်သည့် ဟွာဝေး၏ ဒုတိယမြောက်ဖုန်းမော်ဒယ်ဖြစ်သည်။ ယခင်ထွက်ခဲ့သည့် Ascend Mate7 တွင် ပါဝင်သော Finger print နည်းပညာထက် ပိုကောင်းအောင်လုပ်ထားပြီး ၉၇ ရာခိုင်နှုန်းအထိ တိကျသည့် လက်ဗွေဖတ်စနစ်များပါဝင်ကြောင်း သိရသည်။ **သူရဖြိုး**

# လူမှုဝန်းကျင်အဖွဲ့အစည်းများသို့ ကူညီထောက်ပံ့သည့်

# Love & Care လှုပ်ရှားမှုကို ဆမ်ဆောင်းပြုလုပ်လျက်ရှိ




**ရန်ကုန် အောက်တိုဘာ ၉**

Samsung ၏ ၂၀၁၅ တစ်ကမ္ဘာလုံးဆိုင်ရာ လုပ်အားပေးပွဲတော် တစ်စိတ်တစ်ပိုင်းအနေနှင့် မြန်မာနိုင်ငံတွင်လည်း လူမှုဝန်းကျင်အဖွဲ့အစည်းများသို့ ကူညီထောက်ပံ့သည့်လှုပ်ရှားမှု Love & Care Program ကို ဆမ်ဆောင်းမြန်မာက အောက်တိုဘာ ၃ ရက်မှစ၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

Love & Care Program လှုပ်ရှားမှုအစီအစဉ်အရ အရှေ့တောင်အာရှနှင့် သမုဒ္ဒရာပိုင်းဒေသဆိုင်ရာ နိုင်ငံအသီးသီးရှိ ဆမ်ဆောင်းမှ လုပ်အားပေးအဖွဲ့များက ပဲခူးတိုင်းဒေသကြီးရှိ ပန်းပျိုးလက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ အစားသောက်၊ စာရေးကိရိယာများ ပံ့ပိုးပေးခဲ့ပြီး ကျောင်းသား ကျောင်းသူ ၄၀၀ ကျော်အား နည်းပညာကိုအသုံးပြု၍ လေ့လာသင်ကြားမှုဆိုင်ရာ လှုပ်ရှားမှုအစီအစဉ်များလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ဒီအစီအစဉ်ကို အာဆီယံဒေသတွင်းမှာ ပထမဆုံးအကြိမ်အနေနဲ့ လှုပ်ရှားဆောင်ရွက်တာ ဖြစ်ပါတယ်။ ဒီ Program မှတစ်ဆင့် ကျွန်မတို့မှာရှိတဲ့ ဗဟုသုတနဲ့ စွမ်းဆောင်ရည်တွေကို လေ့လာသင်ကြားမှုဆိုင်ရာ လှုပ်ရှားမှုအစီအစဉ်တွေကို ပြုလုပ်ပြီး မျှဝေပေးရုံသာမက မြန်မာနိုင်ငံမှာရှိတဲ့ ဒေသခံအဖွဲ့အစည်းတွေကို ကူညီအားပေး ထောက်ခံပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ဆမ်ဆောင်း အရှေ့တောင်အာရှနှင့် သမုဒ္ဒရာဒေသပိုင်းဆိုင်ရာ တာဝန်ရှိသူ Irene Ng က ပြောသည်။

ဆမ်ဆောင်းသည် တစ်ကမ္ဘာလုံးဆိုင်ရာ လုပ်အားပေးပွဲတော်(Global Volunteer Service Festival)ကို ၁၉၉၅ ခုနှစ်မှစတင်၍ နှစ်စဉ်နှစ်တိုင်း အောက်တိုဘာလတွင်ကျင်းပခဲ့ပြီး ကမ္ဘာတစ်ဝန်းမှ ဆမ်ဆောင်းဝန်ထမ်းများက ၎င်းတို့အလုပ်လုပ်ကိုင်ရာနှင့် နေထိုင်ရာ ပတ်ဝန်းကျင်တွင်ရှိသော အဖွဲ့အစည်းများတွင် ကောင်းမွန်သော အကျိုးသက်ရောက်မှုများရရှိစေရန်အတွက် ကိုယ်ပိုင်အချိန်များနှင့် စွမ်းဆောင်ရည်များကို တီထွင်ဖန်တီးအသုံးပြု၍ လှူဒါန်းသည့်အစီအစဉ်ဖြစ်ကြောင်း သိရသည်။

ဆမ်ဆောင်းမှ ယခုဆောင်ရွက်နေသည့် Love and Care လှုပ်ရှားမှုအပြင် မြန်မာနိုင်ငံအတွင်း ပညာသင်ကြားရန်အခွင့်အလမ်းများ ပိုမိုရရှိစေရန်ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပညာသင်ကြားခွင့်ဆုံးရှုံးခဲ့သော ကလေးသူငယ်များကို ရွေ့လျားစာသင်ခန်းများဖြင့် ပညာသင်ကြားပေးသည့် My ME project ကိုလည်း ပြည်တွင်းမှ NGO အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သွန်းဝသန်**


SWEETY HOME
Living Mall(Thaketa)
SOFA
ဆွီတီးဟုမ်း
Thaketa
Living Mall
GRAND OPENING
CEREMONY
10-Oct-15 (Sat)
"ဖွင့်ပွဲအထိမ်းအမှတ်အဖြစ်" ငွေကျပ်နှစ်သိန်းနှင့် အထက် ဝယ်ယူသူ အားလုံး
(သို့) ငွေကျပ် နှစ်သိန်းနှင့် အထက်ဝယ်ယူထားသော ဘောက်ချာအဟောင်း ပြရုံဖြင့်
ဗလာမပါ ဆုပဲများ ကံစမ်းခွင့် ရရှိမည့် အခွင့်အရေး (ဖွင့်ပွဲနေ့တစ်ရက် သာ)
SWEETY HOME
Promotion Date
10th to 31st Oct 2015
20th
Since 1995
ANNIVERSARY
up to 20 % OFF
ရွှေ နှစ်ဆယ် ကျပ်သား
ရရှိနိုင်မည့်အခွင့်အရေး နှင့်
ဆုမဲပေါင်းများစွာ
အထူးဆု ပထမဆု ဒုတိယဆု နှစ်သိမ့်ဆု(၅)ဆု
(၁၀) ကျပ်သား (၃) ကျပ်သား (၂) ကျပ်သား (၁) ကျပ်သား
ငွေကျပ်တစ်သိန်းနှင့် အထက် ဝယ်ယူသူတိုင်း ကံစမ်းမဲလက်မှတ်တစ်စောင် ရယူနိုင်ပါသည်။
ရေဝဏ်လမ်းမကြီး (ကျောက်တိုင်မှတ်တိုင်အနီး)၊ သာကေတမြို့နယ်၊ရန်ကုန်မြို့။
၀၁-၅၅၁၅၉၁၊ ၀၁-၅၄၇၁၂၂

၁၉၇၇ ခုနှစ်တွင် စတင်တည်ထောင်သည်

# သိင်္ဂီရွှေ ပိုးထည်



အင်းလျားလမ်း (ဓမ္မစေတီလမ်းအနီး) ကမာရွတ်မြို့နယ်။

Ph: 09-26 4545 008, 09-26 4545 009, 01-393 143

**Big Chance @ Inya Road Branch**



# မြင့်မြတ်
အမှတ်တံဆိပ်
# အမွှေးပြေသောက်ဆေး

ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ ဦးခေါင်းတစ်ခုလုံးအုံခဲလေးလံပြီး နာကျင်ကိုက်ခဲခြင်း၊ နားထင်ကြောများကိုက်ခဲခြင်း၊ အာရုံကြောများအား နည်းခြင်းများအတွက် သုံးစွဲနိုင်ပါသည်။

တိုင်းရင်းဆေးမှတ်ပုံတင်အမှတ်-TMR 011342 (0118)

ပင်ရင်း - ကျောက်မဲ-ဆေးတိုက်နှင့် ဆေးကုဌာန - ဖုန်း - ၀၉ ၇၃၂၁၁၀၆၁၊ ၀၉ ၇၃၁၉၇၅၂၄၊ ၀၉ ၇၃၀၄၅၁၁၉။



ဟိုက်ခြောလစ်/လေဖီအား

**ကွန်ကရစ်ဆုတ် ရိုက်စက်**

ခေတ်မီမြေအုတ်ရိုက်စက်ရပြီ။

(၆၇)၊ သံသုမာလမ်း၊ သုဝဏ္ဏသွားဆေးတက္ကသိုလ်အနီး

PH:09 731 99 410

09 420035882, 73199257



## ဝန်ထမ်းအလိုရှိသည်။

ဆံပင်နှင့်မိတ်ကပ်အလှပြုပြင်ရေးဆိုင်တွင် ဘက်စုံသင်ကြားပေးမည်။ နေစရိတ်၊စားစရိတ် အပြီးအစီး (မ)ဝန်ထမ်းအလိုရှိသည်။

လှိုင်မြို့နယ်၊ ရန်ကုန်မြို့

ဆက်သွယ်ရန် - Ph: 09-36112291
09-450049686



တိုက်ခန်းနေရာကောင်းငှားမည်

တောင်ဥက္ကလာပမြို့နယ်၊ ဝေဇယန္တာလမ်း၊ တိုက်ခန်း၁၃၀၀ စပေ၊ လျှပ်ထိုးခင်း၊ MB-1,B-1,Lift၊ ပ-လွှာ၊ တ-လွှာ၊ ညီနောင်ဈေး (ကုမ္ပဏီရုံးခန်း၊ သင်တန်းအထူးသင့်လျော်သည်။)

ဖုန်း-၀၁ ၅၆၄၀၉၂၊ ၀၉ ၄၂၀၀၆၃၈၈၄။



FAME

**Chitobit®**

Natural lipid inhibitor

သဘာဝအဆီကျဆေး

TMR 008204 (1115)
၂/၂၀၁၅ ထဆထလ/တိုင်(၀၆၇၂)

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME

**SpiruGarlic®**

Natural cholesterol lowering

အဆီကျဆေးညှိဆေး

TMR 006127 (0717)
၂/၂၀၁၅ ထဆထလ/တိုင်(၀၆၇၂)

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified



✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ - ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ် - ၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက(စနယ်ဇင်း) ၀၁၇/၀၃၁၅

# ဖျံ-၅-ကောင်
အမှတ်တံဆိပ်

**သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို**

တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။

ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)

ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၂၄၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၈၀၁၇၅၊ ၃၉၂၅၉၄



**OIL & GAS 2015**
# Myanmar

ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေရေး၊ ထုတ်လုပ်ရေးနှင့် သန့်စင်ရေး ပြပွဲ

၁၅ - ၁၇ အောက်တိုဘာ ၂၀၁၅
(ကြာသပတေး - စနေ)
Myanmar Event Park ၊ရန်ကုန်



## ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍကို အလေးပေးပြသမည့် မြန်မာနိုင်ငံ၏ ပြပွဲကြီး

- နိုင်ငံတကာမှ ပြသသူ ၁၀၀ကျော်ပါဝင်မည့် အကြီးမားဆုံး ကုန်သွယ်မှုဆိုင်ရာပြပွဲ
- ကမ်းလွန်တူးဖော်ရေး၊ ရှာဖွေရေး၊ ထုတ်လုပ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ IT နှင့် နည်းလမ်းသစ်များရှာဖွေခြင်းအတွက် နောက်ဆုံးပေါ် နည်းပညာနှင့် ကိရိယာများကို လာရောက်ကြည့်ရှုပါ
- စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအသစ်များကို ရှာဖွေပါ
- လုပ်ငန်းနယ်ပယ်အတွက် နောက်ဆုံးပေါ် တိုးတက်မှုသတင်းများကို ရယူပါ
- MOGE မှ ပြောကြားမည့် Oil & Gas Myanmar 2015 ဆွေးနွေးပွဲသို့ တက်ရောက်ပါ

**စီးပွားရေးလုပ်ငန်းရှင်များသာ ၊ အသက် (၁၈) နှစ်အောက်ဝင်ခွင့်မပြု**

**www.OGMyanmar.com**

စီစဉ်သူ
SINGAPORE EXHIBITION SERVICES
ဆက်သွယ်စုံစမ်းရန် ဦးထက်ဝေဇော်
ဖုန်း +၉၅ ၁ ၅၁၃ ၅၁၅ - ၅၁၉
အီးမေးလ်: events@sesallworld.com

ဆွေးနွေးပွဲမန်နေဂျာ
ALPHA RESOURCES & TRAINING CO.,LTD

ကူညီပံ့ပိုးသည့် အဖွဲ့အစည်းများ
Ministry of Industy SMEs Development Department
Ministry of Transport
Myanmar Engineering Society
Myanmar Maritime University
Myanmar Oil & Gas Services Society

ALLWORLD EXHIBITIONS EVENT



# ဝိတိုရိယ ဆေးရုံ
Victoria Hospital
Quality Care

**မလေးရှားနိုင်ငံ နား၊ နှာခေါင်းနှင့် လည်ချောင်း အထူးကုပါမောက္ခဆရာဝန်ကြီးမှ ခွဲစိတ်ကုသပေးမည့် အောက်တိုဘာလ အထူးအစီအစဉ်**

(၂၃.၁၀.၂၀၁၅) တစ်ရက်တည်းသာ ပြင်ပလူနာများကြည့်ရှုပေးမည်ဖြစ်ပါသည်

High Tech ENT Head & Neck Surgery
ONE STOP SOLUTION

မွေးရာပါ နားလေးရောဂါများနှင့် အသက်ကြီးမှ ဖြစ်ပေါ်သော နားလေးရောဂါများအတွက် အတွင်းနားအာရုံကြောနှီးဆွစက် ခွဲစိတ်တပ်ဆင်ပေးခြင်း (Cochlear Implant)

နှာခေါင်းရောဂါများကြောင့် နှာပိတ်ခြင်း၊ နှာခေါင်းအတွင်း အသားပိုထွက်ခြင်းနှင့် နှာတရည်ထိပ်ကပ် နှာရောဂါများကို နောက်ဆုံးပေါ်ခေတ်မီ FESSခေါ် တီဗွီမှန်ပြောင်းဖြင့် အနစိတ် ခွဲစိတ်ကုသပေးခြင်း။

အသံဝင်ခြင်း၊ အသံကြိုးတွင် အသီးထသောရောဂါများကို Miran $CO_2$ Laser စက်သစ်ကြီးဖြင့် ခွဲစိတ်ကုသပေးခြင်း။

ကြိုတင်စီစစ်မှုများပြုလုပ်ရန် လိုအပ်ပါသဖြင့် အောက်တိုဘာ ၁၉ ရက်မတိုင်မီ စာရင်းပေးသွင်းရမည်ဖြစ်ပါသည်။

လူဦးရေအကန့်အသတ်ရှိပါသည်။

Hot Line +95 9 783 666 141~144 ( Ext :7065 ) သို့အသေးစိတ် စုံစမ်းမေးမြန်းနိုင်ပါသည်။

Address - အမှတ် (၆၈)၊ တော်ဝင်လမ်း၊ (၉)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

Website : www.victoriahospitalmyanmar.com

Facebook : www.facebook.com/WitoriyaGeneralHospital

## ချမ်းမြေ့ရိပ်သာကျောင်း (ရန်ကုန်) (၃၉)ကြိမ်မြောက် ဘုံကထိန်သင်္ကန်းလှူဒါန်းဆက်ကပ်ပွဲ

**ကျင်းပမည့်ရက်** - ၁၃၇၇ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၄ရက်၊ ၁-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့)

**ကျင်းပမည့်နေရာ** - ချမ်းမြေ့ရိပ်သာကျောင်း၊ အမှတ် ၅၅(က)၊ ကမ္ဘာအေးစေတီလမ်း၊မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊

**ရေစက်ချချိန်** - နံနက် ၀၉း၀၀နာရီ

**နံနက်စာကျွေးမွေးချိန်** - နံနက် ၀၉း၃၀နာရီမှ ၁၂း၀၀နာရီ

သတိပြုပါရန်-လှူဖွယ်ပစ္စည်းများကို နံနက် ၈နာရီမှစ၍ အလှူရှင်များ ကိုယ်တိုင် ကပ်လှူနိုင်ရန် စီစဉ်ထားပါသည်။

**အမှုဆောင်များချမ်းမြေ့ရိပ်သာဝေယျာဝစ္စအဖွဲ့ ရန်ကုန်မြို့**

**ဖုန်း-၀၁-၆၆၁၄၇၉၊ ၀၁-၆၅၂၅၈၅၊ ၀၉-၇၃၀၁၂၃၃၃**

## ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး သီတင်းကျွတ်လပြည့်အဘိဓမ္မာအခါတော်နေ့ အထိမ်းအမှတ် သီတင်းကျွတ်မီးထွန်းပွဲနှင့် (၃၈)ကြိမ်မြောက် ပဝါရဏာပွဲကျင်းပမည်

ရွှေဘုန်းပွင့်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူး၍ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ အထိမ်းအမှတ် သီတင်းကျွတ်မီးထွန်းပွဲနှင့် (၃၈)ကြိမ်မြောက် ပဝါရဏာပွဲကို ၁၃၇၇ခုနှစ် သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပရန် စီစဉ်ထားပါသည်။ (၃၈)ကြိမ်မြောက် ပဝါရဏာပွဲသို့ ရွှေဘုန်းပွင့်စေတီတော် သာသနဗောဓိကဓမ္မာရုံကြီး၌ (သီတင်းကျွတ်လပြည့်နေ့) ၂၈-၁၀-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ယင်းနေ့ညပိုင်းတွင် စေတီတော်ရင်ပြင်၌ စေတီတော်ကြီးကို ဆီမီးများထွန်းညှိပူဇော်ရန် စီစဉ်ထားပါသည်။ လှူဒါန်းလိုသူများဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံး ဖုန်း-၀၁-၂၉၀၄၂၅သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း။

**ရွှေဘုန်းပွင့်စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ဓနုဖြူမြို့သမိုင်းဝင်၊ ကျိုက္ကလွန်ပွန်းစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကျင်းပမည်...

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့၊ ရှေးဟောင်းသမိုင်းဝင် ကျိုက္ကလွန်ပွန်း စေတီတော်မြတ်ကြီး၏ (၁၄၃)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို (၁၃၇၇ခုနှစ် သီတင်းကျွတ်လဆန်း ၁၂ ရက်မှ လပြည့်ကျော် ၁ ရက်)၊ ၂၅-၁၀-၂၀၁၅ရက်မှ ၂၉-၁၀-၂၀၁၅ရက်အထိ ဇာတ်ပွဲ၊ မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲ၊ ဖူဆယ်ဘော လုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။

သီတင်းကျွတ်လဆန်း ၁၃ရက်နှင့် ၁၄ရက်တို့တွင် သံဃာ့ဒါနဆွမ်းလောင်း အသင်း ခုနစ်သင်းတို့မှ စေတီတော်မြတ်ကြီးအား ဆွမ်းတော်ကြီးကပ်လှူပူဇော်၍ သီတင်းကျွတ်လပြည့်နေ့တွင် ဓနုဖြူမြို့နယ်အသင်း(ရန်ကုန်)မှ ဆွမ်းတော်ကြီး ကပ်လှူ၊ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်မည်ဖြစ်ပါသည်။ ဈေးဆိုင်ခန်းနေရာများကို ၂၀-၁၀-၂၀၁၅ရက်တွင် စတင်ရောင်းချမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါအတိုင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

ဂေါပကအဖွဲ့ရုံး ဖုန်း-၀၄၆-၂၅၂၁၄၊ ဂေါပကဥက္ကဋ္ဌ ဖုန်း ၀၉-၈၆၁၈၀၁၅၈၊ ဂေါပကအတွင်းရေးမှူး ဖုန်း-၀၉-၄၉၇၀၀၀၀၈၊ ဂေါပကအဖွဲ့ဝင် ဖုန်း-၀၉-၂၅၄၅၉၁၅၈

**ပွဲတော်ကျင်းပရေးကော်မတီ**


## အမရပူရမြို့ မိုးကုတ် - မင်္ဂလာ ဓမ္မစေတီတော်ကျမ်းစာများ

▲ အဘိဓမ္မာတ္တံခွန်နှင့် ယမကဝီထိမဉ္ဇရီကျမ်း ▲ ညဝါတံခွန်ကျမ်း ▲ သုံးချက်စုချုပ်စဉ်ကျမ်း
▲ ဝီထိသင်္ခေပဒီပနီကျမ်း ▲ ဝိပဿနာကမ္မဋ္ဌာန်းကျင့်စဉ်ဆိုင်ရာ ပုထုဇ္ဇနအလင်းပြကျမ်း

**စာချဘာဝ မိုးကုတ်ဆရာတော်ဘုရားကြီးနှင့် ဆရာကြီးဦးအုန်းတို့၏ ဉာဏ်ဒါန**

- ဓာတုကထာ၊ ယမိုက်(၁၀)ကျမ်း၊ ဝီထိမဉ္ဇရီ ပဋ္ဌာန်းသုံးချက်စု၊ ဆဝါရ ပဋ္ဌာဝါရစသော အဘိဓမ္မာပဋ္ဌာန်း ဆိုင်ရာ စာချ၊ စာသင်၊ အလွတ်လေ့လာသူတိုင်းအတွက် ရှားပါးလှသော အထူးအခွင့်ကောင်း။
- မိုးကုတ်ဆရာတော်ကြီး ဘဝတစ်လျှောက်ပတ်လုံး သီတင်းသုံး၊ စာသင်၊ စာချ၊ တရားဟောပြတော်မူခဲ့သော အမရပူရမြို့ မိုးကုတ်ဝိပဿနာ မိခင်ပင်မဌာန မင်္ဂလာတိုက် တပည့်သံဃာများမှ ထုတ်ဝေသည်။

**ဖြန့်ချီရေး**

၁။ မိုးကုတ်ဝိပဿနာမိခင်ပင်မ သံဝေဇနိယဌာန၊ မင်္ဂလာမဂ္ဂင်ရိပ်သာ အိုးတော်ရပ်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့
၂။ ဣန္ဒာသယပိဋကတ်စာအုပ်ဆိုင် ရွှေတိဂုံဘုရားတောင်ဘက်မုခ်ဈေးတော်ရုံ၊ ရန်ကုန်မြို့ ဖုန်း - ၀၁ ၃၇၄၈၁၃
၃။ အနန္တသုခပိဋကတ်စာအုပ်ဆိုင် ဘီ-ရုံ(ပထမထပ်)၊ ဈေးချိုတော်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၉၁၀၀၀၇၇၅

ပူဇော်နိုင်ပါပြီ


## ဖြူးဆရာတော်ကြီး၏ တပည့်ကြီး ဖြူးမဟာစည်ဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ၏အမေရိကန်နိုင်ငံ ဓမ္မဒူတခရီးကြွရောက်မည်

ဖြူးမဟာစည်သာသနာ့ရိပ်သာများနှင့် ရတနာစိန်စည်ပရိယတ္တိစာသင်တိုက်တို့၏ ပဓာန နာယကဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ (နိုင်ငံတော် ဓမ္မကထိကဗဟုဇနဟိတဓရ)ပြည်တွင်း ပြည်ပမဟာစည်နာယက၊ ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ M.A, Ph.D၊ သာသနာပြုနယ်လှည့် ဓမ္မကထိကအရှင်သူမြတ်သည် ၁၃၇၇ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၂ ရက်၊ ၁၀-၁၀-၂၀၁၅ရက် (စနေနေ့)တွင် ပြည်ပသာသနာပြုဓမ္မဒူတခရီးစဉ်အဖြစ် အမေရိကန်နိုင်ငံသို့ ကြွရောက်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမများ ကြည်ညိုသဒ္ဓါတရား ဖြစ်ပွားနိုင်ရန် အသိပေးအပ်ပါသည်။

**ဆရာတော်၏ တရားပွဲများကို ပင့်လျှောက်လိုပါက ဖုန်း-၀၉-၅၃၉၀၄၁၇၊ ၀၁-၅၃၀၀၆၈၊ ၀၉-၇၉၄၁၂၂၁၁၅၊ ၀၁-၅၃၀၁၁၃၊ ၀၅၄-၄၀၇၇၁၊ ၀၅၄-၄၀၀၁၂၊ ၀၉-၅၀၅၆၁၀၇၊ ၀၉-၂၅၀၂၁၄၉၇၇၊ ၀၉-၇၈၈၇၉၇၇၅၄၊ ၀၉-၂၅၃၆၉၉၆၇၉တို့သို့ ဆက်သွယ်ပင့်လျှောက်နိုင်ပါသည်။**

## မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့ အထက ပလစ(၂) စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲအတွက်

# အသိပေးနှိုးဆော်ခြင်း

အမရပူရမြို့နယ်၊ ပလစ(၂)အထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၆-၁၂-၂၀၁၅ ရက် (စနေနေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။ ကျောင်းစတင်တည်ထောင်သည့် ၁၉၅၉ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ အသက် ၆၀ နှင့်အထက် အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့မည်ဖြစ်ကြောင်း ကျောင်းသား ကျောင်းသူဟောင်းများအား အသိပေးနှိုးဆော်အပ်ပါသည်။ အလှူငွေထည့်ဝင်လှူဒါန်းလိုသူများအနေဖြင့် အောက်ပါဖုန်းနံပါတ်များနှင့် ငွေစာရင်းအမှတ်အား ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ ကိုလှမျိုး ဖုန်း-၀၉-၂၀၀၄၇၈၃၊ ကိုညီညီစိုးဖုန်း-၀၉-၄၂၁၁၇၃၂၃၂၊ ကိုဝဏ္ဏ ဖုန်း-၀၉-၂၀၁၀၆၉၅၊ ဦးအောင်သိန်း ဖုန်း-၀၉-၄၀၂၇၁၀၁၂၉၊ ကိုသိန်းသျှန် ဖုန်း-၀၉-၄၀၂၇၅၈၉၉၉၊ကိုဝင်းထိန်းဖုန်း-၀၉-၆၈၀၂၅၈၆၊ဒေါ်သန်းသန်းမြင့် ဖုန်း-၀၉-၄၀၂၆၀၂၅၁၀၊ ဒေါ်အေးမာကျော် ဖုန်း-၀၉-၄၃၁၄၇၃၅၁၊မတင်မွန်လတ်ဖုန်း-၀၉-၇၈၈၇၃၃၅၂၉၊ ကိုစိုးသီဟထွန်း ဖုန်း-၀၉-၄၀၂၅၈၅၀၇၇၊ ဒေါက်တာအောင်ချမ်းဝင်း ဖုန်း-၀၉-၉၁၀၁၇၄၆၇၊ မစိုးစိုးကျော် ဖုန်း-၀၂-၅၉၆၈၄၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ် KBZ 077122006528 တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ပါသည်။

## ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက် (အရှင်ပုညာနန္ဒ) (၆)နှစ်ပြည့်မြောက် အထူးပူဇော်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်(၉)ရပ်ကွက်၊ နဝရတ်လမ်း၊ ပုညာရာမမိုးကုတ် ဝိပဿနာကျောင်းတိုက်ကြီး၏ နှစ်စဉ်ဝါတွင်းရက် (၁၀၀) တရားစခန်းပွဲကြီးအောင်ပွဲနှင့် အတူ ကျောင်းတိုက်ကြီးကို စတင်တည်ထောင်သွားတော်မူသော ကျေးဇူးရှင်ဆရာတော် (အရှင်ပုညာနန္ဒ) (၆)နှစ်ပြည့်ရည်မှန်းပူဇော်ကျေးဇူးဆပ် ကုသိုလ်တော်နှင့် ခမည်းတော်ကြီးဘုန်းဘုန်းကြီး ဘဒ္ဒန္တဝိစာရသိက္ခာထပ်ဆင့်ကုသိုလ်တော်များဖြင့် ၂၂-၁၀-၂၀၁၅ ရက်တွင် ဆရာတော်အား ရည်မှန်းပူဇော်သွားမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးရှိ တပည့်သာဝက သူတော်စင်ယောဂီများနှင့် ဆွေမျိုးများ၊ ဓမ္မမိတ်ဆွေများ ကြွရောက်ကြည်ညိုပူဇော်နိုင်ပါရန် ရှိသေစွာ ဖိတ်ကြားအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါလျှင်-**

**ဖုန်း-၀၁-၅၅၃၃၃၀၊ ၀၁-၅၅၁၁၇၂၊ ၀၉-၅၀၁၃၂၉၇၊ ၀၉-၈၆၁၁၇၀၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။**

**ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်**

### ဖခင်အမည်မှန်

ကွတ်ခိုင်မြို့၊ ထူးချွန်(ပညာမြေ)ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း (B)မှ မမိုးမိုးဝင်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးရန်ဝမ်ချမ်း ၁၃/ကခန(နိုင်)၀၅၅၈၇၇ ဖြစ်ပါကြောင်း။ **ဦးရန်ဝမ်ချမ်း ၁၃/ကခန(နိုင်)၀၅၅၈၇၇**

### ဖခင်အမည်မှန်

ကွတ်ခိုင်မြို့၊ ထူးချွန်(ပညာမြေ) ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း(A)မှမောင်ဇလီရှဲ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးလျိုဆုံတေ ၁၃/ကခန(နိုင်)၀၃၇၁၃၃ ဖြစ်ပါကြောင်း။

**ဦးလျိုဆုံတေ ၁၃/ကခန(နိုင်)၀၃၇၁၃၃**

### အမည်မှန်

ဦးရန်ယုံကွေ၏သား ကွတ်ခိုင်မြို့၊ အလက ၄ (ခွဲ)၊ သတ္တမတန်းမှ မောင်မျိုးမြင့်ထွန်း၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မောင်မျိုးမင်းထွန်း ၁၃/ကခန(နိုင်)၀၈၈၉၀၇ ဖြစ်ပါကြောင်း။

**မောင်မျိုးမင်းထွန်း ၁၃/ကခန(နိုင်)၀၈၈၉၀၇**

### ဖခင်အမည်မှန်

ကွတ်ခိုင်မြို့၊ ထူးချွန်(ပညာမြေ)ကိုယ်ပိုင် အထက်တန်းကျောင်း၊ အဋ္ဌမတန်း (B)မှ မောင်အာကာမင်းထက်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးထွန်းလှ ၁၃/ဆဆန (နိုင်)၀၀၃၅၄၄ ဖြစ်ပါကြောင်း။ **ဦးထွန်းလှ ၁၃/ဆဆန(နိုင်)၀၀၃၅၄၄**

### မိဘအမည်မှန်

ကွတ်ခိုင်မြို့၊ မြို့မ အထက တက္ကသိုလ်ဝင်တန်းမှ မောင်ရှိုင်းဗိုလ်ဗိုလ်ထူး၏ မိဘအမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးဆန်းမောင် ၁၃/နခန(နိုင်)၀၁၈၄၇၉ နှင့် ဒေါ်ခင်စန်းမြင့် ၁၃/နခန(နိုင်)၀၁၈၄၈၀ ဖြစ်ပါကြောင်း။

**ဦးဆန်းမောင်-ဒေါ်ခင်စန်းမြင့်**

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ အထက (၅)၊ ရှမ်းတဲ တက္ကသိုလ်ဝင်တန်း (D) မှ ပညာသင်ကြားနေသော မောင်ပြည့်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမောင်စိုးဖြစ်ပါကြောင်း။

**ဦးမောင်စိုး ၉/မထလ(နိုင်)၁၉၀၁၄၈**

### အမည်ပြောင်း

ဦးဉာဏ၏သား နေပြည်တော်၊ အမှတ် (၇) အထက်တန်းကျောင်း စတုတ္ထတန်း၌ ပညာသင်ကြားနေသူ မောင်လင်းဉာဏအား ယနေ့မှ စ၍ မောင်အောင်ဉာဏဟု ပြောင်းလဲခေါ်ဆိုကြပါရန်။ **မောင်အောင်ဉာဏ**

### မိခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့နယ်၊ အထက(၁) တက္ကသိုလ်ဝင်တန်း(က)မှ မသဇင်ယု၏ မိခင်အမည်မှန်မှာ ဒေါ်စန်းစန်းညို ဖြစ်ပါကြောင်း။။

**ဒေါ်စန်းစန်းညို**

### ဖခင်အမည်မှန်

ဝမ်းတွင်းမြို့နယ်၊ သဲတောမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း(င)မှ မယုယုအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်မျိုး ၉/ဝတန(နိုင်) ၁၇၀၁၄၆ ဖြစ်ပါသည်။ **ဦးအောင်မျိုး**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၃၂၀၁၉၊ Honda Dream ND 125 M, M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဝင်းချို ၆/ကစန(နိုင်) ၀၂၀၇၁၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး (မြိတ်)**

### အမည်ပြောင်း

ဦးဆန်းကို၏သား တန့်ဆည်မြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း (A)မှ မောင်စိန်ရွှေထွန်းအား မောင်စွမ်းပိုင်ထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်စွမ်းပိုင်ထက်**

### ဖခင်အမည်မှန်

တန့်ဆည်မြို့နယ်၊ ဘေရင်း အထက(ခွဲ) တက္ကသိုလ်ဝင်တန်း (B) မှ မောင်ဇင်ကို၏ ဖခင်အမည်မှန်မှာ ဦးကျော်မိုး ၅/တဆန(နိုင်)၀၉၈၃၈၆ ဖြစ်ပါသည်။

**ဦးကျော်မိုး**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၃၈၈၈ Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇော်လတ် ၆/မအရ(နိုင်)၀၉၉၉၁၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

### အမည်ပြောင်း

ကွတ်ခိုင်မြို့၊ ထူးချွန်(ပညာမြေ)ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း (D)မှ မောင်ကျိုးခိုင်းမြင့်အား အိမ်ထောင်စုစာရင်းအရ မောင်ကျိုးယုံမိန်ဟုပြောင်းလဲခေါ်ပါရန်။

**မောင်ကျိုးယုံမိန်**

### အမည်ပြောင်း

ကွတ်ခိုင်မြို့၊ ထူးချွန်(ပညာမြေ)ကိုယ်ပိုင် အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း (B)မှ မောင်နွံစိုင်းအား အိမ်ထောင်စုစာရင်းအရ မောင်စိုင်းနွံစိုင်း ဟုပြောင်းလဲခေါ်ပါရန်။ **မောင်စိုင်းနွံစိုင်း**

### ဖခင်အမည်မှန်

ကွတ်ခိုင်မြို့၊ ထူးချွန်(ပညာမြေ)ကိုယ်ပိုင် အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း (C) မှ မောင်စိုင်းအောင်ကျော်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးစိုင်းမောင်ဘ ဖြစ်ပါကြောင်း။ **ဦးစိုင်းမောင်ဘ**

### ဖခင်အမည်မှန်

ကွတ်ခိုင်မြို့၊ ထူးချွန်(ပညာမြေ)ကိုယ်ပိုင် အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း (A) မှ မရန်ချွေဆူး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးရန်ဆင်းဟိန်း ၁၃/ကခန(နိုင်) ၀၃၄၈၉၇ ဖြစ်ပါကြောင်း။ **ဦးရန်ဆင်းဟိန်း ၁၃/ကခန(နိုင်)၀၃၄၈၉၇**

### ဖခင်အမည်မှန်

ကွတ်ခိုင်မြို့၊ ထူးချွန်(ပညာမြေ)ကိုယ်ပိုင် အထက်တန်းကျောင်း၊တက္ကသိုလ်ဝင်တန်း (A) မှမစန္ဒာမိုး၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးကျန်းဗိုဆန်း ၁၃/ကခန(နိုင်) ၀၁၃၁၆၀ ဖြစ်ပါကြောင်း။ **ဦးကျန်းဗိုဆန်း ၁၃/ကခန(နိုင်)၀၁၃၁၆၀**

### ဖခင်အမည်မှန်

ရေနံချောင်းမြို့၊ အထက (၃) နဝမတန်း(A) မှ မခိုင်မီမီဝေနှင့် သတ္တမတန်း(A)မှ မမျိုးပပမြင့်တို့၏ ဖခင်အမည်မှန်မှာ ဦးအောင်ကိုလတ် ဖြစ်ပါကြောင်း။

**ဦးအောင်ကိုလတ် ၈/ရနခ(နိုင်)၁၁၈၄၀၉**

### ပျောက်ဆုံးကြောင်း

ဦးဗုဒ္ဓိဝံသ(ဘ)ဦးထွန်းအောင်ဖြူ သာသနာဝင်စိစစ်ရေးအမှတ် (၁၁/ပတန(သ) ၀၀၀၀၃၃) ကိုင်ဆောင်သည့် passport လက်မှတ် (နံပါတ်မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်ပေးပါရန်။ **ဖုန်း-၀၉-၄၂၁၁၄၈၄၃၅**

## ပညာရေးဝန်ကြီးဌာန
## အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
## National Management College (NMC)

**Diploma in BUSINESS MANAGEMENT နှင့် Diploma in FINANCE & BANKING**

**အမှတ်စဉ် (၅) သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း**

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် နှင့် STI Myanmar University တို့ ပူးပေါင်း၍ အောက်ဖော်ပြပါ ဒီပလိုမာသင်တန်း အမှတ်စဉ် (၅)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

(က) **Diploma in Business Management (DBM)**
(ခ) **Diploma in Finance and Banking (DFB)**

၁။ အောက်ပါအရည်အချင်းတစ်ခုခုနှင့် ပြည့်စုံသူများတက်ရောက်နိုင်ပါသည်။
(က) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး CBM နှင့် CFS အောင်မြင်ထားသူများ
(ခ) စီးပွားရေးစီမံခန့်ခွဲမှုနှင့်သက်ဆိုင်သော ဘွဲ့/ဒီပလိုမာ ရရှိပြီးသူများ
(ဂ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီး စီမံခန့်ခွဲမှုနှင့်သက်ဆိုင်သော အောင်လက်မှတ်ရရှိပြီးသူများ
၂။ သင်တန်းကာလ (၁)နှစ် ကြာမြင့်ပြီး အောက်တိုဘာလ (၁၇)ရက်နေ့တွင် စတင်ဖွင့်လှစ်ပါမည်။
၃။ သင်တန်းအောင်မြင်ပြီးသူများသည် Advanced Diploma သင်တန်းမှတစ်ဆင့် The Open University of Hong Kong ၏ Bachelor of Business Administration (Finance and Banking/Management) BBA ဘွဲ့သင်တန်းသို့ ဆက်လက်တက်ရောက်နိုင်ပါသည်။ Advanced Diploma ၏ သင်တန်းကာလမှာ (၁)နှစ်ဖြစ်ပြီး BBA နောက်ဆုံးနှစ်၏ သင်တန်းကာလမှာ (၁)နှစ် ကြာမြင့်ပါမည်။
၄။ ပညာအရည်အချင်းအထောက်အထား (မူရင်းနှင့်မိတ္တူ) ၂စုံ၊ နိုင်ငံသားစိစစ်ရေးကဒ်ပြား (မူရင်းနှင့်မိတ္တူ) ၂စုံ၊ လိုင်စင်ဓါတ်ပုံ (၃)ပုံ တင်ပြရမည်။

**(လူဦးရေရောက်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။)**

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊ **STI Myanmar University**
ကုန်သည်လမ်း (၅၃-၅၄ လမ်းကြား)၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးအနီး၊ ဗိုလ်တထောင်မြို့နယ်
ဖုန်း - ၃၇၇၉၈၈၊ ၀၁၀၃၄၅၀၄၇၅၊ ၅၀၇၁၅၁/၅၂၊ ၅၀၇၀၄၈၊ ၀၉၄၂၀၁၈၃၁၅၅၊ ၀၉၄၂၀၂၅၄၈၇၂၊ ၀၉၄၂၀၁၃၁၇၃၀








### ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့၊ အေးသာယာမြို့သစ်၊ သစ်ပင်ထောင်ကျောင်း၊ အကွက်ကြီး အမှတ် (၄၂)၊ မြေကွက်အမှတ် (၃၄)၊ ဧရိယာ ဧက ၀ ဒသမ ၁၀၂ ရှိ ဗိုလ်မှူးရဲထွန်းဦး အမည်ပေါက် မူရင်းဂရန် ပျောက်ဆုံးသွားပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဗိုလ်မှူးရဲထွန်းဦး**
**ဖုန်း-၀၉-၄၄၈၅၄၄၆၇၄**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3I/8434, Toyota Hilue Vigo(Ku35R), p/u (4x2)® Open cab ယာဉ်လက်ဝယ်ရှိသူ CPS Myanmar Co,Ltd. က (ကမ-၃) ပျောက် ဆုံး ၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

### ကမ-၃ ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဟ/၃၂၁၈၊ Lifan 200 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ရွှေဝင်း ၁၁/စတန (နိုင်)၀၂၇၀၃၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထားများဖြင့် သတင်းစာကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လာရောက် ဆက်သွယ်ပါရန်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

### ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၃၅ယ/၄၀၆၅၅ Jaling GY ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းထွန်းအေး ၁၃/လခတ(နိုင်)၀၁၈၃၂၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6H/8738 Nissan Vanette SK82TN Van(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇော်၁၂/အစန (နိုင်)၁၈၅၄၆၀က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊အင်းစိန်**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂C/၃၉၀၀၊ Honda Fit, P/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွန်းအောင် ၁၂/ဗဟန(နိုင်)၀၀၈၈၇၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် CC/6780 TOYOTA PROBOX NCP51 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်အေး ၁၂/ကတတ(နိုင်) ၀၁၉၀၈၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ခ/၅၄၅၂ Mitsubishi Canter FE568EV Van(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမိုးထွန်း ၉/မရမ(နိုင်) ၀၈၃၄၂၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ ရန်ကုန်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဂ/၇၀၈၄ Toyota MarkII TZx170 P/L (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးလှိုင် ၁၂/ခရန(နိုင်)၀၇၇၀၇၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၆၊ မြေကွက်အမှတ် ၁၁၂၊ ၁၁၂၃၊ ဧရိယာ ၀ ဒသမ ၁၂၀၈ဧကစီရှိပြီး မြေတိုင်းရပ်ကွက်အမှတ် ၂၀၊ မြေကွက်အမှတ် ၉/၅၂၊ ဧရိယာ ၀ ဒသမ ၀၆၄ဧကသည် နှစ် ၆၀ မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဒေါ်ပိုဖြစ်ပါသည်။ အဆိုပါမြေကွက်များအား ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် (၆၀၁၉/၂၀၁၅၊ ၆၀၂၀/၂၀၁၅၊ ၆၀၂၁/၂၀၁၅)တင်ပြ၍ ဦးအုန်းမြင့် ၁၂/သဃက(နိုင်)၀၂၁၇၇၅၇ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား (မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၇/အနောက်၊ မြခွာညိုအိမ်ရာ၊ မြေကွက်အမှတ် ၇၂-ဆ၊ ဧရိယာ ၀ ဒသမ ၀၆၈ဧက၊ နှစ် ၆၀ မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဒေါ်သီတာ၊ မောင်ရဲလေး ဖြစ်ပါသည်။အဆိုပါမြေကွက်နှင့်အဆောက်အအုံအား အရောင်းအဝယ်စာချုပ် ၆၁၂၆/၂၀၁၅တင်ပြ၍ ဒေါ်ခင်မြစန္ဒာဝင်း ၁၂/မရက(နိုင်)၀၈၁၀၇၀အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ပါကြောင်း

သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် အောင်ချမ်းသာ(၁-ခ)၊ မြေကွက်အမှတ်(၈၃)၊ ဧရိယာ၀ဒသမ၁၂၇ဧက၊ နှစ်(၆၀)မြေငှားစာချုပ် အမည်ပေါက်မှာ ဗိုလ်မှူးကြီးမြင့်အောင်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရောင်းအဝယ်စာချုပ် (၁၅၃/၂၀၁၅)တင်ပြ၍ ဒေါ်အေးနွမ်းစံ ၉/မရမ(နိုင်)၀၅၇၅၁၅အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား (မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၈/FM၊အိမ်ရာ)၊ မြေကွက်အမှတ်(၈၈၅/A)၊ ဧရိယာ (၀ဒသမ၁၆၆)ဧက နှစ်(၆၀)မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဦးကြည်စိုး၊ ဒေါ်စီစီဖြစ်ပါသည်။ အဆိုပါမြေကွက်အား စွန့်လွှတ်စာချုပ် (၆၁၅၉/၂၀၁၅)တင်ပြ၍ ဒေါ်စီစီ ၁၂/လမတ(နိုင်)၀၀၇၈၂၀ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

### အများသိစေရန်ကြေညာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀-တောင်)၊ မြေကွက်အမှတ်(၁၂၈၅/ခ)၊ မြေကွက်တည်နေရာ အမှတ်(၁၂၈၅/က)၊ ခိုင်ရွှေဝါလမ်း၊ ၁၀/တောင် ၁၃ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးထွန်းလင်း (AC -၀၄၆၃၆၆)အမည်ပေါက် နှစ် ၆၀ဂရန်မြေအား ဦးထွန်းလင်းကိုယ်တိုင်မှ (ဂရန်)မူရင်းပျောက်ဆုံးကြောင်း တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအားဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလဂရန်ထုတ်ပေးထားသည့် မြေငှားစာချုပ်အမှတ် [သကတ/၁၀(တ) ၂၉၉၀/ ၉၃] (၈-၁၁-၉၃) ဦးထွန်းလင်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေငှားစာချုပ်ဂရန် (မူရင်း)စာအုပ်အား မြို့ပြ စီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရန်ကုန်သစ်၊ မြေကွက်အမှတ် ၇၇၀၊ မြေကွက်တည်နေရာအမှတ် ၉၊ ဘုရင့်နောင် ၁ လမ်း၊ ရန်ကုန်သစ်ရပ်ကွက်(ဦးအေးမောင်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ဦးအေးမောင်ထံမှ ၁၃-၆-၂၀၀၀ရက်စွဲပါ အရပ်ကတိအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးကျော်မင်းစိုး ၁၂/သဃက(နိုင်)၀၈၆၅၈၄မှ ပါမစ်မူရင်းပျောက်ဆုံးကြောင်း ကိုယ်တိုင်တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ထောက်ခံချက်နှင့် ကိုယ်တိုင်ကတိဝန်ခံချက်တို့ကိုတင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2B/8937 Hino ZT320 Crane ယာဉ်လက်ဝယ်ရှိသူ ဦးအေးသိန်း ၇/သနပ(နိုင်)၀၅၆၄၂၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

### ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၉ယ/၈၄၃၄ ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းရီ ၁၃/ဖခန(နိုင်)၀၁၄၉၇၁က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ကယားပြည်နယ်ရုံး (လွိုင်ကော်)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၆၆၈၅၅၊ Ve Ve Bo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မော်နီ ၅/ပလန(နိုင်)၁၀၀၆၀၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၂၂၇၁၈၊ Sky 90 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းခင် ၉/မနတ (နိုင်)၀၁၈၅၇၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7E/9815 Nissan Condar $R_4$F 23၊ L/T(4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်ဖြိုးကျော် ၇/ပခန (နိုင်)၃၃၆၃၂၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဌ/၁၉၃၈၁ YANMAR TF160L ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းမာလီး ၁၃/တခလ(နိုင်)၀၂၈၄၄၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7J/9592 Suzuki Carry DA 63 T P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမင်းသန်း ၉/ပမန(နိုင်)၁၂၆၄၈၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်သီသီမြင့် ၁၂/ကတတ(နိုင်)၀၁၁၂၈၀၏သား ကိုမိုးထက် ၁၂/ကတတ(နိုင်) ၀၂၉၉၃၈အား သားအဖြစ်မှစွန့်လွှတ်ကြောင်းနှင့် ၄င်းနှင့်ပတ်သက်၍ တာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်သီသီမြင့် ၁၂/ကတတ(နိုင်)၀၁၁၂၈၀**

# စည်းကမ်းကောင်းမွန်ခြင်း၊ လိုက်နာခြင်း၊ အမိန့်နာခံခြင်းဆိုသည့် တပ်မတော်၏ အစဉ်အလာကောင်းများနှင့်အညီ စောင့်ထိန်းလိုက်နာ

စာမျက်နှာ-၇



ရန်ကုန်ဆေးရုံကြီး ပင်မဆောင်ဝဲဘက်ခြမ်းပြုပြင်ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်း၊ စာ-၁၀)

ဓာတ်ပုံ-ဇော်မင်းလတ်

## မိုးကြီးမည့် သတိပေးချက်

**နေပြည်တော် အောက်တိုဘာ ၉**

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ မိုးလေဝသ တိုင်းထွာချက်များအရ ဘင်္ဂလား ပင်လယ်အော် အရှေ့မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့မွန်းလွဲမှ နောက်သုံးရက်အတွင်း အောက်ဖော်ပြပါ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။

စစ်ကိုင်းတိုင်း ဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့်

*စာမျက်နှာ ၅ ကော်လံ ၆* ❖

## နိုင်ငံအနောက်ပိုင်းဒေသများကို ပြန်သိမ်းပိုက်ရန် ဆီးရီးယားတပ်များ အဓိကထိုးစစ်ဆင်တိုက်ခိုက်

နိုင်ငံတကာ စာမျက်နှာ-၄

## ၂၀၁၅ ငြိမ်းချမ်းရေးနိုဘယ်ဆု တူနီးရှားအမျိုးသားရေးဆိုင်ရာ လေးဦးအဖွဲ့ ရရှိ

နိုင်ငံတကာ စာမျက်နှာ-၄

## တမူးခရိုင်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ယာယီတံတားအချို့နှင့် ချဉ်းကပ်လမ်းများပျက်စီး

သဘာဝဘေး စာမျက်နှာ-၈

## ဖားကန့်မြို့နယ်၌ သေနတ်ပစ်ခံရမှု လူနှစ်ဦးသေဆုံး

မှုခင်း စာမျက်နှာ-၁၃

## မီးလောင်မှုနှင့်ဆက်စပ်၍ သုံးလောင်းပြိုင်လူသတ်မှု တာချီလိတ်မြို့၌ဖြစ်ပွား

မှုခင်း စာမျက်နှာ-၁၄

## ၆၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သော ကုက္ကိုဝတံတား

**ရန်ကုန် အောက်တိုဘာ ၉**

တောင်ကိုမြင် လမ်းဖောက်၊ မြစ်ကိုမြင် တံတားဆောက်ဆိုသည့်စကားနှင့်အညီ ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ကုက္ကိုဝတံတားတည်ဆောက်လျက်ရှိသော လုပ်ငန်းခွင်သို့ စာရေးသူရောက်ရှိခဲ့သည်။

ထန်းတပင်မြို့နယ် ဇာတိသားဖြစ်၍ မြို့နယ်၏သွားလာရေး၊ ဆက်သွယ်ရေးကို ကောင်းစွာသိရှိသူဖြစ်သည်။ ထန်းတပင်မြို့မှ ဘောလည်ကျွန်းသို့ သွားလာလိုလျှင် ဘောလည်မြစ်၊ ကုက္ကိုဝမြစ် ထိုမြစ်များမှ လှေ၊ စက်လေှ၊ စက်တပ်လှေကြီးများဖြင့် သွားလာရသည်။

*စာမျက်နှာ ၂ ကော်လံ ၃* ▲




**နတ်ဆေးအလားစွမ်းပကား ရွှေပြည်နန်းနံ့သာဖြူသနပ်ခါး အိမ်တိုင်းထား**



ကျွန်မမိတ်ကပ်အမျိုးမျိုးကို ပြောင်းလိမ်းတဲ့အကျင့်ရှိပါတယ်။ အဲဒီလိုပြောင်းလိမ်းပါများလာတော့ ဓာတ်မတည့်တာတွေကြောင့်လားမသိဘူး. . .။ ကျွန်မမျက်နှာဟာ မကြာမကြာယားယံလာလို့ မျက်နှာကို စိတ်တိုင်းကျကုတ်မိရာမှ မျက်နှာမှာအသားများပတ်ကာ အရေလန်သလိုမျိုး အဖတ်ဖတ်တွေဖြစ်ပြီး အမည်းကွက်တွေထလာပါတယ်။ ကျွန်မမျက်နှာကြောင့် အရမ်းအားငယ်မိပါတယ်။ သိပ်မကြာခင်မှာဘဲ သူငယ်ချင်းတစ်ယောက် ဝယ်လာတဲ့ 'ရွှေပြည်နန်းသနပ်ခါး'ဘူး အစုံကိုတွေ့တာနဲ့ ဘာအတွက်ကောင်းတာလဲလို့ မေးကြည့်တဲ့အခါ ရွှေပြည်နန်းသံပရာသနပ်ခါးက သူ့မျက်နှာပေါ်က နေလောင်ထားတဲ့ အမည်းကွက်တွေကို ပျောက်ကင်းစေတဲ့အပြင် လည်ပင်း၊ လက်မောင်း စတဲ့နေရာတွေကိုပါ လိမ်းထားလိုက်တာ သူ့ရဲ့အသားအရေက ဝင်းဝါစိုပြေနေတာပဲလို့ပြောပါတယ်။ ရွှေပြည်နန်းသနပ်ခါးဟာ အသားအရေမှာဖြစ်တတ်တဲ့ရောဂါမှန်သမျှ ကုစားပေးနိုင်ကြောင်းလည်းပြောရာ ကျွန်မ 'ရွှေပြည်နန်းသနပ်ခါးဘူးတွေထဲက နံ့သာဖြူသနပ်ခါး'လေးကို တစ်ပတ်လောက် မနက်/ည ပုံမှန်စမ်းလိမ်းလိုက်တဲ့အခါ ကျွန်မမျက်နှာပေါ်မှ ယားယံမှုတွေ အနည်းငယ်သက်သာလာပါတယ်။ အားမလျှော့ဘဲ မနက်/ည ပုံမှန်ဆက်တိုက် လိမ်းလာလိုက်တာ ယားယံမှုတွေ ပျောက်ကင်းသွားတဲ့အပြင် အမည်းစက်တွေပါပျောက်ကင်းလာပြီး ကျွန်မမျက်နှာလေးဖြူစင်ဝင်းပလာတာပါပဲ။ ကျွန်မအရမ်းကို ဝမ်းသာပျော်ရွှင်ခဲ့ရပါတယ်. . .

ဒေါ်အာအာနွယ်(အလယ်တန်းပြ)၊ အ.လ.က(ခွဲ)၊ ကျေးအင်းထုံးဘို၊ တောင်ငူမြို့။

ထပ်ဆင့်ထောက်ခံသူ ။ ။ ဒေါ်ယဉ်ယဉ်အေး(ကျောင်းအုပ်ဆရာမကြီး)၊ အ.လ.က(ခွဲ)၊ ကျေးအင်းထုံးဘို၊ တောင်ငူမြို့။

ဒေါ်အာအာနွယ်
(အလယ်တန်းပြ)

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈(H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ရေးသားပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်။)

မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၄၁၁၃၂၊ စာတည်းအဖွဲ့ ၀၆၇-၃၄၁၁၃၆၊ မန်နေဂျာ ၀၆၇-၃၄၁၁၃၈၊ ရန်ကုန်ရုံးခွဲ-အမှတ်(၂၁)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

